
www.burmeseclassic.com

# စဝ ဒနုင်းစ

## လွှမ်းနေသူရဲ့ ရယ်စရာမျက်နှာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# ဒိနိုင်းခ

# လွမ်းနေသူရဲ့ ရယ်စရာမျက်နှာ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၆၈၇၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၇၄၁၁၀၇

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ မတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




မိုက်ခနဲ မိုက်ခနဲဖြစ်သွားအောင် နှလုံးသားကို သူက လာဆောင့်တာကွ၊ အဲဒါ အချစ်လို့ ခေါင်းစဉ်တပ်ရမှာလား၊ သွေးတိုးသလို မူးဝေသွားအောင် အချစ်ဆိုတာကြီးက လာလာနှောင့်ယှက်တာတော့ ဘယ်ကောင်းမလဲ

ကွမ်းတံတွေးစင်လို့ ပေရေသွားတဲ့ အင်္ကျီတစ်ထည်ဆိုရင်လည်း အစွန်းချွတ်လို့ လွယ်ပါတယ်။ မီးပေါက်သွားတဲ့ ပုဆိုးတစ်ထည်ဆိုရင်လည်း ပြန်ဖါလို့ လွယ်သေးတယ်လေ။ အခု ဖြစ်နေတာက နှလုံးသား. . .ခက်တာကရင်ဘတ်ကြီးထဲက အဲဒီ နှလုံးသားဆိုတာ ကျောက်တုံးမဟုတ်ဘူးဆိုတာကို မင်းသိဖို့ ကောင်းပါတယ်။ နှလုံးသားဆိုတာကြီး သန့်စင်သွားအောင် အိုမိုတွေ အိုဆိုတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြှုပ်ထပြီး ဆေးလို့မရဘူး။ ပေါက်ပြဲသွားလို့ ပြန်ဖါ ရအောင် ထည်း အခက်၊ ကောင်းတာတစ်ခုက အဲထိနာထားတဲ့ နှလုံးသားကို သွေးတိတ်အောင်လုပ်ဖို့ မင်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်မယ် ထင်ပါတယ်။

ဆုပ်ကိုင်ဖျက်ဆီးလို့မရတဲ့ သောကတို့ အလွမ်းတို့ ဝေဒနာတို့ဆိုတာ မျက်လုံးတွေ နားတွေက စိမ့်ဝင်လာတော့ ငါ့နှလုံးသားက ဘယ်ခံနိုင်မလဲကွာ။

လူ့သားတစ်ယောက်အနေနဲ့ လူသားဆန်ဆန် လွမ်းချင်တာပေါ့။ ဒါပေမဲ့ လွမ်းနေသူက ရယ်စရာမျက်နှာရှိနေတော့လည်း . . .

တောင်တန်းတွေပေါ်မှာ မဟုတ်ပါဘူး။ ဦးခေါင်းတွေပေါ်မှာပဲ ရေဒါမတပ်ဆင်ထားပေမယ့် ပစ်မှတ်ကို ထိမှန်ပါတယ်။

စက္ကူမြွားက သူမဦးခေါင်း ဆံနွယ်ကြားကို စိုက်ဝင်နေသည်။ စိတ်ထဲကတော့ (ဘုရားစူ)လို့ ကြိတ်ကြုံးဝါးလိုက်သည်။

အဲဒီအချိန် အသက်အရွယ်က ၁၆ နှစ်မပြည့်တပြည့် အတန်းပညာက ဆယ်တန်းကျောင်းသားဘဝ အချိန်ကာလက။ ကျောင်းဖွင့်ပြီး ခြောက်လကြာကြာ။

ပြန်ပြောရမယ်ဆိုရင် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ အများနဲ့မတူအောင် ထူးခြားလှပတဲ့ သူ့ရဲ့စရိုက်အေးအေးလေးကို နှစ်သက်မိလို့ပေါ့။ ကျောင်းကိုလာတိုင်း ကျွန်တော်သိမ်သဘောကျ





တဲ့ ပါးကွက်ပါးပါးလေးနဲ့ ကောင်မလေးကို ကျွန်တော်က ဘိုမရုပ်ကလေး သနပ်ခါးလိမ်းထားတယ်လို့ မကြားဟကြားစပါတယ်။

သူနဲ့ ကျွန်တော်က ဆန့်ကျင်ဘက်စည်းမျဉ်းတွေနဲ့ ကျော်ကြားသူပါ။ လမ်းလွှဲခံရတဲ့ သံလမ်းနှစ်စုံလို့လဲ တဖြည်းဖြည်းဝေးကွာတာ ကျွန်တော် သိပါတယ်။ ဟုတ်တယ်လေ။ သူမက ကျွန်တော်တို့ကျောင်းရဲ့ တစ်စင်းတည်းသော အအေးမြဆုံး လမင်း။ ကျွန်တော်ကတော့ ဆရာတွေ မပါ့ပါ ဆရာမ တော်တော်များများနဲ့က ကျွန်တော့်ကိုတွေ့ရင် ကြွက်သေပုတ်တစ်ခုလို အမြဲနှာခေါင်းရှုံ့တတ်သည်။

တစ်ခုတော့ ရှိတာပေါ့လေ။ ကျွန်တော်ကတော့ ဒီကျောင်းရဲ့ ပရဝုဏ်မှာ လည်ပတ်လှုပ်ရှားနေရတဲ့ နေမင်းရဲ့ယန္တရားတစ်ခုအဖြစ် အသိအမှတ်ပြုခံရသည်။ ဒါပေမဲ့ . . . .

ဆရာတွေက ထစ်ခနဲဆို "တေဇရေ ကျောင်းဘောလုံးအသင်းဖွဲ့မယ် မင်းဦးစီးလိုက်"

"ဟေ့ကောင် ကျဘမ်းစကားပြိုင်ပွဲရှိတယ် မင်းမနက်ဖြန်ပြင်ဆင်ထား"

အဲဒီလို ဆရာတွေနဲ့ သင့်မြတ်လှသည်။ ကဲ ဒါတွေထားပါ ဇာတ်လမ်းကို ပြန်ဆက်ရရင် သင်နေတဲ့ ဆရာမက သမိုင်းဆရာမ ဒေါ်ခင်လှချို၊ အရုပ်ပုပု၊ မျက်နှာဝိုင်းဝိုင်း မျက်နှာကြော တင်း



www.burmeseclassic.com

www.burmeseclassic.com



သလောက် စည်းကမ်းကြီး အရိုက်ကြမ်းလှသည်။ အသံကလည်း ဩဇာအာဏာနဲ့ ပြည့်စုံပါသည်။ မထင်ရင် မထင်သလို ပက်ပက်စက်စက်လည်း ပြောတတ်ပါ သည်။

ဆရာမက စာသင်ရင် ငြိမ်သက်အာရုံဝင်စားနေမှ ကြိုက်သည်။ ဒါ သူ့ဥပဒေ၊ ကျွန်တော်ကလည်း ဒီနေ့မှ ဘယ်လိုက ဘယ်လို ဖြစ်သွားသည်မသိ စည်းကမ်းပိုင်းဆိုင်ရာ အမြဲအားနည်းတဲ့ ကျွန်တော်က စက္ကူမြှားလေးကို သူမဆီ ချိန်ရွယ်ပစ်လွှတ်လိုက် ပါသည်။

"ဟာ သွားပြီနဲ့တူတယ်"

တင်ရွှေအောင်က မကြားတကြားပြောသည်။ ဟုတ်ပါတယ် သူမ ဘေးနားမှာ ထိုင်နေတဲ့ ရီရီစိုးနဲ့ မာလာခိုင်က လှည့်မကြည့်ပဲ ကျွန်တော့်လက်ချက်မှန်း သိနေမှာပါ။ ကျွန်တော်ကလည်း ဒီလောက်နာမည်ကြီးသည့် သူမက ဒီနှစ်မှ ပြောင်းလာသည့် ကျောင်းသူအသစ်၊ ကျွန်တော် တို့ အတန်းပိုင်ဆရာမ ဒေါ်လွင်သီတာနဲ့ ပတ်သက်ပြီး ဒီကိုရောက်လာ တာပါ။ ရီရီစိုးနဲ့ မာလာခိုင်က ကျွန်တော်တို့အုပ်စုနဲ့ မဘည့်။ (ငွင်)ထဲ ဝင်လာပြီဆိုတဲ့ သဘောနဲ့ သူမလက်ထဲက စက္ကူမြှားကို အနုမြူဗုံးတစ်လုံးလို စူးစမ်းရင်း ရေးကြီးခွင်ကျယ်လုပ်ကာ စစ်ဆေးနေပြီး . . .

"ဆရာမ"





ရီရီစိုးက ဆရာမကိုခေါ်ရင်း မတ်တပ်ရပ်ပါတယ်။ ကျောက် သင်ပုန်းပေါ်က ဒုတိယကမ္ဘာစစ်မီးက အတန်းထဲကို စတင်ကူးစက် ပြီ ထင်ပါတယ်။

ဟော ဘယ်တောင်ပံက ရီရီစိုးမတ်တပ်ထရပ်တော့ ညာတောင်ပံက မာလာခိုင်ကလည်း အတွဲမိမိ မတ်တပ်ထရပ်ပါ တယ်။ ပြီးတော့ ကြည့်စမ်းပါဦး ပြောပုံက ...

"နောက်ကနေ သမီးတို့ကို စက္ကူမြှားနဲ့ပစ်တယ်"

အိမယ် ရာရာစစ တင်စီးလိုက်ပုံက သူတို့နဲ့ဘာမှ မပတ်သက် မှန်း သိရက်နဲ့လေ။ အဲဒါကြောင့် စကားပုံတွေ ပေါ်လာတာ။ ကြက်တူရွေးက တော်တော် မယ်ဘော်က ကဲကဲ ဆိုတာလေ။

ဆရာမက ဟစ်တလာမျက်နှာထားနဲ့ ဒေါသဖြစ်နေတာ ကိုပြတယ်။ အတန်းထဲကို ခြုံငုံပြီးကြည့်ပြီး မျက်လုံးက ကျွန်တော့်ဆီမှာဂိတ်ဆုံးတယ်။

"ဒါ ဘယ်သူပစ်တာလဲ"

ကျွန်တော် ခပ်တည်တည်နဲ့ ဘေးက တင်ရွှေအောင်ကို ဒီကောင် ပစ်သလိုလိုနဲ့ ကြည့်လိုက်တော့ ဒီကောင်က ကျွန်တော့် ခြေထောက်ကို တက်နင်းပါတယ်။ ဆရာမကတော့ ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေပါတယ်။

"ယောကျ်ားတွေ မဟုတ်ကြဘူးလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားက ဘယ်လိုကြီးလဲ။ ဒါတော့ ဆရာမ မကောင်းဘူး ပေါ့။ အဲဒီစကားကြောင့် ကျွန်တော် ပျင်းရိလေးတွဲဟန်နဲ့ မတ်တပ် ရပ်လိုက်ပါတယ်။ ဆရာမက သိနေဟန်နဲ့ သရော်ဟန်ပြုံးရင်း . . .

"ထင်တော့ထင်သားပဲ တို့ ဇာတ်လိုက်ကျော်ကြီးပဲ အတန်းရှေ့ကို ကြွခဲ့ပါဦး ကိုယ်တော်"

ကျွန်တော် ထွက်တော်မူခန်းဟာ ဆိုင်းသံဗုံသံမပါပါ။ အတန်းရှေ့ရောက်တော့ ရီရီစိုးက အချွန်နဲ့ ထပ်မပါတယ်။

"ဆရာမ စက္ကူမြွားမှာ ရည်းစားစာရေးထားတယ်"

ကျွန်တော် ပြုံးမိလိုက်တယ် ထင်ပါတယ်။ ဆရာမက စက္ကူမြွားကို လှမ်းတောင်းပါတယ်။ မာလာခိုင်က ရိုရိုသေသေ ကမ်းပေးပါတယ်။ ဆရာမက အသံထွက်ဖတ်တယ်။

"ဘာတဲ့ မျက်စေ့ထဲကထွက်ကို မထွက်ဖူးဆိုပါလား၊ မောင်တေဇတို့က အလာကြီး ပါလားကွ၊ နို့နံတောင်မစင် သေးဘူး၊အရွယ်လေးတွေက ပြချင်နေပြီ၊ ဂုဏ်ပြုရမှာပေါ့၊ ကဲ ဟိုဘက်လှည့် "

ကျွန်တော်က ကျောက်သင်ပုန်းဘက် မျက်နှာမူလက်ပိုက် သည်။ ဆရာမက ကြိမ်လုံးယူတော့ ...

"လုံချည်လှန်ပေးရဦးမှာလား ဆရာမ"

ကျွန်တော်စကားကြောင့် ရယ်သံတွေကြားရပြီး ဆရာမရဲ့





ကြိမ်လုံး က ကျွန်တော်ခေါင်းဆီရောက်တယ်၊ မနှစ်ကအထိတော့ ဆရာမက လုံချည်လှန်ရိုက်တုန်းပါ။

"မင်းဟာလေ ဘယ်လိုဆုံးမ ဆုံးမ မရတဲ့ကောင်"

"ဘောင်းဘီ ပါ ပါတယ် ဆရာမရဲ့"

"ကဲ မင်းဟိုဘက်လှည့်စမ်းပါ"

"ခဏ ဆရာမ"

ရိုက်မယ်လုပ်ဖို့ ချိန်ရွယ်နေပြီမှ ဆရာမက ကျွန်တော့် စကားကြောင့် ကျွန်တော်အရိုက်ခံရမှာကြောက်လို့ ဉာဏ်ဆင်နေ သည်ထင်နေပုံရပါသည်။ ကျွန်တော်က ဆရာမရဲ့အပြစ်ပေးပုံကို သိနေတာကြောင့် ...

"ကျွန်တော်ကို ဘယ်နှစ်ချက်ရိုက်မှာလဲ ဆရာမ"

"အေး မင်းကိုဆယ်ချက်ရိုက်မယ်၊ ငါးချက်က စာသင်နေချိန် စည်းကမ်းပျက်မှုကြောင့်၊ ကျန်ငါးချက်က ဒီလိုအရွယ်မှာ မင်းနှာစိတ်ထားလို့ ပေါ့"

အတန်းသားတွေက ဆရာမစကားကြောင့် ရယ်နေကြပါတယ်။

"တစ်"

"ဖြန်း"

တော်တော်နာတဲ့ ရိုက်ချက်ပါ။ ကြိမ်လုံးအသံကိုက လေထဲမှာ ဝီခနဲ ဝီခနဲ နောက်တော့ အစဉ်ကျကျ ထွက်ပေါ်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်"
"ဖြန်း"
"သုံး"
"ဖြန်း"
"လေး"
"ဖြန်း"
"ငါး"
"ဖြန်း"
"ခြောက်"
"ဖြန်း"
"ခုနစ်"
"ဖြန်း"
"ရှစ်"
"ဖြန်း"
"ကိုး"
"ဖြန်း"
"တစ်ဆယ်"
"ဖြန်း"
"ကဲ မင်းသွားလို့ရပြီ နောက်ကို ဒီထက်နာမယ်မှတ်"





ကျွန်တော်က မသွားသေးဘဲ ရပ်နေတော့ . . .

"ဟဲ့ သွားတော့လေ"

"ဒီလိုရှိတယ် ဆရာမ နောက် ကျွန်တော် ကြုံလို့ဖြစ် မှု တစ်ခုလုပ်ခဲ့ရင် ကျွန်တော် အရိုက်မခံရတော့ဘူးပေါ့နော်"

ဆရာမက နားမလည်ဟန်ရှိသည်။

"ပထမ ငါးချက်က စည်းကမ်းပျက်လို့ဆိုတာ မှန်ပါတယ် နောက် ငါးချက်က မှားနေတယ်ဆရာမ ...."

"ဩော်... မင်းက ငါ့မျက်စေ့နဲ့ ကိုယ်တိုင်မြင်နေရတဲ့ ဟာကို တောင် ငြင်းချင်သေးတယ်ပေါ့ ....ဒါ မင်းရေးထားတာ မဟုတ်ဘူး လား ...."

ကျောင်းသားတွေက ဆရာမနဲ့ ကျွန်တော့်စကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ဆရာမက စားပွဲပေါ်က စက္ကူမြား ဘေးတန်းမှာရေးထားတဲ့ မျက်စေ့ထဲက ထွက်ကိုမထွက်ဖူးဆိုတဲ့ စာတမ်းကိုပြသည်။

"ဟုတ်ပါတယ် ကျွန်တော်ရေးထားတာအမှန်ပါ စာက မဆုံးသေးဘူး ဆရာမ၊ အောက်မှာတစ်ကြောင်းရှိသေးတယ်"

ကျွန်တော်က မျက်စေ့ထဲက ထွက်ကိုမထွက်ဖူးရေးထားတဲ့ စက္ကူမြားရဲ့ အောက်အတွင်းဘက် တစ်ဆစ်ခေါက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စာတမ်းကို ဖြန့်ကာ ပြသည်။

ဆရာမက အသံထွက်ဖတ်ပါတယ်။

"အမှိုက်"

အဓိပ္ပါယ်အပြည့်အစုံကို သိရှိသွားတော့ အခုမှ သဘောပေါက်ကာ အခန်းထဲမှာ ကျိတ်ရယ်သံတွေကြားရသည်။ ကျွန်တော်ကလည်း ပြုံးစေ့စေ့ ဆရာမက မအီမလည်မျက်နှာနဲ့ ကျွန်တော့်ခေါင်းကို နှစ်ချက်သုံး ချက်ခေါက်ပြီး ....

"ကဲ သွားထိုင်ပါတော့ ကိုယ်တော်"

ကျွန်တော်ခုံတန်းသို့ အပြန်လမ်းမှာ သူမကို တစ်ချက်ကြည့်လိုက်ပြီး ဆရာမ အလစ်မှာ မျက်စေ့တစ်ဖက်မှိတ်ပြလိုက်ပါတယ်။ သူမက ကျွန်တော့်ကို အံ့သြစရာ သတ္တဝါတစ်ကောင်ကိုကြည့်သလို ကြည့်နေပါတယ်။





ဒီလိုနဲ့ အတန်းထဲက ကောင်မလေးနဲ့ ကျွန်တော်ဟာ ရင်းနှီးသလို မရင်းနှီးသလို နေလာခဲ့ပါတယ်။

တစ်နေ့ ကျွန်တော်ရဲ့ ငယ်ပေါင်းသူငယ်ချင်းလည်းဖြစ် အတန်းဖော်လည်းဖြစ်တဲ့ မင်းထွဋ်က အခုလိုပြောပါတယ်။

"မိုးမခ မျက်နှာလေးကို ကြည့်လိုက်မိရင် ငြိမ်းချမ်းအေးမြတဲ့ ခံစားချက် ရင်ထဲမှာ အလိုလို ဖြစ်မိတယ် တောဇ...."

ဟုတ်တော့ ဟုတ်ပါတယ်။ ဆောင်းရာသီရဲ့ နှင်းစက်တွေကြားမှာလည်းလှတာပဲ နွေအလယ်မှာ နေပူပူ အပူငွေ့နဲ့ ချွေးစိုစို စိုနေပါစေ သူမက လှပါတယ်။ တစ်ကယ်ပါ။ မိုးစက်ပိုးမွှန်တွေကြားက သူမလှနေတာကိုလည်း ကျွန်တော်သိတာပေါ့။ တစ်နေ့ ခုန်စားဆင်းချိန်မှာ ကျွန်တော် အတန်းထောင့်က သောက်ရေအိုးစင်မှာ ရေသွားသောက်ပါတယ်။ ကျွန်တော်ရေသောက်နေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘေးမှာ ကျောင်းတော်ရဲ့ တက်သစ်စ ကြယ်ပွင့်လေးဟာ လာရပ်တယ်။ သူ့အလိုလိုသိနေတဲ့ ခံစားချက်ကြောင့် ကျွန်တော် လှည့်ကြည့်တော့ .... ကျွန်တော်လှည့်ကြည့်တော့ သူမဖြစ်နေခဲ့ ပါတယ်။ နှုတ်ခမ်းလှလှလေးကို ခပ်ဝိုင်းဝိုင်းဖြစ်အောင် စုထားတဲ့ ကောင်မလေးက တော်တော်ကို စပ်နေဟန်တူပါတယ်။ ကျွန် တော်က ရေတစ်ခွက်အပြည့် ထပ်ဖြည့်ကာ သူမကိုပေးတော့ သူမက အံ့ဩဟန်မျက်ခုံးမြှင့်သည်။

"ကျေးဇူး"

သူမက အဲဒီလိုပြောပေမယ့် ကျွန်တော့်နားထဲမှာ (မဝေးဘူး) လို့ ကြားနေရတော့ ပြုံးချင်စိတ်ဖြစ်လာဝယ်။

အချိန်ကာလ နေ့ရက်တွေကို လက်တွဲပြီး အတိတ်ဆိုတာ ကြီးကို ကျော်တက်လာပါတယ်၊ သူနဲ့ ကျွန်တော်ဟာ ခင်စမင်စ ပြုလာပါတယ်။ ဘယ်သူမှ မသိအောင် ခိုးခိုးကြည့်မိတဲ့အခါ အမှတ်တမဲ့ သူမ လှမ်းလှမ်းကြည့်တာနဲ့ ကြုံရင် ပြုံးစေ့စေ့နဲ့ ငါသိတယ်နော်ဆိုတဲ့ သဘောနဲ့ သူမကရိပ်မိဟန်ရှိသည်။

ဆတ်စလူးခါတဲ့ ရင်ခုန်သံတွေကို ဘယ်သူမှမသိအောင် လှုတတ်ကြီးလုပ်ပြီး ကျွန်တော်သိမ်းထားလိုက်တာ ကျွန်တော်ပဲ သိတာပေါ့၊တစ်နေ့ ပန်းတွေပွင့်ပြမယ်လို့ ယုံကြည်နေတဲ့ သစ်ပင်လို အချိန်အခါတော့ ကျွန်တော် စောင့်ရမှာပေါ့နော် ကျွန်တော်တို့





အသက်အရွယ်နဲ့ ပညာရေးကြောင့် ကျွန်တော် 'အချစ်' ဆိုတာကို ခပ်တည်တည်နဲ့မေ့လိုက်နိုင်ကြပါတယ်။

ခင်မင်ရင်းနှီးလာတော့ မိုးမခက ကျွန်တော်ကို 'အရုပ်ထုပ်' လေးလို့ နောက်ပါတယ်။

တစ်ရက်မှာပေါ့။ ကျွန်တော့်ကို ကျောင်းအုပ်ဆရာကြီးက ခေါ်တယ်ဆိုလို့ ကျွန်တော်ရင်ကော့ ခေါင်းမော့ပြီး (ဆရာကြီးအခန်း ထဲသို့ မဝင်ရဲပါဘူး) ဆရာကြီးကိုတော့ ကျွန်တော်တကယ်လန့် သည် ။ကျွန်တော်ရောက်တော့ ဆရာကြီးက စာအုပ်ကြီးတစ်အုပ် နဲ့ အလုပ်ရှုပ်နေတယ် (စာအုပ်ကြီးကပဲ အလုပ်ရှုပ်နေတာလား .... ဆရာကြီးပဲ အလုပ်ရှုပ်နေတာလားမသိပါဘူး) ခပ်လှမ်းလှမ်းမှာ အတန်းပိုင်ဆရာမ ဒေါ်လွင်သီတာနဲ့ သချာၤဆရာမ ဒေါ်မေမေဝင်းတို့ စကားပြောနေကြရင်း ကျွန်တော့် မြင်တော့ ...

"ဟော ဖြဟ္မာဦးခေါင်းရောက်လာပါပြ "

"ဟုတ်ပ့ါ မေမေဝင်းရယ် ဒီကောင်တစ်ကောင်ကို ထိန်းရတာ လူဆိုးလေးရာလောက်ကို ထိန်းရတာထက်ခက်တယ် "

ကျွန်တော်က ရယ်ကြဲကြဲပါပဲ ၊စိတ်ထဲကလည်း (ငါ့ ကိုယ်ငါ ပုဂံခေတ်က သူရဲကောင်းလေးယောက်ထဲက တစ်ယောက် လောက်စွမ်းနေပြီလားလို့ သံသယရှိချင်စရာ ဟဲ ....ဟဲ)

ဆရာမ ဒေါ်ခင်လှချို့က ကျောင်းခေါ်ချိန်စာရင်းကို စစ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



ဓော့ကြည့်ပါသည်။

သိပ်မကြာခင် ကျွန်တော့်နောက်က မိုးမခရောက်လာတယ်။ အတန်းပိုင်ဆရာမက ....

"သမီး ခဏထိုင်ဦး ဟိုကောင့်ကိစ္စရှင်းလိုက်ဦးမယ် ."

မိုးမခက ကျွန်တော်ကိုကြည့်ရင်း အနားကိုခပ်တိုးတိုးကပ်ကာ ...

"နင့်ကိုခေါ်တာ ဘာကိစ္စလဲ တော်ဇ"

ကျွန်တော်ကလည်း ....

"ငါ့ကို ဆရာကြီးအရမ်း သတိရလို့ဖြစ်မှာပေါ့ဟာ ...."

ကျွန်တော့်စကားကြောင့် ကျွန်တော့်ကို မျက်စောင်းထိုးပြီး ဆရာမတွေအနားမှာ သွားထိုင်ပါတယ်။ ဆရာကြီးက စာအုပ်ကြီးကို ပိတ်ပါတယ်။ ပါဝါမျက်မှန်ကို ချွတ်ကာ စားပွဲပေါ်တင်ရင်း .....

"မင်း ဘယ်လို ကလေးလဲ တေဇ"

ယောကျ်ားလေးလို့လဲပြောရင်လည်း မကောင်းပြန်ဘူး ထင်ပါတယ်။

"မင်းကို ဆုံးမရတဲ့လူတွေလဲ မင်းကြောင့် ဆုံးမနည်းအသစ်ကို ထပ် ထွင်ရမလိုဖြစ်နေပြီ"

ကျွန်တော်က စားပွဲကိုသာငေးစိုက်ကြည့်ပြီး မျက်နှာငယ်လေးနဲ့နေပါတယ်။

"ဆရာကြီးက စိတ်ပျက်ခြင်းအမူအရာကို ကျွန်တော်မြင်သာ



အောင် သိသိသာသာပြပါတယ်။

"ခုနလည်း ငါ့ရှေ့မှာ မင်းအတန်းပိုင်ဆရာမကို လာတိုင်တာ ကြားလိုက်ပါတယ် မင်းတို့အတန်းခေါင်းဆောင် ဘယ်သူ"

"အေးထွန်းကြီးပါ"

"အေး အဲဒီအေးထွန်းရျိုးပါ"

"မဟုတ်ဘူး ဆရာကြီး အေးထွန်း ..."

ဆရာမတွေရဲ့ ကျိတ်ရယ်သံကိုကြားရသည်။

"အေး အေးထွန်းပဲထားလိုက်ပါ ၊ မင်း အေးထွန်းကို ခြောက်ပေး တယ်ဆို"

ခြောက်ပေးရအောင်လည်း အေးထွန်းခန္ဓာကိုယ်က သေးသေး ကွေးကွေးမဟုတ် ထားပါလေ၊ အဲဒါတော့ ဆရာကြီးကို သွားပြောလို့ မကောင်း ....

"မင်းဘာတွေ ခြောက်ပေးတာလဲ တေဇ"

"ဒါက ဒီလိုရှိပါတယ် ဆရာကြီး ."

ဟိုဟာက ဟိုလိုရှိပါတယ်လို့ မပြောမိအောင် စိတ်ကို ထိန်းထားရပါသည်။ တော်သေးတာပေါ့ ဆရာကြီးက မှန်တာကို သံတော်ဦးတင်စမ်း မောင်မင်းလို့မပြောပေမယ့် ဆရာကြီးရဲ့ အကြည့်နဲ့ဟန်ပန်က ကျွန်တော့်မျက်စေ့ထဲမှာ ဆရာကြီးရဲ့ လက်ထဲက ကြိမ်လုံးကြီးသည်လည်း သန်လျက်ဖြစ်လို့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့ ကိုယ်ပေါ်မှာ ဘုရင်အဝတ်အစား အစုံအလင်နှင့် ကျွန်တော်မြင်နေမိပါတယ်။

"ဖြစ်ပုံက ဒီလိုဗျ "

"ဟော့ကောင် တည်တည်တံ့တံ့ပြောစမ်း"

"ဟုတ်ကဲ့ဆရာကြီး အခုလို နည်းစနစ်တွေ တိုးတက်နေတဲ့ခေတ်ကြီးမှာ အတန်းခေါင်းဆောင်တစ်ယောက်အနေနဲ့ ကိုယ့်အတန်းသားတွေကို ထိန်းရာမှာ ရိုးရိုးတန်းတန်းကြီး သွားထိန်းသိမ်းလို့ကတော့ မဓာတာပဲ အဖတ်တင်မယ်လို့ ပြောမိပါတယ်"

ဆရာကြီးက လေးလေးနက်နက် စဉ်းစားပါတယ်။

"ယနေ့ခေတ်ကြီးမှာ မိုက်ခရိုဆော့ခ် ကုမ္ပဏီတွေ အီလက်ထရောနစ် ကုမ္ပဏီတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး နည်းစနစ်အသစ်တွေကို ဖန်တီးတယ်။ အဲဒီလိုပဲ ဆက်သွယ်ရေးနည်းပညာတွေအတွက် ဟိုး ခေတ်ဟောင်းကလို တစ်နေရာနဲ့ တစ်နေရာ လူကိုယ်တိုင်သွားရောက်ရတဲ့ ပို့ဆောင်ရေးနည်းတွေ မလိုတော့ဘူး"

"မင်း လိုရင်းမရောက်တော့ဘူးလား တေဇ"

"ရောက်ပါပြီ ဆရာကြီး ကိုယ့်အိမ်မှာနေပြီး အခြားနိုင်ငံကသတင်းတွေအတွက် ဂြိုလ်တုဆက်သွယ်ရေးနည်းစနစ်တွေက အသုံးဝင်လာတယ်။ အဝေးထိန်းစနစ် ရီမုစစ်စတမ်ပေါ့။





မနက်ကျောင်းစတက်တော့ ဆရာ ဆရာမတွေ အစည်းအဝေးရှိတယ်ဆိုလို့ အတန်းကို ထိန်းသိမ်းဖို့ အေးထွန်းကြီးကို ဆရာမက ဆူညံမနေဖို့ပြောပြီး အပ်ခဲ့တယ်"

"အေးလေ"

"ဆရာကြီးလည်း သိတဲ့အတိုင်း မိန်းမဆိုတာ တစ်ယောက်ထဲရှိရင် ဘာမှမဖြစ်ပေမယ့် တစ်ယောက်ထက်ကျော်သွားရင် ယောကျ်ားတွေရဲ့ နားတောင်အငွေ့ထွက်နိုင်တယ်လို့ ပညာရှိတစ်ယောက်က ပြောဖူးတယ်"

ကျွန်တော့်စကားကြောင့် ဆရာမတွေရဲ့ ပြုံးပြင်သံ တိုးတိုးတိတ်တိတ် လွင့်ပျံ့လာသည်။ ဆရာကြီးကတော့ သူ့အိမ်သူကို သတိရသွားဟန်နှင့် ...

"ဟုတ်တယ် အမှန်တယ်"

"ကျွန်တော် အေးထွန်းကြီးကို ရီမုစစ်စတမ် အကြောင်းရှင်းပြတယ် အေးထွန်းက ဒီနည်းဗျူဟာကိုသဘောကျတယ်။ ပြီးတော့ တစ်ယောက်တစ်ပေါက်ဖြစ်နေတဲ့ အတန်းသားတွေကို ကြည့်ပြီး ဒီနည်းဗျူဟာကို လုံးဝ အခြေအနေမကောင်းမှသာ ထုတ်သုံးသင့်ရင်သုံးမယ်လို့ ကျွန်တော်တို့ရဲ့ ထိပ်သီးဆွေးနွေးပွဲမှာ တင်ပြတယ်။ သူက အတန်းသားတွေကို တိတ်တိတ်နေဖို့ အေးအေးဆေးဆေးပြောတယ် ကျောင်းသားအချင်းချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ့စကားကို နားမထောင်တဲ့အပြင် သူ့ကို ဝိုင်းလှောင်ရယ်လိုက်ပါသေးတယ်"

ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ကျွန်တော်တို့အတန်းရဲ့ နောက်ဆုံးခုံတန်းမှာ ရီမုစစ်စတမ်ကို မဖြစ်မနေသုံးဖို့ အေးထွန်းကို ကျွန်တော် ခွင့်ပြုချက် ပေးလိုက်ပါတယ်"

"အဲဒီတော့"

ဆရာကြီးက စိတ်ဝင်စားစွာ ခါးကိုကိုင်းကာ ရှေ့သို့ ငိုက်ရင်း မေးသည်။

"ကျွန်တော် အဲဒါတွေကိုသိလို့ အသင့်ဆောင်ထားတဲ့ သားရေပင်အထုပ်ကို ဒီကောင်ကို ပေးလိုက်တယ်။ ရီမုစစ်စတမ်အတွက် လက်ရွေးစင်ရွေးချယ်ထားတဲ့ အေးထွန်းခေါင်းဆောင်တဲ့ အဖွဲ့မှာ ခေါင်းဆောင်အေးထွန်း နောက်ပြီး တင်ရွှေအောင် အေးသောင်တို့ရဲ့ လက်ဖြောင့်တပ်တွေက အသံထွက်တာနဲ့ ထွက်တဲ့သူကို ကန်တော့နော် (တင်ပါး) ကြီးပဲရွေးပစ်ခိုင်းခဲ့ပါတယ်။ ဘာ့ကြောင့် ဒီနေရာကို ရွေးချယ်ရသလဲဆိုရင်"

"တော် မတော် တော်ပြီ ဟူး"

ဆရာကြီးက လေပူမှုတ်ထုတ်သည်။

"ကဲ ...မင်းရဲ့ နောက်တစ်မှုကိုပြောစမ်း"





"ဘာကိုလဲ ဆရာကြီး"

ဆရာကြီးက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ပြီး ...

"မင်းရဲ့ညွှန်နေတဲ့ မျက်တွင်းက ပြဿနာလေ"

ကျွန်တော် မျက်နှာပေါ်က ဒဏ်ရာကို ယောင်ယမ်းကိုင်ကြည့်ရင်း မိုးမခကို မသိမသာကြည့်တော့ သူမက ပါးစပ်ပိတ်ကာ ကြိတ်ရယ်ပါသည်။ ကျွန်တော်က ချောင်းတစ်ချက် ဟန့်လိုက်ပါတယ်။

"ဒီပြဿနာက ကျွန်တော်တစ်ယောက်တည်း ရှင်းလို့မရဘူး ဆရာကြီး။ အတန်းထဲမှာ နှစ်ယောက်ရှိသေးတယ်"

"ဘယ်သူတွေလဲ"

"လှဦးမောင်နဲ့ တင်စိုးတို့ပါ ပါမှဖြစ်မယ် ဆရာကြီး"

ဆရာကြီးက ကျွန်တော့်ကို ညာဏ်များနေတာလားဆိုတဲ့ သဘောနဲ့ စူးစမ်းနေပါသေးတယ်။ ပြီးတော့ ကျွန်တော်နဲ့မတည့်တဲ့ ကျောင်းစာရေး ကိုနှာဗူး အဲ ကိုကြာဆူးကို လက်ယပ်ခေါ်သည်။ ကိုကြာဆူး [illegible]ကြီးအနားရောက်တော့ ...

"ဆယ်တ[illegible]အက လှဦးမောင်နဲ့ တင်စိုးကို သွားခေါ်... သွား"

ကိုကြာဆူး[illegible] ထွက်သွားတော့ ဆရာကြီးက ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ကျွန်တော်ကို အတန်းပိုင်ဆရာမအား ရည်ရွယ်၍ လှမ်းပြောသည်။

"ဒေါ်လွင်သီတာရေ...၊ ခင်ဗျားကျောင်းသားကတော့ ဖိတ်ဂျို"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့စကားကြောင့် ဆရာမက ကျွန်တော့်ကို ကြုပ်ကြုပ်သတိထားဆိုတဲ့ အကြည့်နဲ့ ကြည့်ပါတယ်။ ဆရာကြီးက ဆက်ပြောပါတယ်၊

"ဟိုတစ်နေ့ကလဲ ကျွန်တော့်ကို မမြင်ဘူး၊ 'ဤကျောင်းဝန်း အတွင်း ဆေးလိပ်မသောက်ရ 'လို့ ရေးထားတာကို မြေဖြူတစ်ချောင်းနဲ့လက်ဆော့ပြီး အကျအနရေးနေတာ၊ နောက်ကနေ ဇက်ပိုးကို အုပ်လိုက်တော့မှ သွားလေးဖြီရင်း လက်အုပ်ချီပြီး ဪ် ဆရာကြီးကို၊ ကျွန်တော်က ဆရာကြီးမှတ်လို့တဲ့၊ ကဲ ... အဲဒါပဲကြည့်၊ ဒီကောင်ထွက်သွားမှ မြေဖြူနဲ့ရေးထားတဲ့စာကို ဖတ်ကြည့်တော့မှ ကျောင်းဝန်းအတွင်း ဆေးလိပ်မသောက်ရဘူးမှာ ဘယ်လိုရေးထားသလဲဆိုရင် 'သောက်ရင် အငွေ့ထွက်မည် ' တဲ့"

ဆရာ ဆရာမတွေက ဆရာကြီးစကားကြောင့် ပြုံးစေ့စေ့ ဖြစ်ကုန်သည်။

အဲဒီအချိန်မှာပဲ အခန်းထဲကို ကျောင်းစာရေးကိုကြာဆွေးနဲ့ ကျွန်တော့်ရဲ့ မိတ်ဟောင်းဆွေဟောင်း အခန်းဖော်တွေ ဝင်လာပါတယ်။ လှဦးမောင်ရဲ့ နှာခေါင်းကြီးက နီရဲနေပြီး တင်စိုးရဲ့နဖူးမှာတော့ ဘုအကြီးကြီး ထနေပါတယ်။

"ပြောကြစမ်းပါဦးကွာ၊ ဖြစ်ပျက်ပုံလေး"

ဆရာကြီးက ငေါ့တော့တော့မေးတော့ ကျွန်တော်က အရင်ဦးအောင် ပြောရပါတယ်။

"ဒီလိုပါ ဆရာကြီး၊ အစပထမဦး နဂိုအစက ပြောရမယ်ဆိုရင်..."

"ဟေ့ကောင်၊ လိုရင်းပြော ..."

ဆရာကြီးက စိတ်မရှည်ဟန်နဲ့ ခပ်ပြတ်ပြတ်ပြောပါသည်။

"ကျွန်တော်တို့ အခန်းထဲမှာ ပထဝီဆရာမ အတန်းမဝင်နိုင်တော့ ကျွန်တော်တို့ အချိန်အားနေတာနဲ့ ဉာဏ်စမ်းစကားတစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မေးမိကြတယ်"

"ဆိုပါဦး ..."

ဆရာကြီးက စိတ်ဝင်စားဟန်ရှိကာ ခုံကို ရွှေ့တိုးပြီး ပြောသည်။

"လှဦးမောင်နဲ့တင်စိုးက တစ်ဖက်၊ ကျွန်တော်က တစ်ဖက်ပေါ့လေ၊ ထွန်းကြီးရယ်၊ မင်းထွဋ်တို့အုပ်စုက ဒိုင်တွေအဖြစ် ဆောင်ရွက်ပေးပါတယ်"

ကျွန်တော်က အာခြောက်လာတာကြောင့် တံတွေးမြို့ချရပါသေးတယ်။

"သူတို့နှစ်ယောက်က အရင်မေးပါတယ်၊ အဲ ...လှဦးမောင်ပေါ့၊ သူက ဘာမေးသလဲဆိုရင် မင်း တစ်သောင်းအလီအထိ ရလားတဲ့၊ ကျွန်တော်က ရတယ်လို့ ပြောပါတယ်၊ ရရင်ဆိုပြတဲ့"

ဆရာကြီးက အထင်ကြီးဟန်နဲ့ ကျွန်တော့်ကို ခေါင်းတညိတ်







www.burmeseclassic.com

www.burmeseclassic.com



ညိတ်နဲ့ ကြည့်ပါတယ်။ ကျွန်တော်က ဆိုပြတာပေါ့။

"တစ်သောင်းတစ်လီ တစ်သောင်း၊ တစ်သောင်းနှစ်လီ နှစ်သောင်း။ တစ်သောင်းသုံးလီ သုံးသောင်း"

"တော်ပါတော့ကွာ၊ ယုံပါပြီ"

ဆရာကြီး တားနေလို့ပေါ့၊ သူက တစ်သောင်းဆယ့်နှစ်လီအထိ ဆိုပြဖို့ အသင့်။

"ဒွး ... တော်တော်လဲ တတ်နိုင်တဲ့ကောင်ပဲ၊ ဆက်ပြောစမ်းပါဦး"

ကျွန်တော်က ခေါင်းညိတ်ပြပါသည်။

"နောက်မေးခွန်းတစ်ခုကို တင်စိုးက မေးပါတယ်၊ မနေ့က သူ့လမ်းမှာ တွေ့တယ်တဲ့၊ ကားရှေ့က ကျောင်းသူတစ်ယောက် ဖြတ်သွားတော့ ကားသမားက အတွင်းကွေ့ရှောင်လိုက်တော့ ကားက မှောက်ခုံကြီး ဖြစ်သွားတယ်တဲ့"

"ဟာ ... ကျွတ် ကျွတ်..."

ဆရာကြီးက စိတ်မကောင်းဟန်နဲ့ စုတ်သပ်တော့ ကျွန်တော်က ရယ်ရင်း ...

"ကျွန်တော်က ပြန်ဖြေလိုက်ပါတယ်၊ ကားတွေက ပက်လက်မှ သွားလို့မရတာလို့၊ မှောက်ခုံပဲ သွားလို့ရမယ်လို့"

"ဟေ ..."





ဆရာကြီးက အငိုက်မိသွားပြီး မျက်မှန်ပင့် စဉ်းစားနေပြီးမှ ...

"ဟုတ်သားပဲ၊ ပက်လက်မှ မရှိတာ၊ အင်း ... ဟုတ်တယ်၊ လုပ်စမ်းပါဦးကွ"

ကျွန်တော် ခြုံငုံအကဲခတ်တော့ ဆရာ၊ ဆရာမတွေကပါ ကျွန်တော် ထပ်ပြောလာမယ့်စကားကို စိတ်ဝင်စားဟန် ရှိပါသည်။

"ဒီတစ်ခါ ကျွန်တော့်အလှည့်ပေါ့၊ ကျွန်တော်က ပြောပါတယ်၊ အခန်းထဲမှာ သားအဖနှစ်ယောက် စကားပြောသံကြားလို့ အပြင်က လူတွေက အခန်းထဲကို သွားကြည့်တော့ သုံးယောက်ဖြစ်နေတယ်တဲ့၊ အဲဒါကို ဒီကောင်တွေက မယုံဘူး ဖြစ်နေတယ် ဆရာကြီး၊ ဟာ မဖြစ်နိုင်ဘူးတဲ့"

"သားအဖနှစ်ယောက် စကားပြောတာကို ...၊ ဟုတ်လား"

ဆရာကြီးကပါ သံယောင်လိုက်မေးသည်။ မျက်ခုံးကြီးတွန့်သွားအောင်သည်း ဆရာကြီးက တွေးပါတယ်။

"ဟုတ်ပါတယ်၊ အဲဒီအပြင်းအခုန်ကနေ ကျွန်တော်နဲ့သူတို့ ထိုးကြ ကြိတ်ကြ ဖြစ်ကြတာပါ ဆရာကြီး"

ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်နေရင်းမှ အသိတရား ပြန်ဝင်လာပုံနဲ့ ...

"ရန်ဖြစ်တာက ရန်ဖြစ်တာပဲ၊ မင်းတို့ကို ဒဏ်ပေးရမယ်၊ ကဲ သုံးယောက်လုံး ဟိုဘက်လှည့် ..."



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံး တွန့်သွားပါတယ်။ နောက်ဆုံးတော့ ဆရာကြီးက တစ်ယောက်ကို ငါးချက်စီ ကြိမ်ဒဏ်ချမှတ်ပါတယ်။ ဆရာမတွေကတော့ ကျွန်တော်တို့ အရိုက်ခံရတာကို အရသာခံပြီး ကြည့်ပါတယ်။ ရိုက်နှက်ဆုံးမတဲ့အခန်းပြီးတော့ ....

"တေဇ ၊ မင်းမသွားနဲ့ဦး၊ ဟိုနှစ်ကောင်ပြန် .."

ဆရာကြီးက ကျွန်တော့်ကိုကြည့်ကာ ခေါင်းတဖြည်းဖြည်း ညိတ်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပုံရပါတယ်။

" တစ်လက်စတည်း ဟိုသမီးလေး လာပါဦး"

မိုးမခက ကျွန်တော့်ဘေးမှာ လာရပ်တယ်။

"သမီးတို့ အတန်းပိုင်ဆရာမက ဆရာကြီးကိုပြောတယ်၊ သမီး မြန်မာအက ကောင်းကောင်းကတတ်တယ်ဆို"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော် သူမ ကတတ်တယ်ဆိုလို့ အံ့သြရပါတယ်။

"ဒီနှစ် နှစ်ပတ်လည် ဆုပေးပွဲအခမ်းအနားနဲ့ ကျောင်းဆောင်သစ်ဖွင့်ပွဲအတွက် ဆရာကြီးတို့ အစီအစဉ်တစ်ခုလုပ်ထားတယ်။ အငြိမ့်ပွဲလေးတစ်ပွဲပေါ့။ ဒေါ်လွင်သီတာက သမီး ကျွမ်းကျွမ်းကျင်ကျင် ကတတ်တယ်လို့ ပြောတယ်။ ကဲ အငြိမ့်မင်းသမီးတော့ ရပြီ၊ လူရွှင်တော်ကိုတော့ အခုဖြစ်တဲ့ ကိစ္စတွေနဲ့ပဲ ဒီကောင်ကို ခိုင်းရမှာပဲ ကျန်တဲ့လူရွှင်တော်တွေတော့ မင်းရွေးကွာ ဟုတ်လား"





ကျွန်တော်ကလည်း အာမခံရဲပါတယ်။

"ပွဲပြီးလို့ ဆရာကြီးမကြိုက်ရင် ကျွန်တော့်ကို စာမေးပွဲ မဖြေခိုင်းပါနဲ့"

"ကြည့်သေးတာပေါ့ကွာ ဇာတ်စင်ပေါ် ရောက်မှ အိုးနင်းခွက်နင်း ဖြစ်ရင် မင်းနဲ့ငါအသိပဲ၊ ကဲ ... ကိုယ့်အခန်းကိုယ် ပြန်ကြတော့"

ကျွန်တော်နဲ့မိုးမခ အတူတူ ရုံးခန်းထဲက အထွက် ...

"တေဇ...နေဦး"

မိုးမခကပါ ကျွန်တော့်နည်းတူ ရပ်လိုက်ရင်း ဆရာကြီးဘက် လှည့်ကြည့်ပါတယ်။ ဆရာကြီးကလည်း အခုလို ပြောပါတယ်။

"မင်းပြောတဲ့ သားအဖနှစ်ယောက်က သွားကြည့်တော့ ဘာလို့ သုံးယောက်ဖြစ်သွားရတာလဲ"

မိုးမခကလည်း ကျွန်တော့်ကို ကြည့်သည်။ ရုံးခန်းထဲက ဆရာ၊ ဆရာမတွေကလည်း ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က ဆရာကြီးကိုပဲ ကြည့်ပါတယ်။

"ဒီလိုပါ ဆရာကြီး၊ သားက တစ်ယောက်၊ အဲဒီသားရဲ့အဖေက တစ်ယောက်၊ သားအဖေရဲ့အဖေက တစ်ယောက်၊ အမှန်က အဘိုးပေါ့၊ ဘယ်ဘက်ကတွေးတွေး သားတစ်ယောက်၊ အဖေနှစ်ယောက် ဆိုပေမယ့် ရှိနေတာက သားအဖနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်တွဲဖြစ်နေတယ်၊ အဲဒါကြောင့် လူသုံးယောက်ကို ပေမယ့် သားအဖနှစ်ယောက်လို့ ပြောလို့ရတာပေါ့"

"ဩော် ..."

ဆရာကြီးက အတွေးတွေနဲ့ ငြိမ်းစားခန်းဖွင့် ကျန်ရစ်ပါတယ်၊ ဆရာ၊ ဆရာမတွေကလည်း အပြန်အလှန် ဆွေးနွေးကြပါတယ်၊ (အဲဒီတုန်းက ကလေးအတွေးနဲ့ ကျွန်တော်တို့ ပျော်ခဲ့ကြတယ်)

မျှော်လင့်ချက်တွေကို ကိုယ့်ရင်ဘတ်မှာ ကိုယ်ချည်ပြီး ခရီးဆက်ဖို့ အသင့်ပြင်နေကြတဲ့ အရွယ် ...။

ကျွန်တော်တို့ သတင်းတွေ ကျောင်းတစ်ကျောင်းလုံး ကူးစက်သွားပါတယ်။ ခေတ်သစ်မောင်ရွှေရိုးနဲ့ အငြိမ့်မင်းသမီးရဲ့ ဇာတ်လမ်း ဇာတ်ခင်ပေါ် ရောက်မှ ပိုအသက်ဝင်မှာပါ။

သံယောဇဉ် ခြေလှမ်းတွေက ကျဲလွန်းပါတယ်။ အလာစိတ်တဲ့ ရင်နှိုက်သံတွေက နှလုံးသားကို ဒုက္ခပေးလွန်းသည်။





စန္ဒရားတီးနေရာမှရပ်ပြီး နုတ်ကိုပြန်ပြင်ရေးရပြန်သည်။ အချိန်ရတုန်း ကျွန်တော့်အကြောင်းကို ကြော်ငြာဝင်ချင်ပါသည်။

အဖေနဲ့ အမေက အနုပညာဝါသနာပါသည်။ ဒါပေမဲ့ အနုပညာရှင်ကြီး မဟုတ်ကြပါဘူး။ အဖေက ဘုရင့်နောင်ဈေးမှာ ကားအပိုပစ္စည်းရောင်းတဲ့ဆိုင် ဖွင့်ထားပြီး အမေက ရုံးဝန်ထမ်းတစ်ဦးပါ။ ကျွန်တော်ရဲ့ တစ်ဦးတည်းသော အစ်မက နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေသည့် လက်ထောက်ဆရာဝန်တစ်ယောက်၊ ကျွန်တော့်ဘေးခြံက မြန်မာသီချင်းရေးဆရာကြီး ဇနီးယာဉ်းတင်မောင်မှာ ငါးတန်းကျောင်းသားဘဝထဲက စတင်ခဲ့ပါတယ်။ စန္ဒရားတီးရတာ ဝါသနာပါသလို လူရွှင်တော်တစ်ယောက် ဖြစ်ချင်စိတ်လည်း သိတတ်လာကတည်းက ကပ်ပါလာခဲ့သည်။ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဟောင်းလူရွှင်တော်ကြီးတွေရေးတဲ့ ဇာတ်ပိုပေစ ခေတ်သစ် လူရွှင်တော်တွေရဲ့ အငြိမ့်ဇာတ်ခုံပေါ်က VCD ချပ်တွေ အပြည့်ရှိတယ်။ အားရင်အားသလို ကျွန်တော်လေ့လာခဲ့ပါတယ်။ အခုတော့ အခါအခွင့်ဆိုတဲ့ တံခါးတစ်ချပ်က ပွင့်နေခဲ့ပါပြီ။

အခု ကျွန်တော်ရေးတဲ့ သီချင်းက မှုန်နံ့သာ သနပ်ခါးအလွမ်း။ အရောပြင်ဆင်ရေးပြီးတော့ ကျွန်တော် သီချင်းပေါ် စိတ်နှစ်ကာ တီးမိပါတယ်။ သီချင်းကို တီးနေရင်း အာရုံထဲမှာ စက္ကူမြှားတွေ ပေါ်လာတယ်။ ရေအိုးစင်နားက နှုတ်ခမ်းဝိုင်းဝိုင်းလေးကိုလည်း တွေ့ရပါတယ်။ မွှန်းကြပ်သလိုနဲ့ အေးမြတဲ့ သနပ်ခါးရနံ့ကိုရသလို အသိစိတ်မှာ ဇဝေဇဝါ။

အားအင်ကုန်ခန်းရင်း နောက်ဆုံးအသိမ်းကို တီးအပြီးမှာ လက်ခုပ်သံတွေ ကြားရတာကြောင့် လှည့်ကြည့်တော့ ...

"ဟာ ဆရာ"

မေမေနဲ့ ဆရာက ကြည်နူးကျေနပ်စေတဲ့ အပြုံးနဲ့ လက်ခုပ်တီးနေရာမှ သူ့ထံလျှောက်လာသည်။

"ကောင်းလှချည်လား တေဇ ဘယ်သူ့သီချင်းလဲ"

ကျွန်တော်က ရယ်ကျဲကျဲလုပ်နေသေးသည်။

"ကလေးတစ်ယောက် လက်ဆော့ ထားတာပါ ဆရာ"

"ဩော် အဲဒီလက်ဆော့တဲ့ကလေးက မင်းပဲဖြစ်မယ်ထင်





တယ်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ဆရာ့တပည့်က အနုပညာကို တော်တော် သံယောဇဉ်ကြီးတာ၊ ကျွန်မဟို့မှာ ပြောမရတော့ သူ့စိတ်ကြိုက် လုပ်ခွင့်ပေးထားတာ"

ဆရာ ဦးမောင်မောင်လင်းက ကျေနပ်ပီတိနဲ့ ခေါင်းညိတ်ထောက်ခံသည်။

"အတော်ပဲ ဒီသီချင်းကို ကျောင်းအငြိမ့်ပွဲမှာ ပွဲထုတ်ရမယ်ဟေ့"

"ကျွန်တော်မဆိုဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"ဒီသီချင်းက မိန်းကလေး အဆိုရှင်ဆိုမှ ပိုနားထောင်လို့ကောင်းမှာ၊ ပြီးတော့ သီချင်းက ဆိုင်းဝိုင်းနဲ့တီးရင် ပိုမြိုင်ပြီး ကြွတက်လာမယ် ဆရာ၊ ဒီသီချင်းဆိုမယ့်လူက အသံနိုင်ပြီး စူးစူးနစ်နစ်ရှိမှ ကောင်းမယ်လေ"

"မင်း ဘယ်သူ့ကို ရွေးချယ်ထားလဲ"

ကျွန်တော် စန္ဒရားခလုတ်တစ်ခုကို ဖိနှိပ်လိုက်သည်။ ပြီးတော့ ဆရာကို မော့ကြည့်မိပါတယ်။

"မိုးမခ ဆိုရင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဖျတ်ခနဲ ကျွန်တော့်ကိုကြည့်သည်။ ပီပီပြင်ပြင် မဟုတ်တဲ့ ဆရာ့အပြုံးကြောင့် ကျွန်တော် ရှက်ကိုးရှက်ကန်း ဖြစ်မိပါတယ်။

"မင်း ကောင်းသလို စီစဉ်လေ"

ကျေးဇူးတင်ပါတယ်ဆရာ။ တိတ်တဆိတ်ရင်ထဲကပြောတဲ့ စကားကို ဆရာကြားမှာပါ။





"ဖြစ်ပါ့မလား သားငယ်"

ကျွန်တော်က ချောင်းတဟွတ်ဟွတ်ဆိုးတော့ မေမေက ကျွန်တော့်ရင်ဘတ်ကို ဖိပေးပြီး ဖေဖေ့ကို မော့ကြည့်ပါသည်။

ဖေဖေက သက်ပြင်းချပါတယ်။ ကျွန်တော်က မေမေ့ရင်ခွင်ထဲမှာ မှိန်းရင်း ...

"ဖြစ်ပါတယ် ဖေဖေရာ၊ မနက်ဖြန်ဆို သား နေကောင်းပြီပဲ၊ ပြီးတော့ အခါအခွင့်ရတုန်း သား ကြိုးစားကြည့်ချင်တယ်"

"မင်းမမကို ဖုန်းဆက်ပြီး ခေါ်လိုက်မယ်လေ"

ဖေဖေ့စကားကြောင့် ကျွန်တော်က ရယ်ရင်း ...

"သား အဲဒီလောက်ကြီးလဲ ဘာမှမဖြစ်ဘဲနဲ့ ဖေဖေရယ်၊ တော်ကြာ မမက အလုပ်က မအားဘဲနဲ့ ပေါက်ချလာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဓမအကြောင်းသိနေ၍ ဖေဖေက ဘာမှ ထပ်မပြောတော့။

"အိမ်ရှင်တွေ ဘယ်သွားကြလဲဟေ့"

အိမ်ရှေ့ခန်းက ခေါ်သံကြောင့် ဖေဖေက ...

"ဟော ကိုတင်ဝေ ဖြစ်မယ်၊ ကိုတင်ဝေ ... တော၈ အခန်း ဝင်ခဲ့ဗျို့"

သူ့ရဲ့ဆရာရင်းလည်းဖြစ်၊ သူတို့ဘေးခြံက အိမ်နီးချင်း လူရင် လည်းဖြစ်တာကြောင့် ဖေဖေက အပိုလောကွတ်လုပ်မနေတော့ သူ့အခန်းထဲ တန်းဝင်ဖို့ ခေါ်လိုက်ပါသည်။

ဆရာက ဖေဖေပေးတဲ့ ဖိုက်ဘာခုံမှာ ဝင်ထိုင်ရင်း ခပ်ပြုံးပြုံး

"ထုံးစံအတိုင်း နေမကောင်းဖြစ်ပြန်ပြီလား"

"နည်းနည်းပါးပါးပါ ဆရာရယ် ..."

ကျွန်တော့်ပြောစကားကြောင့် မေမေက သူ့ကို မျက်စော ရှုယ်ရင်း ...

"ဘာ နည်းနည်းပါးပါးလဲ၊ ဖြစ်လိုက်ရင်တော့ ...၊ မပြော တော့ဘူး"

"အမေကြီး ..."

ဖေဖေ့ရဲ့ လှမ်းဟန့်သံကြောင့် ဆရာက ဖေဖေ့က မော့ကြည့်သည်။

"ကိုတင်ဝေလဲ ကြားမှာပေါ့၊ သူ့ကျောင်းမှာ ကပွဲရှိတယ်





ဆရာရေ၊ အဲဒါ သူ့ကို ကျောင်းအုပ်ဆရာကြီးက စီစဉ်ခိုင်းတယ်တဲ့၊ ကိုကမှ ဒီကောင်က ဝါသနာအရမ်းကြီးတဲ့ကောင်၊ အခုတော့ မျောက်လက်ထဲ အုန်းဓီထည့်ပေးလိုက်သလိုဖြစ်နေပြီ"

ဖေဖေ့စကားကြောင့် ဆရာက အသံအကျယ်ကြီးနဲ့ ရယ်ပါ တော့သည်။

"လုပ်ပါစေဗျာ၊ အခွင့်အရေးရတုန်း လုပ်ပလေ့စေ"

"ဟော ...မြှောက်ပေးတဲ့သူက မြှောက်ပေးနေပြန်ပြီ"

ဖေဖေ့စကားကြောင့် ဆရာက သူ့ရဲ့ရယ်သံအကျယ်ကြီးကို အသုံးပြုပါတယ်။

"ဒီကလေး ဘယ်လိုဗီဇပါလာလဲ မသိဘူးဗျာ၊ ကျုပ်တို့မျိုးရိုးထဲ မှာလဲ အနုပညာမျိုးရိုး မရှိပါဘူး၊ အဲဒါကြောင့် သူလုပ်ချင်တာကို ဖြစ်မြောက်အောင် ခင်ဗျားဆီမှာ ကျုပ် အပ်ထားတာပဲ ကြည့်ကို တင်ဝေ"

ဖေဖေ့စကားကို ဆရာက ခေါင်းညိတ်ပြပါသည်။ ပြီးတော့ ...

"ကဲ ...တော၈၊ မနက်ဖြန် မင်းနဲ့ငါ ကပွဲအတွက် အသေးစိတ် ဆွေးနွေးကြတာပေါ့၊ နေကောင်းအောင်နေ ဟုတ်လား၊ ဆရာလဲ ရှိုထဲ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ ..."

ဆရာထွက်သွားတော့ ဖေဖေက အိမ်ရှေ့အထိ လိုက်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မေမေ့ရင်ခွင်ထဲမှာ လှဲနေလိုက်ပါသည်။ လူမှန်းသိစကတည်းက သူ့မှာ ဖျားလိုက်နာလိုက်ဖြစ်တာ မဆန်းတော့ပါ။





ကျွန်တော့် ဆရာရင်း ဦးတင်ဝေရဲ့ ကူညီပံ့ပိုးမှုနဲ့ ကျွန်တော်တို့ ကိုရွှေနိုင်ပိုတို့ ဆိုင်းဝိုင်းကို ငှားရမ်းခဲ့သည်။ ကိုရွှေနိုင်ပိုရဲ့ ဖခင်ဟာ အငြိမ့် လောကမှာ လေးစားလောက်တဲ့ ဆိုင်းဆရာကြီးတစ်ဦးပါ။ ကိုရွှေနိုင်ပိုက လူငယ်ဆန်သည့် ပွင့်လင်းအေးဆေးသည်။ တီထွင်ကြံဆတဲ့ ဉာဏ်ရည် ရှိသည်။ ပြီးတော့ ခေတ်ကိုလည်း မျက်ခြေအပြတ်မခံခဲ့လူ။

ကျွန်တော်တို့ ကျောင်းပိတ်ရက်တွေမှာ ကိုရွှေနိုင်ပိုတို့အိမ်မှာ စုရုံး ကြပါတယ်။ ကျွန်တော် မင်းထွဋ်နဲ့ ဆယ်တန်း (င) က အေးသောင်တို့ ပြက်လုံးတွေတိုက်ကြတယ်။ ကိုရွှေနိုင်ပိုရဲ့ ဖခင်ဆီ အလည်လာတဲ့ တစ် ခေတ်တစ်ခါက နာမည်ကြီး လူရွှင်တော်အဖြစ် ကျော်ကြားခဲ့တဲ့ အဘသန်းက ကျွန်တော်တို့ ပြက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်အပြီး

“ဝေ့ ဒါ ဘယ်သူ့ပြက်လုံးတွေလဲ”

ဆရာဦးမောင်မောင်လင်းက ...

“ဒီကောင်လေး ပြက်လုံးတွေပါ အဘ”

“ဒီကလေး မဆိုးဘူး လူရွှင်တော်ကောင်းတစ်ယောက် ဖြစ်နိုင်ချေများတယ်”

အဘသန်းက ဆုံးမပါတယ်။

“ပြက်လုံးဆိုတာ အမျိုးမျိုးရှိတယ် လူလေးတို့၊ အဘပြောပြမယ် နေရာဒေသကိုကြည့်ရတယ် ပွဲခင်းမယ့် ပတ်ဝန်းကျင်ရဲ့ အခြေအနေကို လေ့လာရတယ်။ တစ်ခါတစ်လေကျတော့လည်း ကြိုမတိုက်ထားဘဲ ကိုယ့်ကို ထောက်ပေးတဲ့ အဖော်ရဲ့ ကောင်းမှုကြောင့် ပြက်လုံးတွေလည်း ပေါ်ချင်ပေါ်လာတာ၊ အဘ ကြုံခဲ့တဲ့ အဖြစ်အပျက်လေး ပြောပြမယ်။ လူလေးတို့ နားထောင်ချင်ကြမလား မသိဘူး”

“ပြောပါ အဘ”

“အဘ ခပ်ငယ်ငယ်ပဲ ရှိဦးမယ် နာမည်လည်း မရသေးဘူးပေါ့ကွယ်။ နယ်ဘက်ကရွာတစ်ရွာရဲ့ အလှူကို ဆိုင်းဝိုင်း တစ်ဝိုင်းလေးနဲ့ ရောက်သွားတာပေါ့။ ရွာရောက်တော့ ရွာဦးဆရာတော်ရဲ့ကျောင်းမှာ မနက်စာ စားကြတာပေါ့ကွာ။ အဲဒီမှာ ကာလသားခေါင်းဆောင်က





အဘတို့ ဝေယျာဝစ္စတွေလုပ်ပေးရင်း ပြောတာပေါ့။ ကျုပ်တို့ရွာက ခပ်ကြမ်းကြမ်းပြက်လုံးတွေမှ ကြိုက်တာတဲ့၊ သူ့ရဲ့ စကားကြောင့် အဘလည်း ထမင်းစားသောက်ပြီးတော့ စဉ်းစားရတာပေါ့’

အဘက မောသွားဟန်ရှိသည်။ ရေနွေးတစ်ငုံသောက်ရင်း ...

“ညရောက်တော့ ဆိုင်းဆရာက ညှို့ခံတီးလုံးတီးပေးပြီးတော့ အဘရယ် အဘသူငယ်ချင်းရယ် ထွက်လာကြတာပေါ့၊ အဘက စပြီဆိုတာနဲ့ (ခွန်းထောက်)စဆိုတာပေါ့။ အဘ မှတ်မိပါသေးတယ်”

ကျွန်တော့်ဘေးက မိုးမခကလည်း အဘစကားကို စိတ်ဝင်တစား နားထောင်နေပါတယ်။

“အဘလည်း စပြီဆိုတာနဲ့ တည်ပါလေရော ဆရာတော် ကျွေးတဲ့ ဆန်၊ ခဲသံတွေ ဝမ်းဗိုက်မှာ ခလောက်ဆန်လို့ ကာလသားခေါင်းရဲ့ စကားပါ။ ကျုပ်ရွာက ကြမ်းတာကြိုက်လို့ ပြက်လုံးတော် အစ ပျိုးလိုက်မယ်။ ကန်တော့ပါ ပွဲကြည့်ပရိသတ်များခင်ဗျာ (--) တဲ့မှပဲ”

အဘစကားဆုံးတော့ ရယ်သံတွေ ဆူညံသွားသည်။ အဘက ပြုံးရင်း . .

“အဘ ခွန်းထောက်လည်းပြီးရော ပရိသတ်က ကြမ်းတယ်ကွာ ကြမ်းတယ်ကွာ ဖြစ်ကုန်ကြရော အဘပြောတဲ့ ပတ်ဝန်းကျင်ရဲ့ အခြေအနေဆိုတာ အဲဒါပဲ”

အဘစကားဟာ မှတ်သားလောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လို ဖြစ်နေတာလဲ မိုးမခ"

ဆိုင်းဝိုင်းကို ခဏရပ်ခိုင်းပြီး သူမကို ပြောရသည်။ သူမက မျက်လုံး ဝိုင်းဝိုင်းလေးနဲ့ ကျွန်တော့်ကို မော့ကြည့်သည်။ ဆရာက ဘာမှဝင်မပြော၊

"နင်က အငြိမ့်မင်းသမီးနော် အနုပညာကို မြတ်နိုးတဲ့မင်းသမီး နင့် ဆန္ဒတွေ ငါသိတယ် မိုးမခ၊ ငါလိုချင်တာ ဒီအသံမဟုတ်ဘူး သီချင်း အပေါ်ထားတဲ့ (MODE) ကိုလည်း ငါမကြိုက်ဘူး။ သီချင်းက ရှင်းရှင်း လေးပါ။ အငြိမ့်မင်းသမီးလေးဟာ သနပ်ခါးကို နှစ်သက်တယ်။ သူ့ကို ချစ်တဲ့ ချစ်သူကလည်း အငြိမ့်မင်းသမီးလေး သနပ်ခါးလိမ်းရင် အရမ်း သဘောကျနှစ်သက်တယ်။ အဲဒါကို အငြိမ့်မင်းသမီးလေးက ပြောပြတာ အခု နင်ဆိုနေပုံက ကိုရင်တွေ





အအံနေသလိုပဲ"

ကျွန်တော့်စကားကြောင့် ရယ်သံတွေကြားရပြီး သူမ ခေါင်းငုံ့ သွားပါတယ်။

"ကဲ ပြန်စမယ် ကိုရွှေ"

ပတ်စာညှိရင်းက ကိုရွှေက ခေါင်းညိတ်ပြသည်။ ပတ်မတီးတဲ့ ဦးကုလားက နှစ်ချက်လောက်ဆင့်တီးပြကာ အသင့်ဆိုတဲ့ သဘော ဆို ပြသည်။

ပြန်စပါတယ်။ မိုးမခက ကျွန်တော့်ကိုလှမ်းကြည့်ရင်း သီချင်းစ ဆိုသည်။ သိပ်မဆိုလိုက်ရပါ။

"တော် . . . တော် မိုးမခ"

ကျွန်တော့်ရဲ့ စိတ်ပျက်လက်ပျက် အမူအရာကြောင့် ဆရာက...

"သိပ်လဲညည်း စိတ်ပျက်မနေပါနဲ့ကွာ နားလည်အောင် ရှင်းပြပေါ့"

"မဟုတ်ဘူးဆရာ သူဘာလို့ရှိန်နေတာလဲ ကျွန်တော် တို့ကို သား အခုရှိနေတဲ့ လူတွေလား ဒါဆို သူစင်ပေါ်ရောက်ရင် ဘယ်လို ဆိုမလဲ"

ကျွန်တော့်ရဲ့ ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထွက်လာတဲ့ စကားကြောင့် . . .

"တော်ပြီ ငါမကတော့ဘူး ဆိုလည်း မဆိုတော့ဘူး"

မျက်ရည်တွေနဲ့ ရောထွေးကာ ရှိုက်သံနဲ့စတဲ့ မိုးမခရဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော်အံ့အားသင့်သွားသည်။ ဆရာနဲ့ ကိုရွှေက ပြုံးစေ့စေ့ ဖြစ်ကုန်ကြသည်။

"ကဲ မင်းသမီးကို အရင်ချော့လိုက်ပါဦး လူရှင်တော်ကြီးရယ်"

ကိုရွှေက ထရပ်ပြီး ဆရာတို့ရှိရာ ဆက်တီခုံကို သွားရင်းပြောသည်။ အဘတို့ ဆရာမ ဒေါ်သီတာလွင်နဲ့ ဆရာအပါအဝင် ဆိုင်းအဖွဲ့သားနဲ့ အားလုံးက ကျွန်တော်တို့ကို လှမ်းကြည့်နေကြတာ ပြုံးစေ့စေ့ ဖြစ်ကုန်နေကြပါတယ်။ သူမက ကျုံ့ကျုံ့လေးထိုင်နေပြီး

"ငါပြောတာ နင်စိတ်ဆိုးသွားလား"

"ဆိုးတယ်"

သူမက ရှိုက်သံနဲ့ ကျွန်တော့်ကိုမကြည့်ပဲ ပြောပါတယ်။ ကျွန်တော်က သက်ပြင်းချရင်း . . .

"ငါ နင့်ကို အားလုံးက သဘောကျလက်ခံတဲ့အထိ ဖြစ်စေချင်တာပါ ဒီပွဲဟာ နင့်ပွဲဖြစ်ရမယ် မိုးမခဆိုတာ ရိုးရိုး အပျော်တမ်းကတဲ့ ကျောင်းသူအဆင့်ထက် သာစေရမယ်"

ကျွန်တော်က အဝေးကိုငေးရင်း ရှင်းပြနေမိတယ်။ သူမ အနားမှာရှိနေသည်မထင်ရအောင် ကျွန်တော့်စိတ်က မျှော်လင့်ချက်နဲ့ တောက်ပနေတဲ့ ကောင်းကင်သစ်ဆီမှာ။

"မှုန့်သာ သနပ်ခါးအလွမ်း ဆိုတာ ငါ့ နင့်အတွက် ရည်စူးပြီးရေးထားတာ သနပ်ခါးကြိုက်တဲ့ ကောင်မလေးကို ကျောင်းဖွင့်ဖွင့်ချင်း





မိုးရာသီတစ်နေ့မှာ စတွေ့ခဲ့တယ်၊ အဲဒီကောင်မလေးက အနုပညာဆန်တယ်။ မိုးရေထိစင်လို့ တစ်ဝက်တစ်ပျက် တင်ကျန်နေတဲ့ ပါးကွက်နဲ့ ကောင်မလေးကို နာမည်ဘယ်သူလဲလို့ စုံစမ်းကြည့်လိုက်တော့ ဒီနှစ်မှကျောင်းပြောင်းလာတဲ့ ကျောင်းသူအသစ် မိုးမခလို့ သိလိုက်ရတယ်။ အဲဒီကောင်မလေးအတွက် ကောင်လေးတစ်ယောက်က စိတ်ကူးနဲ့ သနပ်ခါးတွေ သွေးပေးထားတယ်။ အဲဒီ သနပ်ခါးရနံ့ဟာ စိတ်ကူးအပြင်ကိုထွက်ပြီး အံ့ဩစရာကောင်းလောက်အောင် မွှေးပျံ့နေတယ်။ အဲဒီကောင်မလေးကို ငါအရမ်းခင်ခဲ့တယ်။ ဒီသီချင်းထဲမှာ သံယောဇဉ်တွေပါတယ်။ ဖြူစင်တဲ့ ရိုးသားမှုတွေပါတယ်။ နောက် ငါမသိတဲ့ အလွမ်းတွေပါတယ်။ ငါလေ ဒီသီချင်းထဲကလို ကောင်မလေးကို စင်မြင့်ပေါ်မှာ အနုပညာမြတ်နိုးတဲ့ အငြိမ့်မင်းသမီးလေးအဖြစ် တွေ့ချင်တယ်ဟာ"

"စင့်မြင့်ပေါ်မှာ . . ."

သူမက ကျွန်တော့်စကားကို တိုးတိုးလိုက်ရွတ်သည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

သီချင်းဆိုနေစဉ်အတွင်းမှာ နင့်အနားမှာ ဘယ်သူမှမရှိဘူးလို့ သဘောထားကြည့်ပါလား မိုးမခ၊ နင့်ကို ကြည့်နေတဲ့ ပရိသတ်တွေ ဘယ်လောက်များများ နင့်အက နင့်အဆိုကို ငေးကြည့်နေသူတွေ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင်ထင်လို့လား"

သူမက ကျွန်ဟော့်ကို ငေးကြည့်နေရင်း ပြောလာတော့ သူ့ကို ကျွန် တော်ပြုံးကြည့်မိကာ

"ထင်နေတာ မဟုတ်ဘူး မိုးမခ ယုံကြည်နေတာ"

သူမက ကျွန်တော့်ကိုကြည့်ပြီး ကြည်ကြည်လင်လင် ရယ်မော လိုက်ပါတယ်။ အဲဒီရယ်သံမှာ တက်ကြွမှုတွေပါတယ်။ ယုံကြည် ချက်တွေ ပါတယ်။ နားလည်မှုတွေ ပါတယ်။ မညှိပဲလင်းတဲ့ တောက်ပမှုတွေပါတယ်။ အဲဒီအချိန်မှာရလိုက်တဲ့ သူနဲ့ကျွန်တော်ရဲ့ ဆက်သွယ်မှုက မပြောဘဲ သိခွင့်ရသည်။ သူက ကျွန်တော့်ကို ပြော ပါတယ်။

"သီချင်းပြန်စဆိုမယ် တေခ"

"အိုကေ"

"ကဲ ဆိုင်းတော်တီးရွာစား ဆရာရွှေရေ"

ကျွန်တော့်လောဆော်မှုကြောင့် ကိုရွှေက သဘောပေါက် ပါတယ်။ အားလုံးကလည်း နားလည်လွယ်သည်။ ကိုယ့်နေရာကိုယ် ပြန်ဝင်ထိုင်ရင်း ကိုရွှေက အချက်ပြလိုက်သည်။ သီချင်းအပျိုးမှာ ဝင်လာတဲ့ တီးလုံးက တက်ကြွနေသည်။ နောက်တော့ အတိတ် ဆန်တဲ့ သံစဉ်ပြေပြစ်မှု သူမအသံက လွင့်မျောနေပါတယ်။ ရှိက်သံနဲ့ အတူ တစ်ခုပြီးတစ်ခု ကူးပြောင်းပုံက အိပ်မက်ပျို့တွေ ယိမ်းနွဲ့နေ





သလိုပါ။ ကျွန်တော်သူမကို ငေးကြည့်နေမိပါတယ်။ လေထုထဲမှာ သနပ်ခါးရနံ့တွေ လွှမ်းထုံနေသလိုလည်း ခံစားခဲ့ရတယ်။

သီချင်းပြီးတော့ ခဏအခိုက်အတန့် တိတ်ဆိတ်သွားတယ်။ ကိုရွှေအဖေ ဆရာကျော်ရဲ့ လက်ခုပ်တီးသံစကြားရတယ်။ နောက် အဘသန်း ပြီးတော့ ဆင့်ကဲ ဆင့်ကဲ လက်ခုပ်သံတွေ ...။

သူမက ထိုင်နေရာမှ ကျွန်တော့်ကိုရှက်ပြုံးနဲ့ လည်ပြန် လှည့်ကြည့် တယ်။ သိပ်ကို ကျေးဇူးတင်ပါတယ် မိုးမခ . . .

\+ + + + +



www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းခြင်းရှင့်ရှင့်နဲ့
ခပ်နက်နက် စူးဝင်နေဆဲပါ။
အမိုးအကာအောက်က
နှလုံးသား
ခေါက်ရိုးချိုးသိမ်းဆည်းထားတာများလို့
အချစ်တွေကျိုးကြေမွနေ
မနက်ဖြန်တွေ လာပါတော့။





ကျောင်းရဲ့ ဟောခန်းမထဲမှာ လူတွေစုံညီနေပါပြီ။ အရောင်တစ်ဆက်လက် အလင်းတစ်ဖိတ်ဖိတ်နဲ့ ညက လှပနေတယ်။

"လှဦးမောင် မင်း မီးခလုတ်တွေ အကုန်ကောင်းတယ်နော်"

"စိတ်ချပါ တောဇရာ"

ပွဲက စခါနီးနေပြီ။ ကျွန်တော့်မှာ တောင်ရှည်ပုဆိုး မဝတ်အားသေးပဲ စတိတ်စင်ပေါ်က လိုအပ်တာတွေကို လိုသလို ညွှန်ကြားဖွင့်ဆင်ရင်း ပြေးပြေးလွှားလွှား ဖြစ်နေရသည်။

"ဖြိုးဖြိုးဇော် မရောက်သေးဘူးလား"

"ရောက်ပါပြီဟဲ့ နင် အဲလောက်တောင် လောမနေနဲ့ ငါတို့ ဇာက်ရုပ်တွေ မဟုတ်ဘူး"

ဖြိုးဖြိုးဇော်က အစီအစဉ်ကြော်ငြာသူ ဆရာ၊ ဆရာမတွေက



www.burmeseclassic.com

www.burmeseclassic.com



ဖြီး ကြပ်ထိန်းသိမ်းပေးရုံကလွဲပြီး ကျွန်တော်တို့ကို အစစအရာ ရာ စီစဉ်ခိုင်းထားသည်။ ကျွန်တော်က လက်က နာရီကိုကြည့် လိုက်ရင်း ...

"နောက် ဆယ်မိနစ်ဆိုရင် နှင် စကြော်ပြာတော့၊ အောင်မိုး ကိုရွှေတို့ကို အသင့်ပြင်ထားတော့လို့ ဆရာမကို (လမိုင်း) တင်ပြီးပြီ လားလို့ သေသေချာချာမေးခိုင်းဦး"

အောင်မိုးက ခေါင်းညိတ်ပြီး စင်အောက်ဘက် ဆင်းသွားပါ တယ်။ လိုက်ကာကြိုးဆွဲသူ ခင်မြင့်တို့ကိုလည်း သေချာမှာပြီး ကျွန်တော် စတိတ်စင်ရဲ့ဘေးကနေ အငြိမ့်အဖွဲ့ရှိရာဆီ သွားသည်။

ကျွန်တော်တို့ရဲ့ ရွှေမင်းသမီးလေးက လှချင်တိုင်းလှနေပါ တယ်။ ကျွန်တော်ရောက်တော့ အပြုံးအေးအေးလေးနဲ့ ...

"နင့်ကို ကြည့်ရတာ မောလိုက်တာဟယ်"

သူမ စကားကြောင့် လူရှင်တော်ဝတ်စုံနဲ့ အေးသောင်းက တဟိဟိရယ်တော့ မိုးမခက မျက်စောင်းထိုးသည်။

"ရော့ အမောပြေ အခအေးသောက်လိုက်၊ ပြီးရင် အဝတ် အစားလဲတော့"

သူမဘေးမှာ ကျွန်တော့်ရဲ့ တောင်ရှည်ပုဆိုးနဲ့ ခေါင်းပေါင်း တိုက်ပုံအကျီတွေ တစ်ခုပြီးတစ်ခု အစီအရီချသည်။ သူမပေးတဲ့ အအေးက နဂိုအအေးထက်ပို၍ အမောပြေစေပါတယ်။ ကျွန်တော်





သောက်ပြီးတဲ့ အအေးဘူးကို သူမက ပြန်ယူပြီး ဘေးမှာ ချကာ ကျွန်တော့်အဝတ်အစားတွေကို ကမ်းပေးပါတယ်။

သူမရဲ့ဘေးမှာ သူမကို ကူညီဖို့ ပြင်ဆင်ပေးတဲ့ ရီရီစိုးနဲ့ မာလာခိုင်က စချင်နောက်ချင်ဟန် မျက်နှာတွေရှိသည်။

သူမကတော့ ဂရုမစိုက် မသိသလိုနေနေပါ၏။

"ကဲ အသင့်ပြင်ထားတော့ တေဇရေ ပွဲစတော့မယ်"

ဆရာက စင်ပေါ် တက်လာရင်း လှမ်းအော်ပြောသည်။ ကိုရွှေ ရဲ့ ဧည့်ခံပဏာမတီးလုံးသံကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါလိုက်ကာ နီညိုရောင်အဖွင့်မှာ ကျွန်တော်တို့ သုံးယောက် လက်အုပ်ချီ ဂါရဝပြုတော့ လက်ခုပ်သံတွေနဲ့ အလင်းတစ်ဖျတ်ဖျတ်ကို သိရမြင်ရပါတယ်။

"အဟမ်း"

မင်းထွဋ်က ဟန်ပါပါနဲ့ ချောင်းဆိုးတော့ . . .

"အာပုတ်စော်နံတယ်"

ကျွန်တော့်စကားကြောင့် ပရိသတ်ငြိမ်ကျသွားပါတယ်။ စိတ်ထဲမှာတော့ အားနည်းနည်းတက်သွားပါတယ်။

"ဟိုဘက်က ကိုအေးသောင်ထင်ပါရဲ့"

"သိရက်သားနဲ့ အပိုလုပ်ပြီး မေးနေရသေးတယ်ကွာ"

ရယ်သံတွေ ထွက်လာပါတယ်။

"ဒီဘက်က ကိုတေဇ ထင်ပါရဲ့"





"ဒါပေါ့ ယောက်ဖရယ်"

မင်းထွဋ်က မျက်လုံးပြူးကြည့်သည်။ ပြီးတော့ သူ့ကိုယ်သူဒိတ်ဆက်သည်။

"ကျွန်တော်ကတော့ . . ."

ဒီကောင်စကားမဆုံးခင်မှာ ကျွန်တော်က . . .

"မနေ့က ကားပေါ်မှာ ခါးပိုက်နှိုက်သွားတဲ့ နာမည်ကြီးခါးပိုက်နှိုက် မင်းထွဋ်ဆိုတာ ဒီကောင်ပါခင်ဗျာ"

ရယ်သံနဲ့အတူ သတင်းစာစက္ကူလိပ်က ကျွန်တော့်ကျောပေါ်ပြောင်းခနဲ . . .

"ကျွန်တော်တို့ဟာ ပညာရှင်တွေတော့ မဟုတ်ကြပါဘူး"

"ပညာအသေတွေလည်း မဟုတ်ပါဘူး"

ကျွန်တော်ဝင်ပြောတော့ အေးသောင်က မျက်စောင်းထိုးသည်။

"ဟုတ်ပါ့ ကိုအေးသောင်ရေ"

"ကျွန်တော်တို့ အသက်အရွယ် ကျွန်တော်တို့ ဝါသနာနဲ့ကိုက်ညီသူ ဆရာ ဆရာမနဲ့ ကျောင်းသူ ကျောင်းသားအပေါင်းအားကျွန်တော်တို့ သိသမျှ တတ်သမျှလေးနဲ့ ဖျော်ဖြေ တင်ဆက်ခွင့်ရတဲ့အတွက် ဝမ်းလည်းသာတယ်၊ အမှားပါရင်လည်း ခွင့်လွှတ်ကြပါလို့ဦးစွာ ပဏာမ ပြောချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂါရဝတရားပေါ့ ကိုအေးသောင်"

ကျွန်တော့်ကို အေးသောင်က မေးဆက်အချက်ပြတော့ ကျွန်တော်က ဝင်ဆက်ပြောသည်။

"ပန်ဆိုတာ ဖန်ဆင်းခြင်း၊ ပြုခြင်း၊ ပြုလုပ်သူ၊ ဖန်ဆင်းသူလို့ အဓိပ္ပာယ်ရပါတယ်"

"မှတ်သားစရာပဲ ကိုတေဇရယ်"

"တျာဆိုတာ တီးမှုတ်ခြင်း တီးမှုတ်စရာလို့ အဓိပ္ပာယ် ရပါတယ်"

"ဟုတ်တာပေါ့ဗျာ"

"ပန်တျာဟူသည် အနုသုခုမဆိုင်ရာ လှုမျှား၊ ပစ္စည်းများ တေးဂီတများကို ရည်ညွှန်းကြောင်း သဘောသက်ရောက်နေတာ မဟုတ်လားခင်ဗျာ"

"ဟုတ်တာပေါ့ ကိုတေဇရာ"

"အနုသုခုမပညာဆိုတာ ခရစ်ရှစ်ရာစုနှစ်မှာကတည်းက ပိပြင် အဆင့်အတန်းမြင့်လာခဲ့တာ ခင်ဗျားတို့လည်း အသိပါပဲ"

"မှန်တာပေါ့ဗျာ"

"အကသဘင်ကိုတော့ အေဒီခေါ် ခရစ်နှစ် ၁၅၃၁ မှ ၁၇၅၂ အတွင်း ထွန်းကားခဲ့သည် လို့တော့ ယူဆခဲ့ရပါတယ်။ ဒီလိုနဲ့ ခေတ်တွေအဆက်ဆက် ဖြတ်သန်းလာတော့ ရတနာပုံ (မန္တလေး)ခေတ်





မှာ မြန်မာသုခုမ ဇာတ်သဘင်ဟာ အတိုးတက်ဆုံးအချိန် ဖြစ်လာ တာ မမှားပါဘူး"

"အားရစရာပေါ့ ကိုတေဇရေ"

ရှေ့ဆုံးမှာ သက်ဆိုင်ရာ ပုဂ္ဂိုလ်အကြီးအကဲတွေနဲ့ ယှဉ်ထိုင် နေတဲ့ ဆရာကြီးက ကျေနပ်ပီတိနဲ့ ကျွန်တော်တို့ကို ကြည့်နေ ပါတယ်။

"အရှေ့ကို လျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင် အသားလေးလိုပါပဲ။ ပျူခေတ်ကစပြီး ကုန်းဘောင်ခေတ်၊ ရတနာ ပုံခေတ်၊ လွတ်လပ်ရေးခေတ်နဲ့ အခုခေတ်တိုင်အောင် ပြန်ပြီးကြည့် လိုက်ရင် အနုပညာ အဆင့်အတန်းက ပိုပြီး မြင့်မားလာတာ တွေ့ရပါတယ်။'

ကဲ ရတနာပုံခေတ်မှာ ကျော်ကြားတဲ့ အငြိမ့်မင်းသမီးတွေက ယင်းတော်မလေး၊ ဆင်ခိုးမလေးတို့ဆိုတာ နာမည်ကြီး အငြိမ့် မင်းသမီးတွေပေါ့ဗျာ"

"ဟုတ်ပါ့ ကိုတေဇရေ ယင်းတော်မလေးရဲ့ အထူးခြားဆုံး အကမှာ လက်ညှိုးထိုးအကလို့တော့ ကြားဖူးပါရဲ့ ဒီလိုပဲ ဆင်ခိုး မလေးရဲ့ ခရာသံ ဒိုးပတ်အကတို့ဆိုတာလည်း အလွန်ကောင်း တယ်လို့ ကျော်ကြားတာပေါ့ဗျာ"

မင်းထွဋ်က ဝင်ထောက်ပေးသည်။ ကျွန်တော်က . . .



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ ကိုမင်းထွဋ်ရယ် အငြိမ့်သဘင်ကို ပြုပြင်ခဲ့တဲ့ အငြိမ့်မင်းသမီး မစိန်သုံးရဲ့ ယောကျ်ား လူရွှင်တော်ကြီး ဦးချစ်ဖွယ်ဆိုတာ အငြိမ့် သဘင်၊ မြန်မာသဘင်ပညာကို ကမ္ဘာထိပ်တန်းသို့ အရောက်ပို့ခဲ့သူ မဟုတ်ပါလား ခင်ဗျာ"

"မှန်တာပေါ့ ကိုတေဇရယ်"

"အင်္ဂလိပ်လက်အောက် ကျရောက်နေချိန်မှာတောင် တော်လှန်ရေးစိတ်ဓာတ် အမျိုးသားရေးစိတ်ဓာတ် တက်ကြွလာအောင် (တို့မြန်မာ ချစ်ခင်၊ ဘဝတစ်ကမ္ဘာမမုန်းဘဲ ခနအသပြာဖြုန်း၍ အရိုင်မသင်ကြနှင့်၊ လသာတုန်း ဗိုင်းငင်ဆိုတာလို တလိုင်း ကချင်မွန် မြန်မာတစ်စုတို့က ဝံသာနုအထူးဆော် တကယ်ကြံကြပေါ့ ဦးချစ်ဖွယ်က အစုံစုံအခါ ထူးကောင်းတာမို့ ဗမာစကူးကျောင်းပညာ ဆွယ်ကြလျှင် အင်္ဂါကြယ်လက် လှမ်းလို့မှီမယ်)လို့ လှုံ့ဆော်ပေးခဲ့ပါတယ်"

"ကောင်းလိုက်တာ စာသားပဲဗျာ"

"ကဲ...အပြောတွေကိုရပ်ကြပြီး ကျွန်တော်တို့ ပန်းကျောင်းအငြိမ့် သဘင် မင်းသမီးလေးနဲ့ ပွဲကြည့်သူ ပရိသတ်ကို မိတ်ဆက်ပေးဖို့ မမေ့နဲ့ ဦးလေ"

"ဟုတ်တာပေါ့ မေ့လို့မဖြစ်သေးဘူးဗျ"

မင်းထွဋ်အလှည့်ကျရောက်လာပါပြီ။





"ရတနာပုံခေတ်က ယင်းတော်မလေး ဆင်ခိုးမလေးကအစ လွတ်လပ်ရေး မရခင်ခေတ်က အငြိမ့်လောကရဲ့ မိခင်ခေါ်ထိုက်သူ ဒေါ်စိန်သုံးအပါအဝင် ဒေါ်ညြဘာစိန် ဒေါ်စိန်ဆင်တို့ကို မနှိုင်းသာပေမယ့် ကျွန်တော်တို့ရဲ့ ပန်းကျောင်းအငြိမ့်သဘင်က တက်သစ်စ လမင်းလေး အငြိမ့်မင်းသမီး မိုးမခကလည်း အငြိမ့်ခေတ်ဦးကို ပူဇော်ဂုဏ်ပြုဖို့ သီသမျှ တတ်သမျှလေးနဲ့ အသုံးတော်ခံပါ့မယ် ကဲ ကျွန်တော် ခေါ်လိုက်မယ်ဗျာ"

"လုပ်စမ်းပါဦးဗျာ ခွန်းထောက်လေး"

"အဟမ်း"

"လုပ်ပြန်ပြီ"

ဆိုင်းသံ ငြိမ့်ငြိမ့်လေးထွက်လာသည်။ ပရိသတ်က မင်းထွဋ်ကို စိတ်ဝင်တစား ကျွန်တော်က . . .

"ဘယ်လိုခေါ်မှာလဲ ကိုမင်းထွဋ်ရေ"

မင်းထွဋ်က ဟန်ပါပါနဲ့ အင်္ကျီလက်ခေါက်တင်လိုက်ပြီးတော့ ပရိသတ်ရယ်သံနဲ့အတူ ဒီကောင်ကျောပေါ်ကို စက္ကူလိပ်တွေ ကျရောက်လာပါတယ်။

"ကိုအေးသောင် ခင်ဗျား ခေါ်စမ်းပါဗျာ"

"ဟုတ်ပါ့ဗျာ မင်းသမီးခေါ်ခိုင်းပါတယ်ဆိုမှ လမ်းဘေးအထာနဲ့ ခေါ်နေတယ် ကျွန်တော်ခေါ်ပြမယ်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လုပ်စမ်းပါဗျာ"

"အသက်လေးထောက်လာတော့ အသောက်လေး ထပ် လာတယ်၊ ကျောင်းရုံးခန်းက နာရီ ဆယ်နာရီ ဆယ့်တစ်ချက်တီးပါရဲ့"

အမြဲမှားမှားထိုးတဲ့ နာရီအကြောင်းသိနေတော့ ကျောင်းသားကျောင်းသူတွေက ရယ်ကြသည်။

"အကြွေကမပါ ဈေးအိမ်သာအဝင်ခက်မယ် ကျောင်းအိမ်သာဂျလက်စွတ်နေလို့ အားကန်ကာနင်း"

ပရိုသတ်က လက်ခုပ်တဖြောင်းဖြောင်း ...။

"လာပြန်ပြီ တစ်ယောက် ဒီပုံအတိုင်းဆို ရှေ့ရောက်မှာ မဟုတ်တော့ဘူး ကဲ ကျူပ်ပဲခေါ် လိုက်တော့မယ်"

ကျွန်တော့်ရဲ့ စကားကြောင့် မင်းထွဋ်က ...

"ကဲ ကိုတေဇရေ ခင်ဗျားပဲ နဘေကာရုံလေးနဲ့ ခေါ် လိုက်ပါဗျာ"

ကျွန်တော်က လည်ချောင်းတစ်ချက်ရှင်းပြီး ...

"ရွှေဘုံရွှေခက် ရွှေဘယက်နှင့် ရွှေဒက်စည်ဘောင်း နားတောင်း လက်ကြပ်၊ လက်စွပ်ပုတီး ညီညီးလျှံဝါ သိင်္ဂါခါးပန်းပတ်ဝန်းစည်တိုင်း သင်းဒိုင်းတမူ မတူတချို့ စိမ်းညို့နီဝါ့ အပြာတွတ်တွတ် သွယ်ညွတ်လက် ခြေဆံခွေယိမ်းနွဲ့ ခြောက်ဆယ့်လေးပါး ကခြင်းများ၌ မှတ်သားကျင်လည် ကခြေသည်လည်း





န်းလည်ကြည့်တိုင် အလှိုင်းလှိုင်းတည့် ကဲ သမိုင်းသစ်ဆောင်ယူဖို့ န်းကျောင်းအငြိမ့်သဘင်သစ်ရဲ့ သမီးပျို မိုးမခသူဇာရေ . . . "

ဆိုင်းသံနဲ့အတူ အလင်းရိပ်တွေခြံရံကာ မိုးမခ ထွက်လာပါတယ်။ မိုးမခအတွက် ကျွန်တော်တို့နေရာ ဖယ်ပေးသည်။ မိုးမခကရိုသတ်ကို ဂါရဝပြုပြီး ...

"ဒီဘက်က အစ်ကို ကိုအေးသောင်"

အေးသောင်က မင်းသားကြီး ကိုကျော်ဟိန်းစတိုင်နဲ့ ...

"ရုံးပတီသီးစားပြီး မှန်းနေပြီလို့ ပြောပြီလား မိုးမခ တို့ဘဝကဲ့ရေပြောင်းလို သခင်ပြောင်းရင်လည်း သူငယ်ချင်းလို နေပြပါ့မယ် ပဲဘဲ ငါကွ"

ပရိသတ်က ပွဲကျနေသည်။ မိုးမခက သားမွှေးယပ်တောင်လေးနဲ့ ကွယ်ရယ်သည်။

"တညင်းသီးလို ရင်းနှီးခဲ့ရတဲ့ အတိတ်တွေ ဝက်ကာလီစာလိုကိုယ့်ရဲ့အသည်းကာလီစာတွေ မင်းအတွက်ဆို ပြေးဝယ်ကာဆေးချင်ပါတယ် မိုးမခ"

ပြောလည်းပြော မိုးမခရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ ရိုသတ်က အေးသောင်စကားကို သဘောကျကာ တဟားဟား၊ ကျွန်တော်က ဒီကောင့်ပုံစံကိုကြည့်ပြီး ...

"အာလူးသုတ်လို နှာဘူးရုပ်နဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ဒီကောင်က ပွစိပွစိနဲ့ ဆဲဟန်ပြုသည်။

"ဒီဘက်က အစ်ကို ကိုမင်းထွဋ်လားရှင်"

မင်းထွဋ်က တွံတေးသိန်းတန်ဟန်နှင့် စကားပြောသည်။

"နဝဒေးတံတားမှာ တကယ်ပစ်ပြေးသွားတော့ မြဝတီက ဓာတ်လမ်းတွဲကိုကြည့်ပြီး ခပ်တည်တည်နဲ့ ငိုမိခဲ့ရတာ မင်းမသိပါဘူး အချစ်ရယ်၊ လှိုင်သာယာတံတားမှာ ထိုင်စရာရှားလို့ အကြွေပြန် မအမ်းတဲ့ ဘတ်စ်ကားပေါ်မှာ အသေအချာနမ်းခဲ့မိတာ မင်းအမှတ်ရမှာပါ မိုးမခ ဟဲ. . ဟဲ"

ရယ်သံတွေ ကြားရသည်။

"ကိုတေဇရေ ..."

ကျွန်တော်က သူတို့ကို ကျောခိုင်းလိုက်တော့ မင်းထွဋ်က ...

"ဒီကောင် မိုးမခကို စောက်ကိတ်နေတာ"

တ်ကောက်နေတာ"

"ကျွန်မကို စိတ်ကောက်နေတာ"

"ဟုတ်တယ် မိုးမခကို ဒီကောင်စိတ်ကောက်နေတာ"

"ကျွန်မကို သူက ဘာလို့ စိတ်ကောက်နေတာလဲ"

"ဟိုတစ်နေ့က မိုးမခနဲ့ သူ တိရစ္ဆာန်ရုံသွားကြတယ်ဆို"

"အင်းလေ"





"သွားတော့ သူက မိုးမခကိုပြောတယ်ဆို"

"ဘာများလဲ ကိုမင်းထွဋ်ရယ် ကျွန်မမေ့နေပြီရှင့်"

"ဟောကြည့် အဲဒါတွေကြောင့် ဒီကောင် စိတ်ကောက်တာပေါ့"

"ပြောပါဦး"

"မိုးမခ မိုးမခ တဲ့"

"သူက"

မင်းထွဋ်က ခေါင်းညိတ်ပြီး . . .

"မိုးမခ မိုးမခတဲ့ ကျားသစ်အထီးက ကျားသစ်အမကို ဘာကြောင့် လျှာနဲ့ လျက်တာလဲတဲ့ မိုးမခက ဘာပြန်ပြောလိုက်လဲ"

မိုးမခ စဉ်းစားဟန်ပြုပြီး ...

"ချစ်လို့ပေါ့လို့ ပြန်ဖြေလိုက်တယ်လေ"

"အဲ ပြီးတော့ နင်တို့ရှေ့ဆက်သွားတယ်ဆို"

"ဟုတ်တယ်လေ"

"ရှေ့ဆက်သွားရင်း ခြုံတစ်ခုရဲ့ဘေးမှာ အတွဲတစ်တွဲ တွေ့တယ်ဆို"

"အင်းပေါ့"

"အဲတော့ တေဇကပြောတယ်တဲ့"

"ကျွန်မ မမှတ်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိုးမခ ဟိုအတွဲကိုကြည့်စမ်း ကောင်လေးနှာခေါင်းက ကောင်မလေးပါးကို ထိနေတယ်တဲ့၊ အဲဒါ ဘာလုပ်တာလဲတဲ့ မိုးမ ဘယ်လိုပြန်ဖြေလိုက်လဲ"

"ချစ်လို့ပေါ့လို့"

"အေး အဲဒီမှာတင် ဒီကောင် စိတ်ကောက်တော့တာပဲ။ သူ နှင့်ကို လျှာနဲ့ လျက်ရမှာလား နှာခေါင်းနဲ့ နမ်းရမှာလားမသိ ဖြ နေတာ"

ရယ်သံတွေကြားရပြီး မိုးမခမျက်နှာ ရဲတွတ်သွားပါသည်။

"ကိုတေဇ ရှင်က ကျွန်မကို စိတ်ကောက်နေတာသို"

"ခေါ်ဘူး"

ကျွန်တော်က ကလေးလို လုပ်ပြသည်။

"စိတ်မကောက်ပါနဲ့ ကိုတေဇရယ် ရှင့်ကိုကျွန်မ ဘယ်လိုချေ ပြရမလဲ"

"သီချင်းဆိုပြီး ကပြ"

"အဲဒါဆို စိတ်ကောက်ပြေမယ်ပေါ့"

ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

"ကဲ ကျွန်မတို့ရဲ့ လူရွှင်တော်လေးအတွက် မိဘပြည်း ဖရိုသတ်ကြီးတွေအတွက် လူရွှင်တော်လေးရေးတဲ့ သီချင်းတစ်ပု အခုလို ဖျော်ဖြေချင်ပါတယ်"





လက်ခုပ်သံတွေ ဆူညံသွားသည်။ မိုးမခက ယဉ်ကျေးမှုဌာန က အန်တီ ဒေါ်စန်းနုဆီမှာ ငယ်ငယ်ကတည်းက အခုထိ ပညာသင် ယူနေခဲ့တော့ အက,က ညက်လှပါသည်။

ဟော သူမက အငြိမ့်မင်းသမီးလေး မိုးမခတဲ့။ မိုးမခရဲ့ ပျော့ ပြောင်းယိမ်းနွဲ့တဲ့ လက်ကောက်ဝတ်တွေကို တစ်ဆစ်ချိုးပြတော့ မြိုင်ဆိုင်တဲ့ ဆိုင်းသံက ထွက်ပေါ်လာသည်။

မိုးမခဟာ အနုပညာပါရမီထူးကဲတဲ့ မိန်းကလေးပါ။ အနုပညာ ရှာနိုင်လွယ်တဲ့ သူ့ခမ ပန်းကလေးတစ်ပွင့်။ ကျွန်တော့် အိပ်မက တွေအတွက် လောကနက် ဖန်ဆင်းပေးလိုက်တဲ့ ဒိုးသောက်ယံ ပ်ပ်ထားတစ်ပါး ဖြစ်နေမှာပါ။

သူမအတွက်ဆိုရင် အပိုင်းပိုင်းဖြမ်းနေတဲ့ ကောင်းကင်ကိုလည်း ပြန်ဆက်ပေးချင်ပါတယ်။ အက်ကြောင်းထနေတဲ့ မြေသားကိုလည်း တာမ်းခြေအထိ ဆွဲခေါ်သွားချင်တာ အမှန်ပါ။

မီးမှုတ်ပြီး အိပ်ယာဝင်နေပေမယ့် အတွေးထဲမှာတောင် လင်းလက်နေမယ့် အိပ်မက်မျိုးပိုင်ဆိုင်တဲ့ အလှတရားရှိသူပါ။

ရင်အရိုင်းကို ထိန်းကျောင်းပေးနိုင်စွမ်းရှိသော မိန်းကလေး ချက်ခနဲ ဖျတ်ခနဲ ကူးပြောင်းလိုက်ပုံက အဆိပ်ရှိတဲ့ သတ္တဝါတွေ အဆိပ်မဲ့စေနိုင်တယ်လို့ ကျွန်တော်ယုံကြည်နေခဲ့တယ်ဆိုရင် သွန်နေမလား . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လက်နောက်ပစ်ကာ သူမကိုကျေနပ်ပီတိနဲ့ငေး ကြည့်နေတော့ အေးသောင်က ပခုံးချင်းတိုက်ပြီး သတိပေးသည်။

လက်ခုပ်သံတွေက သူမရဲ့အောင်မြင်မှုမှတ်တိုင်တစ်ခု၊ သူမ သီချင်းနဲ့အတူ ကပြီးတော့ ခွေးတစိုစိုနဲ့ပေါ့လေ၊ ပြီးတော့ ကျွန်တော့်ကို တုံ့ပြန်ကြည့်လိုက်တဲ့ အပြုံးက ကျွန်တော့်အတွက် ရှေ့ဆက်ရမယ့် ခွန်အားဆိုတာ ကျွန်တော်သိနေခဲ့တယ်။

"ကောင်းလိုက်တဲ့ သီချင်းနဲ့ ကောင်းလိုက်တဲ့ အကပဲဗျာ"

အေးသောင်ပြောမှ ကျွန်တော် သတိဝင်လာပါသည်။ ဒါကြောင့် ချက်ချင်းပင် ...

"ဟုတ်ပါ့ ကိုအေးသောင် နှစ်ထောင်းအားရဖွယ်ကောင်းတဲ့ အနုသုခုမပညာ ဗီဇပါလာတဲ့ ကလေးမလေးဗျ"

"မှန်တာပေါ့ဗျာ ခေါင်းခါးခြေလက် ဤလေးချက်မပိုင်ရင် ပိုကာဆွဲမှ ဒေါင်းမယ်ဆိုတာ ရှိတယ် မဟုတ်လားဗျာ"

"အရေးထဲ ဖဲသမားနဲ့ လာတိုးနေပြန်ပြီ"

ပရိသတ်က တဝါးဝါး တဟားဟား၊ မင်းထွဋ်ကတော့ . .

"မိုးမခကတာ လေမှာဝဲပျံနေတဲ့ ကိန္နရီ ကိန္နရာလေးနဲ့ မတူ ဘူးလား ကိုတေဇရာ"

"တူတာပေါ့ ကိုမင်းထွဋ်ရာ"

"ကျွန်တော် ကိန္နရီဆိုလို့ တစ်ခုသွားသတိရတယ်"





"ဘာများလဲဗျာ"

"မနေ့ညက ကျွန်တော် အိပ်မက်တစ်ခုမက်တယ်"

"အိပ်မက်ဆိုတာ အယူအဆအမျိုးမျိုး ကောက်လို့ရတယ်ဗျ ကိုမင်းထွဋ်"

"လုပ်စမ်းပါဦး"

"ညဦးယံမှာ မက်တဲ့အိပ်မက်၊ ညလယ်ယံမှာမက်တဲ့ အိပ်မက်၊ နံသောက်ယံမှာမက်တဲ့အိပ်မက်၊ ခင်ဗျားက ဘယ်အချိန်မှာ မက် တာလဲ"

"နေ့လယ်ခင်းကြီးဗျ"

ကျွန်တော် သူ့ကို ကြောင်တောင်တောင်နဲ့ ကြည့်မိတော့ ပရိသတ်က ရယ်ကြသည်။

"ထားပါဗျာ"

"ထားပါတယ် အပေါင်ဆိုင်မှာ"

"ဆက်စမ်းပါဦး"

"အင်း အိပ်မက်ထဲမှာ ကိုတေဇက လေယာဉ်မှူးကြီးတဲ့"

"ကျူပ်က . . ."

"ဟုတ်ပါ့ အကျီအဖြူ ဘောင်းဘီအဖြူနဲ့ ခန့်ခန့်ညားညား ကြီးပေါ့ဗျာ"

"ဟဲ ဟဲ ဟဲ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမောင်းတဲ့ လေယာဉ်ကြီးက မြစ်ဝကျွန်းပေါ်က ထွက်လာတာ"

"မင်္ဂလာဒုံက ပြောစမ်းပါဗျာ"

"ဟာ အိပ်မက်ထဲမှာ မြစ်ဝကျွန်းပေါ် လို့ ရေးထားတာဗျ"

"ထားပါတော့ဗျာ"

"ခင်ဗျားက လေယာဉ်ကြီးကိုမောင်းဖို့ လေယာဉ်ခေါင်မိုးပေါ်မှာ လိပ်ထားတဲ့ ရွက်တိုင်တွေကို ဖွင့်လိုက်ရော"

"လေယာဉ်မှာ ရွက်တိုင်တွေမှ မရှိတာဗျာ"

"အိပ်မက်ပါဆို"

"ထားပါတော့"

"ထားပါတယ်"

"အဲဒီလိုမောင်းလာရင်းနဲ့ ခင်ဗျားလေယာဉ်ကြီးက သံလမ်းချော်သွားရော"

"လေယာဉ်က ဘယ်လို သံလမ်းချော်မှာလဲ"

"အိပ်မက်ပါဆို"

"ထားပါတော့ဗျာ"

"နောက်တော့ ရှောရှောရှူရှူ လေယာဉ်ကြီးက တစ်ဂလောက်တစ်ဂလောက်ဆိုပြီး ဒုန်းစိုင်းပြေးသွားရော"

"ဟာ လေယာဉ်မောင်းတဲ့အသံက တစ်ဂလောက်လို့ အသံ





ထွက်မလားဗျာ"

"နောက်ဆုံးပေါ့ အင်ဂျင်ဖြစ်မှာပေါ့ဗျ ဟာ တစ်ခုရှိသေးတယ် ကျွန်တော်နဲ့ ကိုအေးသောင်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်နေတုန်း ခင်ဗျားလေယာဉ်ကြီး ဘေးက ဖြတ်ပျံသွားတာမြင်တော့ ကျွန်တော်က ကိုတေဇ လက်ဖက်ရည်သောက်ပါဦးလို့ လှမ်းပြောလိုက်တော့ ခင်ဗျားက လေယာဉ်ကို ဘရိတ်ဖမ်းနင်း ဂျွမ်းတုံးခုပြီး ကျွန်တော်တို့နဲ့ လက်ဖက်ရည်ဆိုင်မှာ လာထိုင်သေးတယ်"

ရယ်သံတွေ ကြားရပါသည်။ ကျွန်တော်က အူလည်လည် အမူအယာနဲ့ . . .

"ကျွန်တော်က လေယာဉ်ကို ဂျမ်းတုံးခုပြီး ဆင်းလာတယ်"

"အင်းလေ ခင်ဗျားတောင် လေယာဉ်အင်ဂျင်ပူနေပြီဆိုပြီး လေယာဉ်ခေါင်းအဖုံးဖွင့်ပြီး ရေလောင်းသေးတဲ့ဟာ"

ကျွန်တော် ကောင်းကင်ကိုကြည့်လိုက် သူတို့ကိုကြည့်လိုက်နဲ့ ငိုင်းစားတွေးတောနေဟန်ပြုတော့ ပရိသတ်က သဘောကျဟန် ရယ်သံတွေ . . .

"ကိုမင်းထွဋ် ခင်ဗျားကို ကျွန်တော် ဗဟုသုတ မေးခွန်းတွေ မေးချင်တယ်ဗျာ ခင်ဗျား ဖြေနိုင်ပါ့မလား"

"ဟာ အေးသောင်ကို အတွေးကြောင်တယ်များ ခင်ဗျား ထင်နေလား မေးစမ်းပါ ကွန်ပျူတာ ဦးလုံးလောက်ကို အရည်လို



www.burmeseclassic.com

www.burmeseclassic.com



ဈေးနဲ့ ရောင်းစားလာတဲ့ကောင်ပါဗျ"

"မေးမယ်နော်"

"မေးပါဆို"

အေးသောင်က ဆရာကြီးလေသံနဲ့ပြောသည်။

"အင်္ဂလန်နိုင်ငံရဲ့ အဓိကမြို့ကြီးက ဘာမြို့လဲ"

"ဟဲ ဟဲ ဒါလေးများ လပွတ္တာ"

ကျွန်တော်ခေါင်းကုတ်မိပါသည်။

"အနုမြူဗုံးကို ဘယ်သူစတွင်တာလဲ"

"သံဖြူဆိုင်က ကိုအေးမြပေါ့ကွာ"

"ဖြေသွားပုံကတော့ မှတ်သားစရာပါပဲ ကိုတေဇရေ"

"ဟုတ်ပါ့ ကိုမင်းထွဋ်ရာ ဒီကောင်ပညာရှိပီသပါပေတယ်။ ကဲ နောက်ဆုံး မေးခွန်းမေးမယ် နပိုလီယံ ရှရှားကို စစ်ရှုံးတော့ ဘာပြောသွားခဲ့လဲ"

"အရက်ဖြူဆိုင် ဘယ်နားမှာရှိလဲတဲ့"

ဟောခန်းတစ်ခုလုံး ရယ်သံတွေ ဆူညံသွားပါတယ်။

"ကဲ ကျွန်တော်တို့ချည်းပဲ ပြက်လုံးထုတ်နေရင် မိုးလင်းသွားတော့မယ် ရယ်စရာ အခန်းကဏ္ဍကို အသာဘေးချိတ်ပြီး မိဘများမျှော်လင့်တောင့်တနေမယ့် အဆိုအက အခန်းကဏ္ဍကိုလည်း ကျွန်တော်တို့ ရှေ့တော်သွင်းရဦးမယ် ကိုတေဇရေ"





"မှန်တာပေါ့ ကိုမင်းထွဋ်ရေ"

မင်းထွဋ်က ခေါင်းပေါင်းစကို ဆွဲဖြုတ်ပြီး ပုခုံးပေါ် တင်သည်။

"မိုးကောင်းကင်ဆိုတာ အမြင့်မှာရှိတဲ့ သဘောကို အားလုံး သိကြပါတယ်"

"ဟုတ်ပါ့ ကိုမင်းထွဋ်ရေ"

"သဇင်ပန်းဆိုတာ မြေမှာပေါက်တဲ့ပန်း အမျိုးအစားမှ မဟုတ်တာဗျ"

"မှန်တာပေါ့ ကိုမင်းထွဋ်ရေ"

"မိုးကောင်းကင်လို မြင့်မားတဲ့ ဂုဏ်ရည်ဂုဏ်သွေးနဲ့ တော်ဝင်သဇင်ပန်းလို သိက္ခာဆန်တဲ့ အလှတရားနဲ့ ဟောဒီညချမ်းကို ပေါင်းစပ်လိုက်တော့ ပန်းကျောင်း အငြိမ့်စင်မြင့်အလယ်မှာ နတ်ဒေဝီတွေ ဖန်ဆင်းပေးသနားတဲ့ မိုးမခသူဇာဆိုတဲ့ သမီးပျိုရေ. . ."

ဆိုင်းသံဗုံသံနဲ့ ထွက်ပေါ်လာတဲ့ အိပ်မက်ရဲ့ထိပ်ထား သူခုမခာယာနဲ့ ကဗျာဆန်အောင် လှနေပုံက ဟောဒီကောင်ရဲ့ ရင်ဘတ်ကြားမှာ ညရင့်ရင့် အိပ်မက်တွေနဲ့ စွဲလမ်းခြင်းက ဗလုံးဗထွေး လုံးထွေးနေကြမှာ သေချာနေပါသည်။

သနားစရာ နှလုံးသားကို ရှန်းထွက်မရအောင် ဖြစ်နေပြီ မိုးမခ။



www.burmeseclassic.com

www.burmeseclassic.com



မှော်ဝင်နေတဲ့ ခံစားချက်က အချိုးစိလို့ခေါ်သလား မိုးမခ၊ ရိုးသားစွာ ချစ်နေသူသည် အပြစ်ရှိပါ၏လို့ ဘယ်ကျမ်းဂန် ဘယ်ပုရပိုက်မှာပါပါ နှုတ်သီးအနာခံပြီး ဥခွံက ဖောက်ထွက်ဖို့ ကြိုးစားနေတဲ့ ငှက်တစ်ကောင်လို သဘာဝတရားနဲ့ ဘာနဲ့ အပြစ်ရှိရှိ ငါကတော့ ချစ်ကြည့်ချင်သေးတယ်ဟာ။

ခုန်းစိုင်းပြေးနေတဲ့ မြင်းတစ်ကောင်ရဲ့ ခွာသံလို ငါရင်ခုန်သံတွေ အရမ်းမြန်နေခဲ့တာ နှင်းသီမှာစိုးရိမ်တော့ ငါအနေခက်ပြီပေါ့ဟာ။

ကျောင်းတော်သူ ကျောင်းတော်သား အပေါင်းအသင်း ရောင်းရင်းတို့ရဲ့ ဂျိုကာတစ်ကောင်ရဲ့ ရွှေအိပ်မက်လို့ စကြနောက်ကြပေမယ့် ပြောမနေရာမလိုတဲ့ သံယောဇဉ်တွေကို လွယ်အိတ်ထဲထည့် မင်းရယ် ငါရယ် တီတတ်တဆိတ်နေကြတာ အားလုံးက ရိပ်မိပါ





တယ်။ မိုးမခ၊ တေဇာရဲ့ ဇာတ်လမ်းရဲ့ အဆုံးသတ်ကို အားလုံးက စိတ်ဝင်စားခဲ့ကြတယ်။

ဒီလိုနဲ့ တစ်နေ့မှာ မိုးမခရဲ့ နောက်ကွယ်က ဖိုင်တွဲကို ငါသိလာရတော့ ငါ ကိုယ်တိုင်အံ့သြခဲ့ရတယ်။

အနောက်တိုင်းဆန်တဲ့ အမိအဖကမွေးတဲ့ တို့ရဲ့ ရွှေမင်းသမီးလေးဟာ အနောက်တိုင်းအကနဲ့ အရှေ့တိုင်းအကကို ကျွမ်းကျင်စွာ တတ်မြောက်ထားသတဲ့။ မိဘတွေက ငယ်ငယ်က အပျော်သဘောဆိုပေမယ့် နှင့်ရဲ့ အတွင်းစိတ်က အငြိမ့်အကကို ဝါသနာထုံခဲ့တယ်။ ကုမ္ပဏီ ပိုင်ရှင်ကြီးရဲ့ သမီးဟာ အငြိမ့်မင်းသမီး မဖြစ်သင့်ဘူးလို့ ဘယ်ဥပဒေက ချမှတ်ထားလို့လဲ မိုးမခ၊ နှင်က သနပ်ခါးရနံ့ကို မြတ်နိုးတယ်၊ နှင့်အမေက ဥရောပနံ့သာခဲကို နှင့်ပါးပေါ်မှာ တွေ့ချင်တယ်၊ ဥရောပအကနဲ့ ပါတီပွဲမှာ နှင့်ရဲ့ ဂုဏ်သတင်းကို ကျော်ကြားချင်တယ်။

စာမေးပွဲပြီးလို့ ကျောင်းတွေပိတ်ကြပြီး အဘသန်း၊ ကိုရွှေတို့ သားအဖရဲ့ လက်တွဲခေါ်ယူမှုကြောင့် ငါဟာ အလုပ်သင် လူရွှင်တော်ဘဝကို ရခဲ့ပါတယ်။ ဒီလိုနဲ့ ငါနယ်က တစ်ခေါက်ပြန်ရောက်မှာ နှင် ငါ့အိမ်ရှိရာကို ရောက်လာခဲ့တယ်နော်။ နယ်မှာ တာဝန်ကျနေတဲ့ ငါ့အစ်မ ငါ့အဖေနဲ့အမေ၊ သူတို့ရဲ့ နွေးထွေးမှုကြောင့် နှင်အံ့သြနေလား။



www.burmeseclassic.com

www.burmeseclassic.com



"တေဇ နင့်အိမ်က နင့်ကို အတိုင်းထက်အလွန် အရမ်းအလို လိုက်တာပဲနော်"

ကျွန်တော် သူ့ကိုပြုံးကြည့်နေပါတယ်။

"နင့်အစ်မဆို နင့်ကို ကလေးလေးတစ်ယောက်လို ထင်နေတာ"

ကျွန်တော်ရယ်လို့သာ နေခဲ့ပါတယ်။

"နင် နယ်တွေဘာတွေ လျှောက်သွားတော့ နင့်အိမ်က မဆူဘူးလား"

"ငါ့အိမ်က ကျန်းမာရေးဂရုစိုက်ဖို့တော့ မှာတာပေါ့"

"ငါလည်း နင့်လို ဘဝမျိုး ရချင်လိုက်တာ"

"ဘာဖြစ်လို့လဲ"

သူမက သက်ပြင်းမွှေးမွှေးကို ကျွန်တော်သိယုံလောက်ပဲ ပြတယ်။

"ဒယ်ဒီနဲ့ မာမီက ငါ့ဝါသနာကို အစက အပျော်သက်သက်ပဲ ထင်တာဟ"

"ဒါ လူ့ကျင့်ဝတ် ချိုးဖောက်တာမှ မဟုတ်တာ မိုးမခရယ်"

"နင် မသိပါဘူးဟယ် ကျောင်းပြီးရင် ငါ့ကို ဖေဖေ့ညီမရှိတဲ့ အင်္ဂလန်ကို ပို့မယ်တဲ့"

"ရုပ်ရှင်ထဲက အတိုင်းလား"

ကျွန်တော့်စကားကို သူမက နားမလည်။





"ဘာလဲဟဲ့"

"ဩော် တစ်ခါမှ မမြင်ဖူးတဲ့ လူတစ်ယောက်ကို တစ်ခါမှ လက်မထပ်ဖူးတဲ့နင်က အာဝါဟဝိဝါဟ ရောင်းတန်းဝင် ပစ္စည်းအဖြစ် အသုံးချဖို့"

"နင်ဟာလေ"

ကျွန်တော်တို့ ရယ်သံတွေနဲ့ အဆုံးသတ်လိုက်ပါတယ်။

ဒီလိုနဲ့ စာမေးပွဲအောင်စာရင်းထွက်တော့ ကျွန်တော်တို့ အောင်ပါတယ်။ ကျွန်တော်နဲ့ မင်းထွဋ်က ရိုးရိုးမေဂျာပဲ ရပါတယ်။ သူမက ဆေးတက္ကသိုလ်ဝင်ပါတယ်။ အေးသောင်ကတော့ (G.T.C) ဝင်တယ်။ အမြဲမတွေ့ရပေမယ့် သံယောဇဉ်တွေက တိုလှဦးဆိုင်က လက်ဖက်ရည်လို ကျဲတောက်မသွားပါဘူး။

***



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရောက်တော့ အပေါင်းအသင်းစုံလာတယ်။ နေရာဒေသမျိုးစုံက ကျွန်တော်တို့လို ဝါသနာတူတွေ ပေါင်းစည်းမိကြတယ်။ အဲဒီအထဲမှာ ထူးဆန်းတာက ရဲသွေးဆိုတဲ့ မီးဆစ်မေဂျာက သူငယ်ချင်းတစ်ယောက်ပါ။

ဒီကောင်က ကျွန်တော်တို့မေဂျာက စန်းလွင်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ခင်မင်ရာက ဝါသနာတူ စိတ်တူကိုယ်တူဖြစ်ကာ သူ့အတန်း အားသည်နှင့် ကျွန်တော်တို့ဆီကို ရောက်ရောက်လာပါတယ်။

တစ်နေ့ နေ့ရာသီရှမ်းမျှော်ခင်းအောက်မှာ မွန်းတည့်နေမင်းရဲ့ ရက်စက်ခြင်းကို ခံစားရတဲ့ ကျွန်တော်တို့မေဂျာရဲ့ လမ်းမကြီးပေါ် ချွေးသံတရွှဲရွှဲနဲ့ အုပ်စုဖွဲ့လျှောက်ရင်း မိုးမြင့်က ကျွန်တော့်ကို လက်





တို့ပါတယ်။

"ဟောဟိုက ရှေ့က ကောင်မလေးကိုသိလား"

ကျွန်တော်လှမ်းကြည့်ပါတယ်။ နေရောင်တောက်တောက်အောက်မှာ အစိမ်းနုနုလေးကို ဝတ်ထားတဲ့ ကောင်မလေးက အပြာနုရောင်ထီးလေးကို ဆောင်းပြီး ကျွန်တော်တို့ရဲ့ ခပ်လှမ်းလှမ်းကနေ ဦးအောင် ချီတက်နေပါတယ်။

"သူ့ကို ငါမြင်ဖူးတယ်"

ကျွန်တော့်စကားကြောင့် ထင်ပါတယ်။ မိုးမြင့်က အရယ်တကြီးနဲ့ . .

"ဘယ်တုန်းကလဲ"

"အခုလေ"

"ဟာကွာ"

ဒီကောင်က စိတ်ပျက်လက်ပျက်ဖြစ်သွားတယ်။ မင်းထွဋ်နဲ့ ရဲသွေးက တဟီးဟီးနဲ့ သဘောကျပုံရတယ်။ ဒါတောင် ဒီကောင်က အမှတ်မရှိဘူး။ ထပ်မေးပါသည်။

"ဒီကောင်မလေးကို ဘယ်လိုသဘောရလဲ"

"မိန်းမတစ်ယောက်လို့ သဘောရတယ်"

"မဟုတ်ဘူးလေ"

"ဟင် အခြောက်ကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ အဲဒီသဘောမဟုတ်ဘူး"

"သဘောမဟုတ်ရင် စက်လှေလား"

ကျွန်တော့်ရဲ့ တုံ့ပြန်ချက်တွေကြောင့် ဒီကောင်ပြုံးလာပါတယ်။ မျက်လုံး . . .

"မင်း မရစ်နဲ့ တော့"

"ဒါဆို Play အတိုင်းပဲထားလိုက်မယ်"

ဟိုနှစ်ကောင်က တဟားဟား . . .

"သေချင်းဆိုး ငါ့အကောင်းပြောမလို့"

ကျွန်တော်က အဲဒီအခါကျမှ ရယ်ပြီး . . .

"ပြောစေ မောင်မင်း"

"မောင်မင်း မဟုတ်ပါဘူး။ ငါ့နာမည် မိုးမြင့်ပါ"

မိုးမြင့်အပြောကြောင့် ရဲသွေးက . . .

မိုးမြင့်အောင်လို့ ကျောင်းမှာခေါ်၊ အိမ်မှာခေါ် တာ ကလောင်သုံးကား အဲ ကုလားသုံးကောင် မိုးမြင့်အောင် . . .

ဖဲသမားမိုးမြင့်တော့ ဒီပွဲမှာ အနုပ်ခံလိုက်ရသည်။ ရဲသွေးစာချိုးကြောင့် မိုးမြင့်က . . .

"အေး လုပ်ထားပေါ့ကွာ အုပ်လိုက်ရှိတော့ ဝိုင်းဟောင်ထားဦးပေါ့"

"မင်းပြောမှပဲ အူချင်လာပြီ"





မင်းထွဋ်စကားကြောင့် ရယ်မိကြသည်။ မိုးမြင့်က ခုန ကောင်ခလေးကို မေးဆတ်ပြရင်း . . .

"ဒီကောင်မလေးက လှန္တွေ့သိကွာ အရမ်းကြီးတယ်တဲ့"

"ဘယ်နှစ်ဝါရပြီလဲ"

"ဟာ အရေးထဲ"

"ဘော်တနီကွင်းတဲ့ ဘာတဲ့ ဟန်နီသာအေးဆိုလား မသိဘူး"

"နာမည်ကြီးကလည်းကွာ"

ကျွန်တော်ပြောရင်း နှာခေါင်းရှုံ့သည်။

"နာမည်က အရေးမကြီးပါဘူးကွာ"

"ဘာက ကြီးတာလဲ အရေး"

မင်းထွဋ်စကားကြောင့် မိုးမြင့်က ကြောင်တောင်တောင် ဖြစ်သွားပြီး ...

"စာကြောင်းကို ဖောက်ထိုးမလုပ်နဲ့ အဲ ပြောတဲ့စကားတောင် ဘယ်ရောက်သွားပြီလဲ"

ရဲသွေးက စိတ်မရှည်ဟန်နှင့် . . .

"ကြီးတဲ့နေရာ ရောက်သွားပြီ"

"တော်ရုံတန်ရုံ သူ့ကိုလိုက်ဖို့ ခက်တယ်တဲ့"

ဒီကောင့်စကားကြောင့် ကျွန်တော်က အားကျမခံပါ။

"ဟေ့ကောင် ငါက ငယ်ငယ်ကတည်းက ဇွန် လိုက်ဖမ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်နော်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ မိုးမြင့်ရာ စွန့်ပြက်ကျသွားရင် ဘယ်နေရာကို ကျနိုင်မလဲ လေအခြေအနေဘယ်လိုရှိသလဲဆိုတာ ဦးနှောက် အမြန်ကစားရတယ်ဟ"

"ဘာမှ မဆိုင်ဘူး"

"သိဘူးလေ ဆိုင်မလားလို့"

ကျွန်တော်တို့ရဲ့ စကားကြောင့် မိုးမြင့်က စိတ်ရှုပ်သွားဟန် ရှိသည်။

"နေကြစမ်းပါဦးကွာ"

"ညနေစောင်းသွားမှာပေါ့"

"ဘာလဲ"

"မင်းပဲ နေကျစမ်းပါဆို"

ကျွန်တော်တို့ရဲ့ ခပ်တည်တည် စကားတွေဟာ ဟိုရောက် ဒီရောက်ပါ။

"ကဲ ကဲ လိုရင်းကိုသာ ပြောကွာ"

"သူ့ကို လိုက်ဖို့ခက်တယ်ဆိုတာက သူက လိုက်ပြီး ရည်းစား စကားပြောတဲ့သူကို အဖက်မလုပ်ဘူး မသိချင်ယောင်ဆောင်တာ"

"အေး အဖက်မလုပ်ရင် အရည်တော့ လုပ်စေရမယ် မင်းကြည့်နေ"





ကျွန်တော့်စကားကြောင့် မိုးမြင့်က မဖြစ်နိုင်ဘူးဆိုတဲ့ အကြည့် နဲ့ ကျွန်တော့်ကို ကြည့်ပါတယ်။

"အဲဒါ ဟန်နီသာအေးနော်"

"အေး ငါကလဲ ရွှေသွေးမဟုတ်တဲ့ တောကျွေး ကဲ စပြီ မင်းတို့ သူဘေးကဝိုင်းမှာ ထိုင်နေ"

သူမက ရှေ့က ကော့ကော့ ကော့ကော့နဲ့ သင်းပျံ့ပျံ့ဆိုတဲ့ ဆိုင်ထဲ ဝင်သွားပါတယ်။ ဟိုကောင်တွေက သူမဘေးကဝိုင်းမှာ ထိုင်ပြီး အစားအသောက်မှာတယ်။ ကျွန်တော်က လိုက်မဝင်သွား သေးပါ။

ဟန်နီသာအေးကို အကဲခတ်တော့ သူမက အအေးတစ် ခွက်လင်းကို ထမင်းပေါင်းတစ်ပွဲ ကိုမင်းလူ့ရဲ့ စာအုပ်တစ်အုပ်နဲ့ ရော မွှေနေပါတယ်။ အအေးငုံသောက်လိုက် ထမင်းပေါင်း တစ်ဇွန်းခပ်စား လိုက် စာအုပ်ဖတ်လိုက်နဲ့ပေါ့။

ဆိုင်ထဲမှာ နေ့လည်ထမင်းစားချိန်ဆိုတော့ ဝိုင်းက ပြည့် နေပါတယ်။ ကျွန်တော်က သူမရှိရာဝိုင်းကိုသွားပြီး ကိုလေးဖြူ လေသံနဲ့ . . .

"ကျေးဇူးပြုပြီး စကားတစ်ခွန်းပြောလို့ရမလား မတိဘူး"

သူမက ရုတ်တရက်မို့ လန့်သွားဟန်ရှိသည်။

"ကျေးဇူးပြုပြီး ဒီဝိုင်းမှာထိုင်လို့ရမလား မတိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်မှောင်ကြုတ်ပြီးကြည့်တယ်။ နောက်ဘောဇိုင်းတွေကို လှည့်အကဲခတ်တော့ ဗိုင်းတွေပြည့်နေတာကိုမြင်တော့ ခေါင်းညိတ်ပြတယ်။

ကျွန်တော်ဝင်ထိုင်လိုက်ပါတယ်။ စားပွဲထိုး ဝန်ထမ်းကောင်လေးက ထုံးစံအတိုင်း တော်တော်ကြာမှ ရောက်လာတယ်။

"အစ်ကိုလေး ဘာစားမလဲ"

"တူ့ရှိ တစ်ပွဲဝမ်းဆက်"

ကျွန်တော့်ရဲ့ မပီသတဲ့ စကားကြောင့် ကျွန်တော့်ကို စားပွဲထိုးလေးက ခေါင်းကုတ်ရင်းကြည့်သည်။

"အစ်ကို ဘာသားနဲ့လဲ"

ကျွန်တော်က သူမပန်းကန်ကိုလှမ်းကြည့်တော့ စာအုပ်ဖတ်နေတဲ့ ကောင်မလေးက မသိမသာ ကျွန်တော့်ကို စူးစမ်းသည်။

"တူ ဘာသားနဲ့လည်း အဲဒီအတိုင်းပဲ"

ကောင်လေးထွက်သွားတော့ ကျွန်တော်လက်နှစ်ဖက်ကို ပွတ်လိုက်ပြီး လျှာပါတစ်ချက်သပ်လိုက်သည်။ သူမက ကျွန်တော့် လှုပ်ရှားဟန်တွေကို ခိုးကြည့်သည်။

ကျွန်တော်ကလည်း သူမရဲ့ ခြေထောက်ချိတ်ထိုင်ပုံ စာအုပ်ကို ဘယ်လက်တစ်ဖက်နဲ့ အလယ်က ကိုင်ထားပုံကို သိသိသာသာ ကြည့်သည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျွန်တော်





ည်း လွယ်အိတ်ထဲက စာအုပ်တစ်အုပ် ထုတ်ယူလိုက်သည်။ ယ်အိတ်ထဲက စာအုပ်က ငွေကြည်ရဲ့ ပုံပမာကာတွန်းစာအုပ် မလိုပုံစံအတိုင်း ကျွန်တော် စာအုပ်ဖတ်သည်။

ခဏအကြာ စားပွဲထိုးလေးက ထမင်းပေါင်းတစ်ပွဲ အအေး တစ်လုံး လာချပေးပါတယ်။ ပြီးတော့ ကျွန်တော်နဲ့ သူ့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ ကြည့်ပြီးထွက်သွားပါတယ်။

သူမက စာရွက်တစ်ရွက်လှန်ပါတယ်။ ကျွန်တော်လည်း လှန် တယ်။ စာရွက်ကို သူမက ကျော်သွားလို့ထင်သည်။ ခုနစာရွက်ကို န်လှန်တယ်။ ကျွန်တော်လည်း ထိုနည်းအတိုင်းပါပဲ။ အဲဒီတော့ မက ကျွန်တော့်ကို ဆတ်ခနဲကြည့်သည်။ ကျွန်တော်လည်း အဲဒီ တိုင်းပြန်လုပ်တယ်၊

"ရှင်ဘာလုပ်တာလဲ"

သူမရဲ့ ခပ်ဆတ်ဆတ်စကားကြောင့် ကျွန်တော်က မျက်နှာ ယ်လေးနဲ့ . . .

"တူ့ကို တို့ တိပ်ခင်ချင်လို့ပါ"

"အဲဒါဆို ရှင် ရိုးရိုးမိတ်ဆက်ပါလား"

"တို့က တူ့ရဲ့ နေပုံထိုင်ပုံတွေကို စိတ်ဝင်စားလို့ပါ"

ကျွန်တော်က မျက်နှာငယ်လေး လုပ်ပြတော့ ဘာကြောင့်မှန်း သိ ကောင်မလေးက ခေါင်းခါသက်ပြင်းချသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲဝင်လာတဲ့ လူတစ်ယောက်ကို လှမ်းမြင်ပြီး မျက်နှာရှုံ့မဲ့သွားပါတယ်။

"လာပြန်ပြီ တစ်ယောက် စိတ်ညစ်ပါတယ်"

ဝင်လာတဲ့သူက ဒီကျောင်းကတော့ မဖြစ်နိုင် အသက်ကသူတို့ထက် အနည်းငယ် ကြီးဟန်တူသည်။ ကောင်မလေးကို မြင်တော့ . .

"ဟလို ဟန်နီ လိုက်ရှာလိုက်ရတာကွာ အတန်းထဲလည်း ရောက်တယ်၊ မတွေ့မှ ဒီမှာရှိတတ်မယ်ထင်ပြီး လိုက်လာတာ"

"တူ"

ကျွန်တော့်အသံကြောင့် ကောင်မလေးက ရှုံ့မဲ့ရင်း . . .

"ရှင့်ရဲ့ သနဲ့တာ အသံထွက်ကြီးကို စိတ်ညစ်လို့ပါ ကျွန်မနာမည်ပဲ ခေါ်"

"ဒီအစ်ကိုကြီးက မတာအေးရဲ့ မိတ်ဆွေလား"

ပြောမှ ပိုဆိုးသွားပုံရသည်။

"ရှင်လုပ်မှပဲ ကျွန်မအဖေက ထမီဝတ်ရတော့မယ် ဟန်နီနဲ့ ခေါ်ပါ"

"ဟုတ်ကဲ့ ဟန်နီ"

ကျွန်တော်နဲ့ ဟန်နီဆိုတဲ့ ကောင်မလေး စကားပြောခန်းကို ဟိုလူကြီးက ဘာမှ နားမလည်ဟန် တစ်လှည့်စီ ကြည့်နေသည်။





"ကဲ မိတ်ဆက်ပေးရဦးမယ် ဦးမောင်မောင်ကြီး"

ဟန်နီ အခေါ်အဝေါ်ကြောင့် ဦးမောင်မောင်ကြီးမျက်နှာ ရှုံ့မဲ့ကာ . . .

"ကိုမောင်လို့ခေါ်လည်း ရပါတယ် ဟန်နီရယ်၊ ပြောထားသားနဲ့"

ဟန်နီက ရယ်ချင်ဟန်ရှိသည်။

"ကဲ ကိုမောင်မောင်ကြီး သူက ကျွန်မတို့ ကျောင်းကပဲ"

"တေဇလို့ခေါ်ပါတယ်၊ ကျေးဇူးပြုပြီး မတ်တပ်ရပ်ပေးလို့ရလား မတ်ဘူး"

ကျွန်တော် မတ်တပ်ထရပ်တော့ ဟိုလူကြီးက ကြောင်ပြီး မတ်တပ်ထရပ်ပါတယ်။ လက်ဆွဲနှုတ်ဆက်ပြီးတော့ ဟန်နီဆိုသူ မိန်းသမီးက ပြုံးထေ့ထေ့နဲ့ . . .

"ဩော် တေဇ ဆိုတာ ရှင်ကိုး . . ."

ကျွန်တော့်အကြောင်းတွေကို သူမ သိနေဟန်တူသည်။

"ရှင်တို့အခန်းမှာ ကျွန်မသူငယ်ချင်းတွေရှိပါတယ် ရှင်က နာမည်ကြီးပဲ"

ကောင်မလေးတစ်ယောက်က အခုလိုပြောလာတော့ ကျွန်တော့်မှာ ဂုဏ်ယူလို့သာ ရယ်စရာလုပ်ရမလား အဟီးလို့ပဲ ရယ်ရမလား မသိတော့ပါ။

"နေက တော်တော်ပူတာပဲ၊ ဂျီသြမေတြီနည်းအရ ပြောမယ်

www.burmeseclassic.com



ဆိုရင် ကမ္ဘာကြီးက တော်တော်ပူတာပဲ”

ဟိုလူကြီးစကားက ဘာမှမဆိုင် နေပူတာနဲ့ ဂျိုသြမေ တွီနည်းအရဆိုတာ လုံးဝမပတ်သက် အိုဇုန်းလွှာလည်းမဟုတ် ဘာကြီးလဲဟ။

ကျွန်တော့်ရဲ့ အမူအရာကြောင့် ဟန်နီ ကိုလူကို မသိမသာမေးဆတ်ပြရင်း နှာခေါင်းရှုံ့ပြသည်။

လူကြီးက အိုက်စပ်စပ်ဟန်နဲ့ ကော်လံစကို ကိုင်ခါရင်း သူ့ရင်ဘတ်ကြားက ပြူးတုပြဲတဲ့ ရွှေဆွဲကြိုးကြီးကို ဟန်နီသာအေး မြင်အောင် ထုတ်ကြွားပါတော့သည်။ ဒီနောက် ကျွန်တော်တို့လက်ထဲက စာအုပ်တွေကို တစ်လှည့်စီကြည့်ရင်း . . .

“ဒါ မြန်မာပြည်ထုတ် စာအုပ်တွေပဲ”

ဘယ့်နှယ်ဟာကြီးလဲလို့ရေရွတ်ရမလိုလို ထူးဆန်းပါပေ့ ခေါ်ရွတ်ရယ်လို့ ငြီးရမလိုလို။ ထိုလူကြီးက ကျွန်တော့်ဘက် ရုတ်တရက်လှည့်ပြီး ...

“မင်း အဲ့ဝင်ကို ဘယ်လိုမြင်လဲ”

“သူ ဒဏ်ရာအတော်ရထားတယ်လို့ ကြားတယ်”

လူကြီးက မျက်မှောင်ကြုတ်သည်။ စိတ်ပျက်ဟန်နှင့် ခေါင်းခါရင်း . . .

“မင်းနဲ့ ငါ ဂျိုသြမေတွီအရ ကြည့်မယ်ဆိုရင် ဝင်ရိုးစွန်းတစ်ခုး





ဖြစ်နေပြီ။ ငါပြောတဲ့ အိုင်ဝင်က သမဝါယမနေ့စ်ကို ထူထောင်တဲ့ ရောဘတ်အိုဝင်ကွ”

“ကျွန်တော် သူ့ကို လမ်းမှာတွေ့ရင် မသိချင်ယောင်ဆောင်ပြီး နေတာ”

လူကြီးက မျက်လုံးပြူးပြီး . . .

“ဘာဖြစ်လို့လဲ”

“သူ ဆန်ခြင်ရင် တစ်ပြည်မပြည့်ဘူး”

လူကြီးက မျက်နှာရှုံ့မဲ့သည်။ ဟန်နီက ရယ်ချင်ချင် . .

“မင်း အာလူးစားသူများကို ဘယ်လိုမြင်လဲ”

“အာခေါင်ကပ်တယ် အစ်ကို”

“ဟုတ်တယ် အဲဒီလို မွန်းကြပ် . . . မဟုတ်ဘူးလေ ကိုယ်ပြောတာက ဗန်ဂိုးရဲ့ ပန်းချီကားကိုပြောတာ”

ဟိုဘက်ဝိုင်းက အုပ်စုကလည်း ကျွန်တော်တို့စကားကို ကြားပုံရသည်။ ပြုံးစေ့စေ့တွေနဲ့ပါ။

ဟန်နီက ကျွန်တော့်ကို ဘယ်နှယ့်ရှိစဆိုတဲ့အပြုံးနဲ့ကြည့်နေ၏။ စိတ်ထဲကတော့ ပြောမိသေးသည်။ ခြေဘ် တော့ဆိုတာ နင်ကြားဖူးမှာပါ ဟန်နီရယ်လို့ ။ ကျွန်တော်က အပြာရောင်နောက်ခံကောင်းကင်ကြီးရဲ့ တစ်နေရာကို လက်ညှိုးညွှန်ပြသည်။

“ဟိုး . . .မှာ ကြည့်စမ်း အစ်ကိုကြီး”



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးတင်မဟုတ်ပါ။ ဟန်နီရော ဟိုဘက်ဝိုင်းက သကောင့်သားတွေပါ လှမ်းကြည့်ကြသည်။ လူကြီးက . . .

"အဲဒါ လေယာဉ်ပျံလေ"

"ကျွန်တော်မသိလို့ မေးပါရစေ လေယာဉ်ပျံဖင်ထဲက ထွက်လာတဲ့ အဖြူတန်းအရှည်ကြီးက လေယာဉ် သေးပေါက်တာပေါ့နော် အစ်ကို"

ဟန်နီက ရယ်ချင်ဟန်ရှိပါသည်။ ပါးစပ်ကို စာအုပ်နဲ့ ကွယ်ထားသည်။ ဟိုလူကြီးက အုန်းဆီမှောက်ကျထားသလားထင်ရတဲ့ သူ့ခေါင်းပေါ်က ကျိုးတို့ကျဲတဲ ဆံပင်ကို လက်ဖဝါးနှစ်ဖက်နဲ့ ပုံမပျက်အောင် လှမ်းဖိရင်း ကျွန်တော့်ကို သိပ်တုံးတဲ့အကောင်ဆိုတဲ့ အဓိပ္ပာယ်ဆန်တဲ့ အကြည့်နဲ့ ကြည့်ရင်း . . .

"ဂျိုသြမေတြီအရကြည့်မယ်ဆိုရင် အဲဒါလေယာဉ်ရဲ့ မီးခိုးတန်းပေါ့ကွာ၊ မင်းသိမှာပေါ့ကွာ ကမ္ဘာကြီးကို လောင်ဂျီကျု့ လတ္တီကျု့ မျဉ်းတွေနဲ့ ဖွဲ့စည်းထားတာ"

"အဲဒီမျဉ်းက အထီးလား အမလား အစ်ကိုကြီး"

"ဟာတွာ အဲလေ ဟာကွာ"

ရယ်သံတွေ ဆူညံသွားသည်။ ကျွန်တော်က မသိနားမလည် သူလို့ . .

"မင်းတော်တော်တုံးတဲ့ကောင်လေးပဲ အဲဒီမျဉ်းတွေက စီးတဲ့





မြင်း မဟုတ်ဘူးကွ၊ လိုင်းဆွဲထားတဲ့ မျဉ်းကွေး မျဉ်းတန်းတွေကို ပြောတာ"

"ဟာ ဒါဆိုရင် သွားပြီပေါ့ဗျ ဂျိုသြမေတြီအရကြည့်မယ်ဆိုရင် လေယာဉ်ပျံတွေ ငြိဟက်တုတွေ လွန်းပျံယာဉ်တွေနဲ့ အဲဒီမျဉ်းတန်းတွေနဲ့ တိုက်မိတာပေါ့နော်"

သူ့စကားကို ယူသုံးတော့ ကျွန်တော့်ကို သိပ်မကြည်ချင်။

"ဟာကွာ မင်းကလည်း တုံးလိုက်တာ"

ကျွန်တော်က စပ်ဖြဲဖြဲနဲ့ ...

"ကျွန်တော့်ကို ငယ်ငယ်က တုံးတုံးလို့ခေါ်ကြတာ အခုနောက်ဝိုင်းမှ သူငယ်ချင်းတွေက ချွန်ချွန်လို့ ပြောင်းခေါ်ကြတာ"

"ဘာလဲကွ"

"ညဏ်ရည်ချွန်တာကို ပြောတာပါ အစ်ကိုကြီးရဲ့"

"ဒါနဲ့ ဘယ်ရောက်သွားပြီလဲ"

"အိမ်ပြန်သွားပြီလေ"

"ဘာလဲကွ"

"ခုနဈေးလာရောင်းတဲ့ ကောင်မလေးမဟုတ်ဘူးလား"

"ဟာတွာ အဲလေ ယောင်လို့ ဟာကွာ ငါပြောတဲ့ စကား ဘယ်ရောက်သွားပြီလဲလို့"

"လောင်ဂျီကျု့မျဉ်းတွေလေ အစ်ကိုသွားဆွဲထားတာလား

www.burmeseclassic.com

www.burmeseclassic.com



လေထဲမှာ အစ်ကို ဘယ်လိုခုံစုပြီး ဆွဲလဲဟင်"

ဟန်နီက ရယ်ပါတော့သည်။ ကျွန်တော်က သူဆက်မပြောခင် ကျွန်တော်က တရစပ်ပြောပါတော့သည်။

"ဒါဆိုရင် ဂျီသြမေတြီအရ ကြည့်မယ်ဆိုရင် အောက်က ပညာရှင်တွေက မှန်ပြောင်းကြီးနဲ့ကြည့်တော့ အစ်ကိုက လုံချည်ဝတ်ထားရင် အောက်စလွတ်မှာတော့ သေချာတယ်။ ပညာရှင်တစ်ချို့က ကမ္ဘာပတ်လမ်းကြောင်းထဲ ဘယ်က ဂြိုဟ်သေးဂြိုဟ်မွှား အမြီးပူးဝင်လာလည်းလို့ တွေးပြီး ဦးနှောက်ရှုပ်ထွေးရင်သွားပြီ . . . အစ်ကို့ပုံကြီးလည်း CCTV တို့ ဘာတို့မှာ ပါလာသင့်တယ်။ ဟုတ်လား အစ်ကိုကြီး"

"ဟာကွာ . . အဲလေ . . တော်ပြီ မင်းတို့လို ဉာဏ်ရည်နိမ့်တဲ့ကောင် နဲ့ စကားပြောရတာ မောတယ် . . သွားတော့မယ် . ."

ဘေးကအိတ်ကြီးကို ဆွဲယူပြီးထွက်ဖို့ ကုန်းအထမှာ . .

"ဂျီသြမေတြီအရ ကြည့်မယ်ဆိုရင် အစ်ကိုကြီး ရုတ်တရက် မထသင့်ဘူး . . ."

ကုန်းကုန်းကြီးဖြစ်နေရာမှ ကျွန်တော့်စကားကြောင့် . . .

"ထတယ်ကွာ . . .ဟိုက် . ."

ရုတ်တရက်အထမှာ စားပွဲရဲ့သစ်သားခြေထောက်စွန်းက သံခေါင်းနဲ့ညိနေတဲ့ လုံချည်စကြောင့် လုံချည်သည် ကျွတ် ကျန်ခဲ့ရ





ပါတယ်။

တစ်ဆိုင်လုံးက ထိုလူကြီးရဲ့ အဖြစ်အပျက်ကြောင့် ပထမတော့ အံ့သြသွားကာ တိတ်ဆိတ်သွားကြတယ်။ နောက်မှ ဝေါခနဲ ရယ်သံတွေ ကြားရပါသည်။ ကျွန်တော်က ရယ်ဖြဲဖြဲနဲ့ . . .

"ဂျီသြမေတြီအရ ကြည့်မယ်ဆိုရင် ဒီနားမှာ မှန်ပြောင်းနဲ့ ပညာရှင်တွေ မရှိကြပါဘူး"

ထိုလူကြီးသည် ရှက်ရှက်နဲ့ လုံချည်စွန်တောင်ဆွဲကာ အိတ်ကြီးကိုင်ပြီး ကိုယ်ယို့ကားယား ထွက်သွားပါသည်။ ဗင်းဆင့်ဗန်ဂိုးတော့ မသိဘူး ကာတွန်းဆရာသာသိရင် ပြောင်မြောက်အောင် ကာတွန်းရေးမှာ သေချာပါသည်။

"နင်နဲ့တွေ့မှပဲ အဲဒီလူကြီးရဲ့ ဝင့်ကြွတ်တော့တယ် တကယ်ပဲ"

"ငါလည်း ပထမတော့ လွှတ်ပေးထားတာဟာ နောက်တော့ နားကြားပြင်းကပ်လာတာနဲ့ အခုလို ဖြစ်သွားတာ"

"အလကားပါဟာ ပြောတော့ စကားကြီး စကားကျယ်၊ သုံးတန်းတောင် မအောင်သေးဘူး လူအထင်ကြီးအောင် လျှောက်ပြောနေတာ"

ကျွန်တော်က ဟန်နီ့စကားကြောင့် . . .

"နင့် ရည်းစားလား"

ဟန်နီက မျက်စောင်းလှလှထိုးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြီး နင်ပဲယူတော့"

"တို့ကို ဒီလိုမပြောပါနဲ့ဟယ်"

ကျွန်ရတော့အမှုအရာစကားတို့ကြောင့် ဟန်နီက ဟက်ဟက်ပက်ပက်ရယ်ရင်း . . .

"နင်ဟာလေ တကယ်လူပျော်ပဲ ၊နင့်ကိုတော့ ငါခင်သွားပြီ ကဲ ခင်မင်တဲ့ အထိမ်းအမှတ်နဲ့ ဒီဝိုင်းဖိုးငါရှင်းမယ်"

"ငါတို့ရော ပါတယ်နော်"

ရုတ်တရက် ဟိုဘက်ဝိုင်းကအသံနဲ့ စားနေတဲ့ ပန်းကန်တွေကိုကိုင်ကာ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဒီဘက်ဝိုင်းကို ကူးလာပါတယ်။

စပ်ဖြဲဖြဲ မျက်နှာတွေနဲ့ ဒီကောင်တွေကိုကြည့်ပြီး ဟန်နီက ရင်ဘတ်ဖိကာ ...

"ဟောတော်"





နိုင်နိုင်ရှုံးရှုံး အခွင့်ရေးအားလုံးနဲ့ လဲပြစ်ရို့
ဒီအိပ်မက်ကို ငါမက် မယ်။
အတင့်ရဲတယ်လို့ ထင်ချင်ထင်
အကျအရှုံးများလည်းများ
အခက်အခဲဆုံး လောင်းကစားပွဲမှာ
ဒီတစ်ခါ။



www.burmeseclassic.com

www.burmeseclassic.com



အသစ်ထပ်ပေါက်လာတဲ့ အိပ်မက်ရှက်နုတွေ ရင်ထဲမှာ ဝေဝေဆာဆာရှိတာ ချစ်တဲ့သူလေး ယုံကြည်ပေးပါ့မလား။

နှစ်ကာလ ဘယ်လောက်ကြာကြာ ဟောင်းနွမ်းမသွားတဲ့ ရင်ထဲက ချစ်ခြင်းမေတ္တာက ရဲရင့်ပါတယ်ဆိုတဲ့ အမှန်းတွေ ငိုကြွေးထွက်ခွာသွားမှာ ချစ်သူလေး သိစေချင်သည်။

ဆတ်ကော့လတ်ကော့အရွယ်ကတည်းက သံယောဇဉ်တွေကို (ခါးထစ်) ခွင်ချိတ်ထားတဲ့ကောင်ပါ မိုးမခရယ်။ သီတင်းကျွတ်ကိုင်မတ်ဝန်းကျင်နဲ့ ခပ်စိမ်းစိမ်းနေတတ်တဲ့ အပျိုကြီးတစ်ယောက်လို နင် ငါ့ကို အသိအမှတ်မဲ့မှာ ငါကြောက်တတ်ပါတယ်။

လာနေကျ လမ်းလေးပေါ်မှာ သံယောဇဉ်ငယ်စာရင်းဇာစာအုပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ခေါင်းငုံ့လျှောက်လာပါတယ်။





ကျွန်တော့်ရှေ့က သူမ ဖြတ်လျှောက်သွားပေမယ့် ကျွန်တော့်ကို အမှတ်မထားဘဲ သူ့အာရုံနဲ့သူ ရှိနေတယ် ထင်ပါရဲ့။

ကျွန်တော်က သူမနောက်က မသိမသာ ကပ်လိုက်သွားပါတယ်။နောက် "မုန့်သာသာနပ်ခါးအလွမ်း" သံစဉ်ကို လေကလေးတချွန်ချွန်နဲ့ပေါ့။ သူမ လျှောက်နေရာမှ တုံ့ခနဲရပ်လိုက်ပါတယ်။ နောက် ဖြုန်းခနဲလှည့်ကြည့်တော့ ကျွန်တော့်ကိုလည်းမြင်ရော ပျော်ရွှင်အံ့ဩသွားပုံက ဘယ်လောက်များ လှလိုက်သလဲဆိုရင် ကေတီဟုမ်းတို့ ဂျူလီတို့ကို နားရွက်ဆွဲပြီး ခေါ်ပြချင်လိုက်တာ။ (အပိုပြောတာ မဟုတ်ပါဘူး)

"ကိုယ်တော် အခုမှ နင်ရောက်လာတယ်နော် ဘယ်ကိုလာတာလဲ၊ ငါ့ဆီလား"

သူမ ရင်ဘတ်ကိုသူမ ပြန်ဖိရင်း မေးပုံက တစ်နေကုန် ထိုင်ငေးကာ ကြည့်ချင်သည်။ (ဗိုက်ပြည့်နေမယ်ဆိုရင်ပေါ့။)

"ဟင့်အင်း"

ကျွန်တော့်ရဲ့ ငြင်းပယ်ပုံကြောင့် သူမက စိတ်ကောက်သွားဟန် လုပ်ပြတယ်။

"သြော် နင့်ကို ငါပြောဖို့မေ့နေတယ် ဟိုကောင်တွေကိုတော့ ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ငါ ရည်းစားရသွားတာ"

"ဟင်"

သူမ မျက်နှာအပြောင်းအလဲကို ကျွန်တော် မသိချင်ယောင် ဆောင်ပြီး ဆက်ပြောမိပါတယ်။ အိတ်ကပ်ထဲက အရာကို ဆွဲထုတ်ပြီး သူမကို ကမ်းပေးသည်။

"အဲဒါ ငါ့ရည်းစားဓာတ်ပုံ ရော့ နှင်ကြည့်စမ်း"

သူမက အယောင်ယောင်အမှားမှားနဲ့ လှမ်းယူသည်။ သူမ စာအုပ်တွေကို ကျွန်တော်လက်ပြောင်းယူထားလိုက်ပါသည်။ သူမက ကပ်ဖူးအခေါက်လေးကို အသာ[illegible]ဖွင့်လိုက်ပါတယ်။ သူမ မျက်မှောင်ကျုတ်ပြီး စဉ်းစားဟန်ပြုပါတယ်။

ဟုတ်ပါတယ်။ သူမဖွင့်လိုက်တဲ့ စက္ကူခေါက်လေးထဲမှာ ဘာဓာတ်ပုံမှမရှိ လက်တဝါးသာသာ စက္ကူခေါက်လေးထဲမှာ ခဲတံနဲ့ အနားသတ်ကောက်ကြောင်းခြစ်ထားတဲ့ မင်းသမီးကနေဟန်ပုံ ဆိုသာယုံလေး။ သူမက အခုထက်ထိ သဘောမပေါက်နိုင်သေး။

"ဟင် ဘာပုံကြီးလဲ"

'အဲဒါ ဟိုး လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်ကပုံလေ အမှန်က ဓာတ်ပုံက လှမျှားဝိုင်းကြည့်မှာစိုးလို့ အဲဒီကနေ မင်းသမီးလေးရဲ့





ဓာတ်ပုံကို မှနဲ့ အသာထွင်းပြီး ဖယ်ထားတာ ပြီးမှ ဒီစက္ကူကဒ်ထူပေါ်မှာ အနားသတ် ကောက်ကြောင်းလေးရေးခြစ်ထားတာ။ ဘယ်သူမှန်း ဘယ်သူကမှ မသိပေမယ့် ငါ့အာရုံစိတ်ကူးထဲမှာတော့ ထင်ထင်ရှားရှား ရှိနေပါတယ်။ အဲဒီကောင်မလေး နာမည်က ..."

"ဟော့ ဟော့ နှင်နော်"

သူမက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်လက်မောင်းကို ဆွဲဆိတ်သည်။

"ဘာလဲဟ ငါမှ နာမည်မပြောရသေးတာ သူ့နာမည်က"

"တော် နှင်ဘာဖြစ်နေတာလဲ"

သူမ မျက်နှာရဲတွတ်နေပါသည်။

"သူ့နာမည်က ယင်းတော်မလေးတဲ့"

ကျွန်တော် ဒီလိုပြောလိုက်တော့ သူမက နှုတ်ခမ်းကိုက် မျက်စောင်းထိုးသည်။

"မယုံဘူးလား အဲဒီကောင်မလေးက သနပ်ခါးသိပ်ကြိုက်တာဟ အဲ နှင်လိမ်းထားသလိုပဲ"

သူမကို ရုပ်တည်တည်နဲ့ပြောတော့ သူမက လမ်းလျှောက်ရာရပ်ရင်း နှုတ်ခမ်းကိုက်ကာ ဟန်ဆောင် ဒေါသထွက်ပြရင်း ...

"တော..ဇ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ဟုတ်တယ် သူ့လည်း အဲဒီလို ဒေါသထွက်တတ်တယ်။ နင်မျှားလား မသိဘူး"

သူမက ကျွန်တော့်ကျောကို တအုန်းအုန်းထုသည်။ ကျွန်တော်က နာကျင်ဟန် ရှုံ့မဲ့ပြတော့မှ သူမက ရပ်လိုက်သည်။

ကျွန်တော်တို့ ရှေ့လမ်းဆုံဆိုရင် ခွဲရတော့မည်။ ကျွန်တော်နှင့် သူမ မတိုင်ပင်ပဲ ခြေလှမ်းတွေရပ်ကာ တစ်ဦးကိုတစ်ဦး ရင်ဆိုင်ကြည့်မိကြပါတယ်။

"မိုးမခ"

သူမက နူးနူးညံ့ညံ့လေးပြုံးရင်း ကျွန်တော့်ကို မော့ကြည့်သည်။

"ဒီ ခတ်ပုံပိုင်ရှင် ဘယ်သူဆိုတာ နင် သိလောက်ပါပြီ နင့်ကို ငါ ချစ်တာကြာပြီဆိုတာ နင်သိတယ် မဟုတ်လား မိုးမခ"

သူမက ခေါင်းညိတ်ပြပါတယ်။

"နင် ငါ့ကိုချစ်တယ်ဆိုတာ ငါသိနေတယ် ဆိုရင်ရော"

သူမက သွားဖွေးဖွေးလေးတွေ ပေါ်အောင်ပြုံးရင်း ခေါင်းညိတ်ပြပါတယ်။

"ရော့"

ကျွန်တော်သူမရဲ့ စာအုပ်တွေကို သူမထံ ပြန်ပေးလိုက်ပါတယ်။





"ကဲ ငါသွားမယ် နောက်နေ့ ငါလာကြိုမယ်"

"အင်း"

ကျွန်တော်လှည့်ထွက်မယ်လုပ်တော့ . . .

"တေဇ"

ကျွန်တော်လှည့်ကြည့်လိုက်ပါတယ်။

"နင်ဟာ ငါ့နှလုံးသားထဲက တစ်ဦးတည်းသော လူရွှင်တော်ပါဟာ ကဲ ငါသွားမယ်"

သူမက အရင်ဆုံး ကျောခိုင်းထွက်ခွာသွားပါတယ်။ ကောင်းကင်ကို ကျွန်တော်မော့ကြည့်တော့ ညနေငှက်တစ်အုပ်က အချစ်ရဲ့ သင်္ကေတကို ပုံစံဖော်ရင်း ပျံသန်းနေကြပါလားလို့ ကျွန်တော် ရူးရူးနှမ်းနှမ်း တွေးလိုက်မိသည်။ ဒီလိုပါပဲ အချစ်ဆိုတာ ခံစားမိရင်း ရူးတတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်းကြိုက်တဲ့ မောင် . . မောင်"

ကျွန်တော်အသံပေးဟန်လေးနဲ့ အိမ်ပေါ်တက်လာတော့ ပက်လုံးစမ်းနေရင်းက ကိုရွှေနိုင်ပိုက ပြုံးပြီး . . .

"ဩော် မင်းကို တော်တော်ပင့်ယူရပါလား တော့"

"ဒါတော့ အစ်ကိုရယ် ဟိုအိမ်ကလည်းပင့် ဒီအိမ်ကလည်းပင့်နဲ့ နတ်တို့မည်သည် လာဘ်ထိုးကောင်းတဲ့အိမ်၊ နိုင်ငံခြားဖြစ် ဝီစကီ ပါတဲ့အိမ်ဆို ကြာကြာဝင်ရတာလည်း ရှိတယ်လေ။ ကျွန်တော်တို့က ဝီစကီမပေါ်ခင်ကတည်းက နတ်ဖြစ်လာတော့ အခုမှ အတိုးချ ပြီး မူးရတာ အဲလေ ပူးရတာ"

ကျွန်တော့်စကားကြောင့် ကိုရွှေနိုင်ပိုက တဟားဟားရယ်သည်။ ကျွန်တော်က ကိုရွှေအနားဝင်ထိုင်တော့ ...





"မင်း နောက်အပတ် သောကြာနေ့အားလား"

"နောက်အပတ် နောက်အပတ် အင်း ကျောင်းတစ်ရက်တော့ [illegible]ရလိမ့်မယ် ဘာကိစ္စလဲ အစ်ကို"

"ငါတို့ဆိုင်းကို ပဲခူးအနီးနားက ရွာက လာငှားတယ်။ မင်း [illegible]ိုက်နိုင်မလား"

"ဘယ်သူတွေပါလဲ အစ်ကို"

"အေး အဲဒါပြောမလို့ အရင်က ငါတို့ဆိုင်းက ကိုသက်ဦးနဲ့ [illegible]မင်းဟန်တို့က ဇာတ်အဖွဲ့တစ်ခုနဲ့ လိုက်သွားတယ် တော်တော်နဲ့ [illegible]နိုလာဖြစ်မှာ မဟုတ်ဘူး။ မင်းနဲ့ တွဲရမယ့်သူ ငါလိုက်ရှာလိုက် [illegible]မယ်"

ကိုရွှေ့စကားကြောင့် ကျွန်တော်က . . .

"အစ်ကို ကျွန်တော်တို့ကို ယုံတယ်မဟုတ်လား"

အမေးကိုမဖြေပဲ ကိုရွှေကပြုံးသည်။

"ကျွန်တော့်သူငယ်ချင်းတွေရှိတယ် ကျွန်တော်တို့အတွက် [illegible]ခွင့်အရေးပဲ ကိုရွှေ။ ဒီအခွင့်အရေးကို ကျွန်တော်တို့ လက်လွှတ်ခံ [illegible]မဖြစ်ဘူး"

"ဘယ်သူတွေလဲ ကျောင်းတုန်းက ဟိုကောင်လေးတွေလား"

"အဲဒီထဲက အေးဆောင်မပါတော့ဘူး သူက မအားဘူးကိုရွှေ



www.burmeseclassic.com

www.burmeseclassic.com



မင်းတွင့်ပါမယ် နောက်နှစ်ယောက်ထပ်ပါမယ်”

“ကောင်းတယ် လူများတော့ မင်းတို့ အားရှိတာပေါ့။ ဒါနဲ့ မင်း ကောင်မလေးရော”

ကျွန်တော်က ပတ်လုံးတစ်ခု တစ်ချက်လှမ်းတီးရင်း . . .

“ကျွန်တော်လည်း သူ့ကို ပါစေချင်တာ”

ကိုရွှေက ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး . . .

“အမှန်ကတော့ သူမပါလည်း ငါတို့ဆိုင်းဝိုင်းက ဘာမှ အရေး မကြီးဘူး။ ငါတို့က အငြိမ့်မှမဟုတ်တာ။ ဒါပေမဲ့ မင်းတို့အုပ်စုက ငါဖြစ်စေချင်တယ် တကယ်”

“ကျွန်တော် မိုးမခကို အောင်မြင်ကျော်ကြားတဲ့ မင်းသမီးတစ် ယောက် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ထင်လည်းထင်ခဲ့တယ် ပြောရရင် ယုံကြည်နေတယ်ဆို ပိုမှန်မယ်ကိုရွှေ၊ ဒါပေမဲ့ သူ့အိမ်က အပျော်သက်သက်ကလွဲရင် ပရော်ဖက်ရှင်နယ်လောကအဖြ အရောက်ခံမှာ မဟုတ်ဘူး။ ဒီအလုပ်ကြီးကို သူတို့က တစ်မျိုးမြ နေတာ”

ကိုရွှေက ခေါင်းညိတ်ပြသည်။

“ဒါပေမဲ့ ကျွန်တော် မိုးမခရဲ့ စိတ်ဓာတ်ကိုသိတယ်”

ကိုရွှေက ကျွန်တော့်ကို လှမ်းကြည့်တာ ကျွန်တော် သိပါတယ်





ဆိုင်းသံကြားရင် ကချင်တဲ့ မိုးမခရဲ့ စိတ်ဓာတ်ကို ကျွန်တော် သိတယ် သူမပြောနေကျ ဆေးကုသရင်း အငြိမ့်ကချင်တယ်တဲ့။

နင် အခက်အခဲတွေကြားက ရုန်းထွက်လိုက်စမ်းပါ ချစ်သော အချေသည် . . .

* * * *



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟျောက်ချက်သား ကောင်းနေပါလား ကိုယ်တော်ကြီး၊ ဘယ်လျှောက်သွားနေတာလဲ"

ဟန်နီက သင်တန်းတစ်ခုက ပြန်လာဟန်တူသည်။ သူ ဟန်နီက ရှေ့သွားလမ်းတစ်ခုရဲ့ လမ်းအလယ်မှာ ဆုံတွေ့ခြင်းဖြ သည်။ သူက ဟန်နီနဲ့အတူ ရင်ပေါင်တန်းလျှောက်ရင်း ...

"ဒီလိုပါပဲဟာ ..."

"ရှင်းလိုက်တာဟာယ် "

နှစ်ဦးသား ရယ်မိကြပါတယ်။

"နင် ငါ့ဆီလဲ လာခဲ့ပါဦးဟယ်၊ နင် ငါ့လိပ်စာသိနေရဲ့သားနဲ့"

"မလာရဲဘူးဟ"

"ဘာဖြစ်လို့လဲ"





"ခြော် ...နင့်အဖေက ငါ့ကို နင့်ရည်းစားအောင်းမေ့လို့ အတင်းစစ်ဆေးမေးမြန်းရင် ငါက ရှက်တတ်တယ်ဟ"

"အောင်မာ ..."

"အောင်ပါတယ်၊ ဆေးစစ်ချက်တောင် ရှိသေးတယ်"

သူမက သူ့လက်မောင်းကို ဆွဲဆိတ်ပါတော့တယ်။ ကျွန်တော် ရယ်ရင်း ...

"နင် အားလား"

"စကားအကောင်း ပြောဟာ"

"ခြော် ... တကယ်ပြောနေတာဟ၊ နင်ကလဲ ငါ့စကားဆို ဘယ်တော့မှ မယုံကြည်ဘူး"

"နင်ကလဲ ယုံအောင် ပြောတတ်လို့လား"

"ခြော်... ဟိုဝတ္ထုခေါင်းစဉ်လို ယုံအောင်လဲ ပြောတတ်တယ်၊ လွမ်းအောင်လဲ ချွဲတတ်တယ်"

ဟန်နီက ဆွဲဆိတ်ပြန်သည်။

"ကဲ ... စကားအတည်ပြောမယ်၊ အတည်ဆိုတာ တရုတ်ကြီး မဟုတ်ဘူးနော်"

"လုပ်ပြီ ..."

ဟန်နီက စလို့ ကောင်းပါသည်။ ကျွန်တော်ကလည်း သူမကို တွေ့ရင် စချင်နောက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆိုင်းဝိုင်းတစ်ခုနဲ့ ပဲခူးနားက ရွာကို သွားမလို့ဟ"

"လူရှင်တော်လောကထဲ ခြေစုံပစ်ဝင်မယ်ပေါ့"

"ဟင့်အင်း၊ ကားစီးပြီးဝင်ရမှာ ဝေးတယ်"

သူမက ပြုံးသည်။ ကျွန်တော်က ဆက်ပြောပါတယ်။

"သောကြာနေ့လောက်သွားမှာ၊ နင် လိုက်ခဲ့ပါလား၊ နင့်အိမ်က ထည့်မယ်ဆိုရင်ပေါ့"

"ထည့်တာတော့ ထည့်ပါတယ်၊ ဒါပေမယ့် ငါက အဲဒီနေ့ ခရီး ထွက်ရမှာ၊ မအားဘူးဟ"

"ဘယ်ကိုလဲ .."

"ဖေဖေ့အစ်မ၊ ငါ့ကြီးတော်ကြီးနေတဲ့မြို့"

"ဘယ်မြို့လဲ"

"မင်းလှ"

"ဪ ...ငါမလှတဲ့မြို့ပေါ့"

အဲဒီနေ့က ဟန်နီနဲ့ တောင်စဉ်ရေမရ စကားတွေပြောပြီး လမ်းခွဲတစ်ခုမှာ နှုတ်ဆက်ပြီး ကျွန်တော် ထွက်ခွာလာခဲ့ပါတယ်။





"ဖြစ်ပါ့မလားဟယ်"

မိုးမခက ကျွန်တော့်လက်ဖဝါးကို ဆုပ်ကိုင်ရင်းပြောသည်။ ကျွန်တော်နှင့်မိုးမခ သူမကျောင်းအပြန် လမ်းပေါ်က ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ရင်း မနေ့က ကိုရွှေနဲ့ ဆွေးနွေးခဲ့သမျှကို သူမကို ပြောပြနေခြင်းဖြစ်ပါတယ်။

"ဒါဆို နင် မကချင်ဖူးပေါ့"

ကျွန်တော် ပြုံးစစနဲ့မေးတော့ သူမက အပြုံးနဲ့ အခုလို ပြောပါတယ်။

"လိုက်မယ်လို့ ပြောလိုက်လေ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်မိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဆိုတဲ့ အဓိပ္ပာယ်ကို အခု ကျွန်တော်နားလည်လာတယ်။ သံယောဇဉ်ကြိုးမျှင်က သံမဏိကြိုးထက် ပိုခိုင်မာတာ ကျွန်တော် ယုံကြည်လာတယ်။

ချစ်ရတဲ့ ကောင်မလေးအတွက် ကျွန်တော်ဟာ လေပြည်ဖြစ်ခွင့် ရှိသလို အိပ်မက်ဆိုးတွေကို မောင်းထုတ်နိုင်တဲ့ ဖန်ဆင်းရှင် တစ်ယောက်လည်း ဖြစ်ခွင့်ရှိပါတယ်။

ကမ္ဘာလောကကြီးမှာ ချစ်ခြင်းမေတ္တာရဲ့ ကျေးဇူးကြောင့် နေရကိုးရတာ ပိုမိုကောင်းမွန်လာတယ်လို့ ယုံကြည်ခဲ့ပါတယ်။

သူမအတွက် အကာနဲ့သီချင်းတွေတိုက် ကျွန်တော်တို့ ပြက်လုံးတွေ ကြိုတိုက်၊ ရယ်သံနဲ့ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ငြိမ်းချမ်းမှုတွေ ကိုရွှေတို့အိမ်လေးမှာ ပန်းပွင့်အသစ်တွေနဲ့ မွှေးပျံ့နေတဲ့ ဥယျာဉ်တစ်ခုလို ဖြစ်တည်ခဲ့ပါတယ်။

မိုးမခ သူ့အိမ်က မသိအောင် သူမနာမည်အသစ်ပေးဖို့ ကျွန်တော်ကို ပူဆာပါတယ်။ ကိုရွှေ ကျွန်တော်နဲ့ သူငယ်ချင်းတွေ စဉ်းစားကြ ပါတယ်။ နောက်တော့ ကျွန်တော့်ခေါင်းထဲက အဖြေတစ်ခု ထုတ် ပေးလိုက်ပါတယ်။

"မှုံနံ့သာ"

ဟုတ်ပါတယ်။ ကျွန်တော်ရဲ့ သီချင်းလေးထဲက အမည် ရှေ့ဆက်လာမယ့် အနာဂတ်တွေအတွက် ကျွန်တော်တို့ စိုးရိမ်မှုအ





နေလို့ အဲဒိုပါဝဲ။ ဒါဟာ အနုပညာနဲ့ အသိုင်းအဝိုင်းတစ်ခုရဲ့ တိုက်ပွဲလို့ ခေါ်မလား။ ကျွန်တော်နဲ့သူမကို ခေါင်းမာတဲ့ ဂျူယင်နှစ်ယောက် လို့ သူတို့ မှတ်ချက်ကြမလား။ ကျွန်တော်ပြောရဲ့တာ တစ်ခုကတော့ အနုပညာရဲ့ စိမ်ရာမှာ ကျွန်တော်တို့ ရှင်သန်နေထိုင်ခြင်းပါ။

သူမရဲ့ အကြောင်းပြချက်တစ်ခုက ဆရာမတစ်ယောက် နေမကောင်းလို့ သွားအိပ်ပေးရမယ်လို့ ပြောပြီး ထွက်လာခဲ့ပါ တယ်တဲ့။

သေဗ္ဗာအကြီးအငယ်မျိုးစုံနဲ့ အဖွဲ့သားတွေအားလုံးပါလာတဲ့ ကျွန်တော်တို့ ဆိုင်းအဖွဲ့ကားကြီးဟာ မနက်မလင်းခင် ကိုရွှေတို့ အိမ်က စထွက်လာပါတယ်။ သူမက အတွေ့အကြုံအသစ်အဆန်း တစ်ခုကြောင့် သိပ်ကို ပျော်ရွှင်နေပုံရတယ်။ ဘယ်ကနေ ဘယ်လို ရှာလာသလဲမသိ ဘာကုယ်ဇာတ်သဘင်လောကက လူတွေလို နီး ဦးထုပ်အကြီးကြီးကို ဆောင်း၊ တဘက်ကို လည်ပင်းမှာ တစ်ပတ် လိုပြီး ပတ်ထားပါတယ်။

ပဲခူးအကျော် လမ်းခွဲတစ်ခုက ခွဲထွက်ပြီး မြေလမ်းအတိုင်း တောင်ကော်ဝင်လာရပါတယ်။ ဖုန်တွေတထောင်းထောင်း ထနေတဲ့ ကြားက ဟိုယိမ်းဒီယိမ်းနဲ့ ကားကြီးပေါ်မှာ သူမက ညီးညူဟန် မပြ၊ မင်းထွန်း ရဲသွေးတို့ အုပ်စုကတော့ ကားဆောင့်တဲ့အခါ ကြောင့် ရှုံ့မဲ့နေတဲ့ကြားက ကျွန်တော်တို့ကို လှမ်းစနိုင်ပါသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပတ်မ,တီးတဲ့ ဦးကုလားက ကွမ်းတံတွေးကို အပြင်ကို လှမ်းထွေးရင်း . . .

"အားကျူသကွ" လို့ ကွမ်းဝါးသံကြီးနဲ့ လှမ်းနှောက်သည်နဲ့ဆရာလေး ကိုမြသန်းက . . .

"ဦးကုလား အားခနဲ ကျချင်လို့လား"

ကိုမြသန်းစကားကြောင့် အဆိုတော် စစ်ကိုင်းထွန်းဖော်က ...

"ဦးကုလား ကျချင်ကျ၊ လက်တော့ ကားပေါ်မှာ ကျန်ခဲ့နော်။ ပတ်မ,တီးမယ့်လူ မရှိဘူးဗျ"

ဦးကုလား ခွေးကောင်လို့လှမ်းပြောတယ်။ မိုးမခက ကျွန်တော့်ရင်ခွင်ကိုမှီရင်း ပြုံးနေပါတယ်။

ကျွန်တော်တို့ရဲ့ ဆိုင်းကားကြီးဟာ ချောင်းတစ်ခုရဲ့ ဆိပ်ကမ်းမှာ ရပ်တယ်။ ဆိပ်ကမ်းမှာ ကြိုစောင့်နေတဲ့လူတစ်အုပ်က ကိုရွှေကိုနှုတ်ဆက်ပြီး ကားပေါ်က သေတ္တာတွေကို စက်လှေကြီးတစ်စီးပေါ် ပြောင်းတင်တယ်။ စက်သံမှန်မှန် ချောင်းကိုဖြတ်တိုက်လာတဲ့ လေနုအေးကြောင့် ကျွန်တော့်စိတ်တွေ လန်းဆန်းနေပါတယ်။ လေးဆယ့်ငါးမိနစ်လောက် မောင်းနှင်ပြီးတော့ ရွာကြီးတစ်ရွာရဲ့ ဆိပ်ကမ်းမှာကပ်ဖို့ ဦးတည်ပါတယ်။

ဆိပ်ကမ်းမှာရပ်စောင့်နေတဲ့ ရွာသားတွေက တခဲနက် ဝိုင်းအော်ကြိုဆိုကြပါတယ်။ သူတို့အော်သံကြောင့် ကျွန်တော်တို့တောင်





အပျော်ကြည်နူးမှုတွေ ကူးစက်လာပါတယ်။ ဆိပ်ကမ်းကိုကပ်တော့ ကျွန်တော်တို့ကို မသယ်ခိုင်းပါ။ ရွာသားတွေပဲ တက်ညီလက်ညီ ဝိုင်းသယ်သွားကြပါတယ်။

ပထမဦးဆုံး သွားရတာက ရွာဦးဆရာတော်ဆီပါ။ ကျန်တဲ့သူတွေက ရွာလူကြီးအိမ်သွားကြပြီး ကျွန်တော်၊ မိုးမခနဲ့ ကိုရွှေက ဘုန်းကြီးကျောင်းကိုဝင်တော့ ကျောင်းပုရဝုဏ်မှာ စိုက်ထားတဲ့ သစ်ပင်တွေကြောင့် အမောပြေသွားပါတယ်။ တိတ်တိတ်ဆိတ်ဆိတ် အေးအေးချမ်းချမ်းနဲ့ ငြိမ်သက်နေတဲ့ ဝန်းကျင်။

"ဘုန်းကြီးကျောင်းက အကျယ်ကြီးပဲနော် တေ့"

"အေးဟ"

ပတ်ဝန်းကျင်ကိုလှေ့လာကြည့်တော့ ကျောင်းဝန်းရဲ့ ဘေးဘနေ ဖြတ်လျှောက်သွားရင်း ခပ်လှမ်းလှမ်းကုန်းမြင့်ပေါ်မှာ စေတီတစ်ဆူကို ရောက်နိုင်တာတွေ့ရပါတယ်။ ကျွန်တော်တို့ ဒီဘုရားပွဲအတွက် လာကြတာပါ။ ကျောင်းပေါ်ရောက်တော့ ပြောင်လက်နေတဲ့ ကြမ်းခင်းကိုတွေ့ရသည်။

"ရောက်လာကြပြီလား"

"တင်ပါ့ဘုရား"

လက်အုပ်ချီပြီး ကိုရွှေကပြောကာ ဆရာတော်အနီးမှာထိုင်ကာ ဘုရားကို အရင်ဝတ်ပြုသည်။ ကျွန်တော်တို့လည်း ဝတ်ပြုကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ ဆရာတော်ကို ဦးချကြတယ်။

"ကျော်သန်း မပါဘူးလား"

ကိုရွှေက ဆရာတော်စကားကြောင့် . . .

"အဖေက ကျန်းမာရေးသိပ်မကောင်းတော့ ခရီးဝေးသိပ် မလိုက်နိုင်ဘူးဘုရား၊ ဒါက အဖေ ဆရာတော်အတွက် လှူလိုက်တာပါ"

ဆရာတော်ကိုကပ်တော့ ဆရာတော်က သာဓုခေါ်ပါသည်။

"သူတို့က တပည့်တော်ရဲ့ ညီ ညီမလိုဖြစ်နေတဲ့ ကလေးတွေပါ ဘုရား။ ဆရာတော်ကို တပည့်တော် တစ်ခုလောက် လျှောက်တင်ချင်ပါတယ်"

"ဘာများလဲ ဒကာလေး"

"ဆရာတော်တို့ ဌာနတုန်းက တပည့်တော်တို့ ဆိုင်းဝိုင်းကိုပဲ ငှားတာပါဘုရား၊ ဒါပေမဲ့ တပည့်တော်တို့ အစီအစဉ်နဲ့ တပည့်တော်တို့ အငြိမ့်ပုံစံမျိုးလေး စီစဉ်ထားပါတယ် ဘုရား"

"ဟ ကောင်းတာပေါ့ ဒီဒကာမလေးက အငြိမ့်မင်းသမီးလေးပေါ့"

ဆရာတော်က ကွမ်းသီးကိုညှပ်နေရင်းက မေးလာတာကြောင့် ကိုရွှေက နောက်ပြန်လှည့်ကြည့် ပြုံးပြရင်း . . .

"တင်ပါ့ဘုရား ဒီကလေးမလေးနာမည်က မိုးမခတဲ့ဘုရား





အငြိမ့်မင်းသမီးနာမည်က မှုံနံ့သာလို့ခေါ်ပါတယ်။ ဒီကလေးက သူ့ရှင်တော်ပေါ့ ကေဇလို့ ခေါ်ပါတယ် ဘုရား"

"အရွယ်ငယ်ငယ်လေးတွေပဲ ဇီဇနဲ့ ပါရမီကောင်းရင် အောင်မြင်မှာပါ စိတ်ကောင်းကိုမွေး ဘဝင်မမြင့်နဲ့ ရှုးစမ်းလေ့လာကြ။

"တပည့်တော်တို့ ဆရာတော်စကားအတိုင်း ကြိုးစားကျင့်ကြံပါမယ် ဘုရား"

"အေး အေး သွားကြ ဒကာလေးတို့ကို ရွာလူကြီး မိုးထင်အိမ်မှာ တည်းဖို့ စီစဉ်ထားတယ် သွားအနားယူကြ"

ကျွန်တော်တို့ ဆရာတော်ကို ဦးချပြီး ရွာလူကြီးအိမ် လာခဲ့ကြပါတယ်။ ရွာသူရွာသားတွေက လိုလေသေးမရှိအောင် ဧည့်ခံကြတော့ အားတောင်နာရပါတယ်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်ရောက်တော့ ရွာဦးကျောင်းက ကပ္ပိယ ကိုချိုနဲ့ စကားပြောရင်း ဦးဇင်းကြီး ဆွမ်းခံထွက်မယ်ဆိုတော့ ကိုချိုနဲ့ အတူ ဆိုင်းထမ်းကိုထမ်းကာ ကျောင်းသားအဖြစ် လိုက်ပါလာခဲ့ သည်။ ရှေ့ဆုံးက ကျောင်းသားလေးရဲ့ ကြေးစည်သံတလွင်လွင်နဲ့ ရွာခလေ့က ချစ်စရာကောင်းပါသည်။

ကျွန်တော့်ကို ဆိုင်းအဖွဲ့ကမှန်းသိတော့ နှုတ်ဆက်သူ နှုတ်ဆက်နှင့် ကျွန်တော်နဲ့ ဒီရွာကလူတွေဟာ အမြန်ဆုံး ရင်းနှီးခင်မင် ခဲ့ပါတယ်။ ကျောင်းပြန်ရောက်တော့ ဆရာတော်နဲ့ ဦးဇင်းတွေ ကိုရင် တွေ ဆွမ်းစားရန် ဝိုင်းဝန်းစီစဉ်ပေးခဲ့ပြီး ကျောင်းမှာပဲ တစ်ခါတည်း စားခဲ့ပါတယ်။ နေ့လည်ခင်းရောက်တော့ ရွာကလူတွေရဲ့





အခြေအနေကို ကပ္ပိယကိုချိုထံမှ စနည်းနာရပါတယ်။ အပျိုကြီး ဒေါ်ထွေးရီရဲ့ တွေ့တဲ့လူမရှောင် ခိုင်းတတ်ပုံ ရွာကာလသား ကိုကြီး ညိုရဲ့ ရွာမမွှာရုံနားက မအေးချစ်ကို တိတ်တခိုးအုံ့ပုန်းအချစ်နဲ့ ချစ်နေပုံတွေ ကြားရ သိလာခဲ့ရသည်။

စကားပြောကောင်းနေစဉ်မှာ မင်းထွဋ်တို့ မိုးမခတို့ ကျွန်တော့် ဆီ လိုက်လာပါတယ်။ ကိုချိုကို နှုတ်ဆက်ပြီး ရွာဦးစေတီတော်ကို ကျွန် သူတို့ ဘုန်းကြီးကျောင်းထဲကနေ စေတီတော်ရှိရာ ကုန်းမြင့်ကို တက်လာခဲ့ပါတယ် စေတီတော်ပေါ်ရောက်တော့ စိတ်က ကြည်လင်လန်းဆန်းစရာ အဝေးက သမင်အုပ်တွေ နွားကျောင်းနေ တဲ့ နွားကျောင်းသားဖွေးနဲ့ နွားတစ်အုပ်ရဲ့ ရှုခင်း၊ စေတီတော်မှာ ချိတ်ဆွဲထားတဲ့ ဆည်းလည်းသံတလွင်လွင်နဲ့ စိတ်ချမ်းမြေ့စရာ စေတီကို ဦးချပြီး လမ်းလျှောက်လာရင်းက မိုးမခက အခုလို ပြောပါ တယ်။

"ငါ့အတွက်တော့ ဒီကိုရောက်လာတာဟာ မမေ့နိုင်စရာ အမှတ် တရတစ်ခုပဲ တောဇ"

မိုးမခစကားကြောင့် ကျွန်တော် သူ့ကို လှည့်ကြည့်မိသည်။ ကောင်တွေက ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ် စကား ပြောနိုင်ရန် ခွဲထွက်သွားပါတယ်။

"ငါလျှောက်ချင်တဲ့ လမ်းပေါ်မှာ နင်နဲ့အတူရှိနေတဲ့ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးဟာ ငါ့အတွက် ဘုရားကပေးတဲ့ လက်ဆောင်ပဲ ငါ သိပ်ပျော်တယ် မိုးမခ"

"ငါလည်း နင့်လိုပါပဲဟာ"

မိုးမခက အုတ်နံရံပေါ် တင်ထားတဲ့ ကျွန်တော့်လက်ကို အုပ်ရင်း ပြောသည်။

"သိပ်မကြာခင် ငါတို့အတွက် အန္တရာယ်တွေနီးလာပြီဆိုတာ ငါအလိုလိုသိတယ် မိုးမခ အဲဒီအတွက် နင်ပြင်ဆင်ထား"

မိုးမခက ဟက်ဟက်ပက်ပက်ရယ်မောနေပါသည်။ ကျွန်တော်ကား နားမလည် . . .။

"မိဘကို ငါပုန်ကန်တာတော့ မဟုတ်ပါဘူး ဒါပေမဲ့ ငါချစ်တဲ့ အနုပညာရယ်၊ ငါချစ်တဲ့ နင့်အတွက် ငါ့ရဲ့ရင့်တတ်ပြီဆိုတာ နင်သိဖို့ကောင်းပါတယ်လေ"

မိုးမခရဲ့စကားဟာ အဝေးက ရှုခင်းတွေလိုပဲ လှပတယ်။ သုခုမ ခြေသံတွေနဲ့ လမင်းကချေသည်အတွက် ညတစ်ညကို လက်ခုပ်တီးအားပေးမှာပါ။





စောနေသေးတာကြောင့် ကျွန်တော်နှင့်သူမ ပွဲဈေးတန်းဘက်ကို လျှောက်တော့ ပွဲဈေးရောင်းသူတွေက နှုတ်ဆက်ကြတယ်။

"ကိုလူရှင်တော်နဲ့ အငြိမ့်မင်းသမီးလေး မုန့်စားသွားပါဦး"

အခုလို ခေါ်သံကြောင့် မိုးမခကလည်း မာနမထားတတ်ပဲ ဘစ်ခုနှစ်ခု ဝင်စားပါတယ်။ ဟိုကကျွေး ဒီကကျွေးနဲ့ ကျွန်တော်တို့ နောက်တော့ အတင်းငြင်းယူရပါတယ်။ ကိုကြီးညိုက ဘလေဇာ ဆုတ်နဲ့ အတော်ကြည့်ကောင်းနေပါတယ်။ ဒါပေမဲ့ ဘယ်ကဟာနဲ့ ဘယ်လိုလိမ်းထားလဲမသိတဲ့ မိတ်ကပ်ဖွေးဖွေးကလွဲရင်ပေါ့ ဆီမီး တိုင်ရဲ့အလင်းရောင် ဆရာတော်ကျောင်း မီးစက်ဆီက သွယ်တန်း ထားတဲ့ မီးချောင်းတွေရဲ့ မီးအလင်းရောင်နဲ့ ညတစ်ညကို ဖန်ဆင်းထားပုံက ကျွန်တော့်အတွက်တော့ အထူးအဆန်းဆုံးဇာတ်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ပါ။

မိုးမခရဲ့အလှကို သူတို့က နတ်သမီးတစ်ပါးရဲ့ အသက်ဝင်ပုံနဲ့ အသားထိရင် ပဲ့ကြွေသွားမလား ချီးမွမ်းတယ်။ ဆုဆောင်းကောင်းလှတဲ့ အလှတဲ့။ အဲဒီစကားတွေကြောင့် မိုးမခက အနေရခက်နေဟန် တူပါတယ်။ ကျွန်တော်တို့ ဓာတ်စင်ဆီရောက်တော့ ကိုရွှေက ကျွန်တော်တို့ကို ပြင်ဆင်ဖို့ ပြောပါတယ်။

မိုးမခ မိတ်ကပ်လိမ်းတော့ ကျွန်တော်ဝင်ကူပေးပြန်တော့ ဟိုကစ ဒီကစနဲ့ ပျော်စရာလည်း ကောင်းပါတယ်။ မျက်လုံးလေး မှိတ် ခေါင်းလေးမော့ ကျွန်တော်လိမ်းခြယ်သမျှ ငြိမ်ငြိမ်လေး နေပေးတဲ့ ကောင်မလေးကို ကျွန်တော် လိမ်းခြယ်ပေးမှုရပ်ကာ ငေးကြည့်မိပါတယ်။ သူမက ကျွန်တော် အလှပြင်ပုံ ရပ်တုံ့လိုက်တာကြောင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ မျက်လုံးဖွင့် ကြည့်ပါတယ်။ နောက်တော့ပြုံးရင်း . . .

"ဘာကြည့်နေတာလဲ"

"ချစ်စရာကောင်းလို့"

သူမက ပါးချိုင့်လေးခွက်ဝင်သွားအောင် ရှက်ပြုံးပြုံးပါတယ်။

"အဟမ်း အဟမ်း"

တမင်ဆိုးပြတဲ့ ချောင်းသံကြောင့် သူမက ခေါင်းငုံ့သွားပါတယ်။ လှည့်ကြည့်တော့ စပ်ဖြဲဖြဲရုပ်နဲ့ မိုးမြင့် . . .





"တို့ကိုလည်း လိမ်းပေးပါလား တူရယ်"

ကန့်ကလျနဲ့ ရဲသွေးလုပ်ပုံကြောင့် မိုးမခက သဘောကျကာ ရယ်သည်။

ကိုရွှေရဲ့ ဗွီဒီယိုခံတီးလုံးတောင် စတင်နေပြီမို့ ကျွန်တော့် ကမန်းကတမ်း အဝတ်အစားလဲရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါ လိုက်ကာစအဖွင့်မှာ လှိုင်းအလှူပ်မှာ ယိမ်းနွဲ့ကူးခတ်သွား တဲ့ လှေတစ်စင်းလို ကိုရွှေရဲ့တီးလုံးတေးသွားတစ်ပိုဒ်နဲ့အတူ ကျွန်တော်တို့လေးယောက် လက်အုပ်ချီကာ ပရိသတ်ကို ဦးညွတ်တော့ လက်ခုပ်သံတွေ လက်ခေါက်မှုတ်သံတွေ အဖြာဖြာ တစ်ဖြောင်းဖြောင်း။ ကျွန်တော်က မိုက်ခရိုဖုန်းကို တစ်ချက်စမ်းရင်း ချောင်းဟန့်လိုက်သည်။ ပြီးတော့ ...

"မင်္ဂလာအပေါင်းနဲ့ ခါးညောင်းပါစေ"

"ခါးညောင်းတာတော့ မပြောနဲ့ ကိုတေဇရေ ဦးအုန်းစိန် ဝယ်ထားတာပဲကြည့်"

မိုးမြင့်က အရွှန်းဖောက်သည်။

"မင်္ဂလာရှိတဲ့ ညချမ်းပါလား ကိုရွှေသွေးရေ"





"မင်္ဂလာရှိတာပေါ့ ကိုတေဇရေ"

ရွှေသွေးလို့ အမည်ပေးထားတဲ့ ရဲသွေးက အခုလို တုံ့ပြန်ပါတယ်။

"မင်္ဂလာဆိုတာ အစဉ်အလာအရ လွန်စွာကျက်သရေရှိတဲ့ နှုတ်ခွန်းဆက်သံပေါ့"

"ဟုတ်ပါတယ် ကိုရွှင်ပြုံး"

ရွှင်ပြုံးအမည်ရတဲ့ မိုးမြင့်၊ ကဲ နောက်ဆုံးတစ်ယောက် မျက်စပစ် မေးငေါ့တော့ ဂျောက်ဂျက်လို့ အမည်တွင်တဲ့ မင်းထွဋ်။

"ကျွန်တော်တို့ ဝါသနာနှုနယ်တဲ့ ပညာသင်အရွယ်တွေပါ ကျွန်တော်တို့ရဲ့ ပြက်လုံးတွေမှာ အမှားပါရင် ခွင့်လွှတ်ကြပါလို့ ပထမ ဂါရဝတရားနဲ့ ပရိသတ်ကြီးကို တောင်းပန်ချင်ပါတယ်"

ကျွန်တော်တို့အားလုံး လက်အုပ်ချီဂါရဝပြုကာ တောင်းပန်ခဲ့ပါသည်။

"ကဲ ကိုဂျောက်ဂျက် ခင်ဗျားတတ်သလောက် မှတ်သလောက်နဲ့ ခင်းသမီးကိုခေါ်ဗျာ"

ကျွန်တော့်စကားကြောင့် ဆရာကြီးအိုက်တင်နဲ့ ဟန်ပါပါ အပြုအမူနဲ့ မင်းထွဋ်က ...

"ကျွန်တော်က မင်းသမီးကို သီချင်းလေးနဲ့ ခေါ်ချင်တယ်"

"လုပ်စမ်းပါဦး ကိုဂျောက်ဂျက်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ နေတောင်အတော်စောင်းပြီ သွားအိပ်မယ် . . ."

သီချင်းပင် မဆုံးလိုက်ရှာပါ ဒီကောင့်ကျောတွေ ခေါင်းတွေပါ စက္ကူလိပ်တွေ ပလူပျံသွားပါသည်။

"မင်းသမီးခေါ် ပါဆိုမှ မိန်းမရေတဲ့ နှာဗူး"

"ဟုတ်ပ့ါ ကိုရှင်ပြုံးရာ ကဲ ကဲ ခင်ဗျားခေါ်"

မိုးမြင့်က မိုက်ရှေ့ရပ်ရင်း ...

"ကျွန်တော်က **Hip Hop** နဲ့ခေါ်မယ်"

"အဲဒီလိုမှပေ့ါ ခေတ်မှီမှီနဲ့ ခေါ်မယ်ပေ့ါ"

မိုးမြင့်က ဟန်ပါပါနဲ့ စဆိုသည်။

"မင်းတို့လက်တွေ လေထဲကိုမြှောက်ထားလိုက်၊ မင်းတို့လက်တွေ လေထဲကိုမြှောက်ထားလိုက်"

ကျွန်တော်တို့ကလည်း ဒီကောင်လုပ်တဲ့အတိုင်း လက်တွေမြှောက်ကာ လိုက်လုပ်သည်။ အဲဒီအခါကျမှ ဒီကောင်က . . .

"ချိုင်းမွှေးနှုတ်ချင်သလား ဆရာရှင်ပြုံးရှိတယ်"

ဒီကောင်ကလိထိုးတော့ ဒီကောင်ကို ဝိုင်းရိုက်ကြသည်။

"တော်ကြစမ်းပါဗျာ မင်းသမီးခေါ်ပါဆိုမှ စည်ပင်လာလို့ပြောတဲ့ လမ်းဘေးဈေးသည်လိုပဲ ပရမ်းပတာနဲ့"

ရွှေသွေးခေါ် ရဲသွေးက ပြောလာပါသည်။

"သားသားတို့က ခေါ်မှ မခေါ်တတ်တာ ဦးဦးရဲ့"





မိုးမြင့်က ကလေးလေးလို ခုန်ဆွခုန်ဆွ လုပ်ပြီးပြောတော့ ...

"ဟော့ကောင် သိပ်မခုန်နဲ့ မင်းခါးပုံစထဲက ရှာလူကြီး ဦးဖိုးထင်ခြံထဲက မင်းခိုးထားတဲ့ မောင်းထောင်းတံကြီး ပြုတ်ကျသွားဦးမယ်"

ပရိသတ်ရယ်သံဆုံးမှ ကျွန်တော်က ဝင်ပြောရပါတယ်။

"ကဲ ကျွန်တော်ခေါ်မယ်"

"လုပ်စမ်းပါဗျာ အသံလေး ဟန်လေးနဲ့"

"တိုတိုနဲ့ လိုရင်းပဲ ခေါ်တော့မယ်"

"ကောင်းတာပေ့ါ ကိုတေဇရယ်"

"ခေါင်း ခါး ခြေလက် အကွက်ကျမှ သုခုမ"

"ကောင်းလိုက်တဲ့ စာချိုးဗျာ"

မင်းထွဋ်က ဝင်ထောက်ပေးသည်။

"ခေါင်း ခါး ခြေ လက် အကွက်ကျမှ သုခုမ ကြယ်ရောင်လင်းလက် ညဉ့်ဦးယံအလှ သုခုမနဲ့ပေါင်းစပ်ဖို့ စင်မြင့်ပေါ်ကို ဆင်းသက်လာပါဦးလို့ အကသဘင်သည်မလေး ထိပ်ထားအလှ သူဇာရေ"

စကားလည်းဆုံး ကျွန်တော်တို့ တစ်ပြိုင်နက်တည်း ပရိသတ်ကို လက်အုပ်ချီ ဂါရဝပြုတော့ ကျွန်တော်တို့နောက်က နီညိုရောင်လိုက်ကာက ကြွလာပါသည်။ မီးရောင်မှိန်မှိန်တွေ လင်းလက်သော



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပရိသတ်ကို နောက်ကျောပေးပြီး အရုပ်လေးတစ်ရုပ်လို ပျော့ပြောင်းတဲ့ ကကွက်တစ်ခုနဲ့ မိုးမခရဲ့ လှုပ်ရှားတည်ငြိမ်မှုက ဆိုင်းသံနဲ့အတူ တစ်ပြိုင်နက်တည်း လင်းလက်လာ၏။

သူမက အနုပညာအလင်းတွေ တစ်ခုပြီးတစ်ခု လင်းပြတယ်။ ပရိသတ်ကလည်း သူမအကမှာ စီးမျောနေပါတယ်။ ပီတိနဲ့ ကျေနပ်မှုက ကျွန်တော့်ရင်ထဲမှာ အာဟာရတစ်ခုပါ။ အကပြီးဆုံးသွားတော့ လက်ခုပ် သံတွေက နှစ်ထောင်းအားရစရာပါ။ သူမဘေး တစ်ဖက်တစ်ချက်စီမှာ နေရာဝင်ယူရပ်တော့ မိုးမြင့်က ခေါင်းပေါင်း ပုဝါစနဲ့ မိုးမခမျက်နှာက ချွေးကို သုတ်ပေးဟန်ပြုရင်း ပုဝါစကို ခိုးနမ်းဟန်ပြုတော့ ပရိသတ်က သဘောကျကြသည်။

"ကိုရျောက်ဂျက်လားရှင့်"

မင်းထွဋ်က ခပ်တည်တည်နဲ့ . . .

"မိန်းမရေ နေတောင်အတော်စောင်းပြီ"

စက္ကူလိပ်ရိုက်သံနဲ့ ရယ်သံတွေအပြိုင်အဆိုင်။

"ဒီကောင် ဒီအကျင့်က ခုထိမပျောက်နိုင်သေးဘူး လာ မှုံနံ့သာ သွားအိပ်မယ်"

ကျွန်တော်က မိုးမခလက်ကိုဆွဲဟန်ပြုတော့ စက္ကူလိပ်တွေ ခေါင်းတွေ လက်တွေပေါ် . . .

"အရေးထဲ အစွင့်ကောင်းချောင်းတဲ့သူက တမျောင့်"





"ဒီဘက်က ကိုရွှေသွေးလားရှင့်"

"ဒီမယ် မှုံနံ့သာ"

ရဲသွေးက မင်းသားကြီးဝင်ဦးအသံနှင့် စပြောသည်။

"မင်းရဲ့အချစ်ကိုရဖို့ဆိုရင် နေထက်လင်းနဲ့ ဂျက်လီကိုပဲ ဖိုက်ရင် ဖိုက်ရ အနံ့ဆိုးတဲ့ ဈေးအိမ်သာထဲမှာ တစ်နာရီကြာအောင်လည်း ထိုင်ရဲပါတယ်"

ဒီကောင့်စကားကို မိုးမခကိုယ်တိုင်လည်း ရယ်ပါတော့တယ်။

"ကိုရှင်ပြုံးရေ"

"တာဥ မင်းမြို့ကြီးပြကြီးကိုရောက်တော့ ကိုရင်ဩကိုမေ့ပြီပေါ့"

"ဒလသိန်းတန်ကွ"

"တွံတေးသိန်းတန် လုပ်စမ်းပါကွာ"

မိုးမြင့်စကားကြောင့် မင်းထွဋ်ကလည်း . . .

"ဒလကိုကျော်သွားမှ တွံတေးကိုရောက်မှာလေ နီးနီး လေးပဲဟာ"

"ထားပါတော့ မင်းလုပ်မှ ဗိုလင်တောင် ပျောက်သွားတယ်မှာ တာဥ"

"ယူမလို့လား တာဥ ၊ ငါ့မှာ နှစ်လုံးကျန်သေးတယ် ခါးပိုက်အိတ်ထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မယုတ်မာနဲ့"

"ကဲ တစ်ယောက်ကျန်ပါသေးတယ်"

မိုးမခက ကျွန်တော့်ကို မမြင်ဟန်ပြုကာ ဟိုကြည့်ဒီကြည့် လုပ်နေပါသေးတယ်။

"သြော် အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး မဟုတ်လား"

"မှန့်သာ"

ရဲသွေးကဝင်ပြောတော့ ကျွန်တော်က ဒီကောင့်ဖာတ်ပိုးကို ရိုက်ဟန်ပြုပြီး

"ငါ သိပါတယ် ဆရာမလုပ်စမ်းပါနဲ့"

"ခင်ဗျားက အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး မှန့်သာ"

"အဲဒါ ဘာဖြစ်လဲ"

"အေး ပြောရမယ်ဆိုရင် ခင်ဗျားကလည်း ရွှေမင်းသမီး ကျုပ်ကလည်း လူရွှင်တော်ပါ"

မိုးမခက ဟန်ပါပါ နှုတ်ခမ်းမဲ့ပြသည်။

"ဒီမှာ ခင်ဗျားမာနတွေ ခေါင်မခိုက်ပါနဲ့"

"မာနတွေခေါင်ခိုက်တော့ ဘာဖြစ်လဲ"

မိုးမခက ဘုကျကျမေးပါသည်။ ကျွန်တော်ကလည်း လက်ဖျောက်တစ်ချက် တီးလိုက်ရင်း . . .

"မာနတွေ ခေါင်ခိုက်တော့ ခင်ဗျားကိုကျွန်တော်ကြိုက်တယ်"





ကျွန်တော့်စကားကြောင့် ပရိသတ်က လက်ခုပ်တီးကာ လက်ခေါက် မှုတ်ကြသည်။

"ဒီမှာ မှန့်သာ"

"ဘာလဲ"

"မင်းက သိပ်လှတယ်"

"ကျွန်မက သိပ်လှတော့ ဘာဖြစ်လဲ"

ကျွန်တော်က စပ်ဖြီးဖြီးနဲ့ . . .

"ဟဲ ဟဲ ကျွန်မက သိပ်လှတော့ ညက အိပ်ကြမယ်ပေါ့"

ပရိသတ်တွေ လက်ခုပ်တီးကြပြန်ပါသည်။

"ဒီမှာ မှန့်သာ"

"ဘာလဲရှင် ဘာလဲ"

"ရွာထိပ်က ကိုချက်ကြီးလို မုးမူးနဲ့ မင်းစားသွေးလို့ရမ်း ချင်နေတယ် ဆို"

မိုးမခကလည်း ထပ်မေးပြန်သည်။

"ဘာလဲ မင်းစားသွေးလို့ ရမ်းချင်တယ်"

"ဟဲ ဟဲ ကိုယ်လဲမင်းပါးလေးကို နမ်းချင်တယ်"

ပရိသတ်က သဘောကျသလောက် ဟိုကောင်တွေက ကျွန်တော့် ခေါင်းကို စက္ကူလိပ်နဲ့ ဝိုင်းရိုက်ကြပါတယ်။

"ရှင်က ကျွန်မကို မလေးမခံတပတ်နဲ့ ရည်းစားစကားပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုလှရှင်တော်"

"အဲဒါ ဘာဖြစ်လဲ အမိရဲ့"

"ရှင့်လို လှရှင်တော်ကို ကျွန်မက ကြိုက်မယ်လို့ထင်သလား"

"လှရှင်တော်လည်း အသည်းနဲ့ပဲ အမိရဲ့"

မိုးမခက ဟန်ပါပါရယ်ရင်း . . .

"ရှင့်လိုတော့ ပရိသတ်သိအောင် ဟာသဉာဏ်နဲ့ မပြောတတ်ဘူး"

"အဲဒီတော့"

"ပီယဝါစဆိုတဲ့ ချိုမြတဲ့သီချင်းသံနဲ့ သုခုမဆိုတဲ့ အနုပညာကဟန်တွေနဲ့ ပရိသတ်သိအောင် လှရှင်တော် ကိုနောက်ပိုးဆိုတဲ့ သီချင်းနဲ့ အကလေးကို ပရိသတ်သိအောင် ပြောပြချင်ပါတယ်"

ဆတ်ခနဲ ကဟန်ပျိုးလိုက်ပုံက မျက်တောင်မခတ်ဘဲ ငေးကြည့်ချင်စရာ ထိကပါး ရိကပါးနဲ့ မင်းသမီးလေးတစ်ယောက်ကို လှရှင်တော်လေးတစ်ယောက်က ရည်းစားစကားပြောပုံကို ရေးစပ်ထားခြင်း သီချင်းလေးပါ။ ဒီသီချင်းက ကိုရွှေနိုင်ပို ရေးသားထားတာပါ။ ခြေလက်အချိုးအဆစ်တွေ နွဲ့ပြောင်းစွာ ရှာန်ဝင်စားကနေပုံက သူမ တစ်ယောက်တည်း ရှိနေသည့်အလား အနုပညာနဲ့ ပစ်ခတ်လို့ ပရိသတ်ရဲ့ရင်မှာ ကြည်နူးကျေနပ်မှုတွေ စိုက်ဝင်နေတာ မင်းသိရဲ့လား မိုးမခ။





ပရိသတ်တွေရဲ့ ကျေနပ်စေတဲ့ အပျော်မျက်ဝန်းတွေဟာ မင်းကဖို့အတွက် လှပတဲ့ အလင်းရောင်စဉ်တန်းဆိုတာ ငါမြင်နေရတယ်။

ကွေးညွတ်ယိမ်းနွဲ့နေတဲ့ မီးတောက်ကနုတ်တစ်ခုလို မင်းရဲ့ အနုပညာဟာ ခြေအယိမ်း ခေါင်းအချိုးနဲ့ ညတစ်ညကို သေစေနိုင်တဲ့ စွမ်းအားတစ်ခုဆိုတာ ငါသိခဲ့ရတယ်။

အဲဒီညရဲ့ ချမ်းအေးမှု နှင်းနဲ့ ဆောင်းရာသီကို ပရိသတ် မေ့လျော့အောင် ကျွန်တော်တို့ တင်ဆက်ကပြကြတယ်။ ကျွန်တော်တို့ အနိုင်ရခဲ့ပါတယ်။

နောက်တစ်နေ့မနက်ရောက်တော့ အရှေ့ကိုးရွာ အနောက်ကိုးရွာ မကျော်ကြားပေမယ့် မိုးမခရဲ့ အကရာဇဝင်သမိုင်းက အနီးစပ်ဆုံးကျေးရွာတွေအထိ သတင်းပျံ့နှံ့ခဲ့ပါတယ်။



www.burmeseclassic.com

ဖြတ်သန်းလာတဲ့ အမှတ်တမဲ့နေ့တစ်နေ့မှာ
အမှတ်မထင် စတင်ရယ်မောခွင့်ကို သိလာကတည်းက
သူတို့ရယ်မောနိုင်စေဖို့ ငါကြိုးစားတယ်





ကျောင်းတွေ ပုံမှန်ပြန်တက်ကြတယ်။ ကျွန်တော်တစ်ယောက် ည်း ဒါမှမဟုတ်ရင် သူငယ်ချင်းတွေနဲ့အတူ တစ်ချို့ဆိုင်းတွေ ငြိမ့်တွေမှာ အလုပ်သင်လူရွှင်တော်အဖြစ် လိုက်ပါခွင့်ရခဲ့တယ်။ စ်ခါတရံ ကိုရွှေဆိုင်းဝိုင်းနဲ့အတူ မိုးမခက ကြိုကျားကြိုကျား ိုက်ပါလာပါတယ်။

တစ်နေ့မှာ အသဘာသန်းရဲ့ ဆက်သွယ်ပေးမှုကြောင့် ျန်တော်နဲ့ မင်းထွဋ်ဇာတ်သဘင်တစ်ခုမှာ လူရွှင်တော်အဖြစ် ်ပွဲတစ်ပွဲကို လိုက်ပါခွင့်ရခဲ့တယ်။ လူငယ်တစ်ယောက်ရဲ့ အနာ ာ်အလင်းကို တောက်ပခွင့်ရဖို့ ကျွန်တော်ကြိုးစားမှုတွေမှ ဆန္ ်းအားတွေ တောက်လောင်ပြင်းထန် လောင်ကျွမ်းနေကြပါတယ်။ ဒီအချိန်အထိ မိုးမခက ကံကောင်းနေတယ်လို့ ထင်ပါတယ်။

www.burmeseclassic.com



ပွဲဆက်တွေများလာပေမယ့် သူမကအိမ်က မရိပ်မိနိုင်ပါဘူးဟု ကျွန်တော်တို့ ယုံကြည်ထားမိသည်။ ကျွန်တော်တို့ အဘသန်း ဆက်သွယ်ပေးတဲ့ ဓာတ်အဖွဲ့ကိုရောက်တော့ ရှိနှင့်ပြီးသား လူတွေက ကျွန်တော်တို့ကို ကူညီသည်။

ကျွန်တော်မသိခဲ့သမျှ မတတ်ခဲ့သမျှ ဓာတ်ဆရာမင်းသားက ညီရင်း အစ်ကိုလို သင်ကြားပေးသည်။ ဓာတ်သဘင် ဓာတ်ညွှန်းကို ပြဓာတ်ရေးဆရာ ကိုနန်းဝေက သင်ကြားပေးသည်။ ကျွန်တော်ကလည်း လူရှင်တော်ကြီးတွေဖြစ်တဲ့ သရာဖေ ကိုလေးမြိုင်တို့မှစ၍ ကားလိပ်ဆွဲသူ လှမြင့် မီးဆရာ ကိုမြင့်ဋ္ဌေးတို့အဆုံး လေ့လာခဲ့သည်။

အချိန်အားရင်အားသလို ကျွန်တော်ဓာတ်ဖွဲ့တွေနဲ့ လိုက်တယ်။ အဓိကလိုက်ဖြစ်တာက ကိုရွှေတို့ဆိုင်းနဲ့ ကိုနန်းဝေရဲ့ ညခင်းသစ် ဓာတ်သဘင်ပဲ ဖြစ်ပါတယ်။ ညခင်းသစ်ကို တစ်ခါတလေ မင်းထွန်း တစ်ခါတရံ မိုးမြင့်၊ ရဲသွေး တစ်ခါတစ်ခါကြတော့လည်း ကျွန်တော် အပါအဝင် လေးယောက်သား လိုက်ပါလာတယ်။ အစက ကျွန်တော် တစ်ယောက်တည်း ဆရာဖေတို့ ပုံပိုးမှုနဲ့ နှစ်ပါးခွင်မှာ လူရှင်တော် အဖြစ် စင်မြင့်ပေါ် တက်ခွင့်ရပေမယ့် ဓာတ်ဆရာနဲ့ ဆရာဖေ ကိုလေးမြိုင်တို့ရဲ့ အားပေးမြှောက်စားမှုကြောင့် ဒီကောင်တွေပါ ပါဝင်လာပါတယ်။





ကျွန်တော်တို့ရဲ့ လူရှင်တော်မှတ်တမ်းတစ်ခုမှာ ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးတင်ရရင် ဒီညခင်းသစ်ဟာလည်း ကိုရွှေနဲ့အဘသန်းတို့လို အရေးပါတဲ့ ကဏ္ဍကနေ အဓိကပါဝင်လာပါတယ်။

အချိန်အားတဲ့အခိုက်မှာ ဓာတ်ဆရာနဲ့ ကျွန်တော်တို့အုပ်စု စကားပြောခိုက်မှာ မိုးမခရဲ့အကြောင်းကို ပြောဖြစ်ကြတယ်။ ဓာတ်ဆရာက မိုးမခကို သူတို့ဓာတ်ပွဲလာဖို့ ဖိတ်ခေါ်ပါတယ်။ ညခင်းသစ်ရဲ့ ခေါင်းဆောင်မင်းသမီး အစ်မကြီး အေးမြကြည်က ရန်ကုန်အနီးတစ်ဝိုက်ပွဲခင်းတွေမှာ မိုးမခကို ခေါ်လာဖို့ ကျွန်တော့်ကို ပြောပါတယ်။

ကျွန်တော်ဓာတ်ပွဲပြီးလို့ အိမ်ကိုပြန်ရောက်တော့ အိပ်ရေးပျက်တဲ့ဒဏ်တွေ ပင်ပန်းတဲ့ဒဏ်တွေကြောင့် အပြင်းဖျားလိုက်ပါသေးတယ်။ မမကြီးလည်း နယ်ကနေ ဒီကိုရောက်လာတယ်။ တော်တော်သက်သာတဲ့အချိန်ရောက်တော့မှ မမနဲ့ မိုးမခကို မိတ်ဆက်ပေးတော့ မိုးမခက ရယ်ပါတယ်။ ကျွန်တော်ကျန်းမာရေးချို့တဲ့တဲ့ အချိန်တယောင်ကတမ်းဖြစ်နေတဲ့အချိန်မှာ မမနဲ့ မိုးမခဟာ အံ့သြစရာကောင်းလောက်အောင် ရင်းနှီးမှု မြန်ဆန်သွားကြတယ်တဲ့။

ကျွန်တော်နဲ့မိုးမခ ကျောင်းတွေလည်းပြီးပြီမို့ ကျွန်တော်တို့ ရှင်တော်တတကိုခြေရပ်စတင်ရန် တာစူနေကြပါတယ်။ သန်လျှက်ပွဲတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ညခင်းသစ် ဝင်ရမယ်ဆိုတော့ မိုးမခကို လိုက်ခဲ့ဖို့ ကျွန်တော် အမှတ်တမဲ့ ပြောခဲ့ပါတယ်။

မိုးမခက ကျွန်တော့်ကိုပြုံးကြည့်ရင်း လိုက်ကမယ်လို့ အေးအေးဆေးဆေး ပြန်ပြောခဲ့တယ်။

"နှင့်အိမ်ကို နင်ဘယ်လို လိမ့်ခဲ့ဦးမှာလဲ မိုးမခ"

ကျွန်တော့်စကားကြောင့် မိုးမခက ချက်ချင်းတုံ့ပြန်ပါတယ်။

"ဟင့်အင်း ဇာတ်ကသွားမှာလို့ ပြောခဲ့မှာ အန်တီလွင်တောင် ပါဦးမှာ"

"ဘယ်လို"

အထူးအဆန်းစကားတွေနဲ့ အံ့သြစရာကောင်းတဲ့ အိပ်မက်ပါပဲ။ မိုးမခရဲ့ ဒယ်ဒီနဲ့မာမီက ကြည်ကြည်ဖြူဖြူ လိုက်လျှောပေးတယ် တဲ့လား။

"နင် အိမ်ကအခြေအနေ"

ကျွန်တော့်စကားကြောင့် မိုးမခက အေးအေးဆေးဆေးပါပဲ။

"နဂိုအတိုင်းပါပဲ ဒီလုပ်ငန်းအပေါ် မကြည်ဖြူစိတ်က နဂို အတိုင်းပဲ နင် ထပ်မေးမနေနဲ့တော့ဟာ"

ကျွန်တော်အလွယ်တကူ မေးခွင့်မရှုဖူးဆိုတာ သိလိုက်တာနဲ့ ကျွန်တော် ဒီစကားတွေအတွက် နှုတ်ခမ်းကို သော့ခတ်ထားလိုက်ပါ တယ်။





ညခင်းသစ်ကို မိုးမခရောက်လာပြီဆိုတာနဲ့ အစ်မကြီး အေးမြ ကြည်က မိုးမခကို တော်တော်ချစ်သလို အရေးလည်းပေးပါတယ်။ ဇာတ်ဆရာရဲ့ သွန်သင်ဆုံးမမှု ဇာတ်အဖွဲ့သားတွေရဲ့ ပံ့ပိုးမှုနဲ့ ကျွန်တော်၊ မင်းထွဋ်၊ မိုးမြင့်နဲ့ ရဲသွေးတို့ဟာ အတော်နာမည်ရလာ ပါတယ်။ မိုးမခဆိုတာလည်း ဒီလိုပါပဲ ဆေးကုတဲ့ဆရာဝန်မ အငြိမ့် မင်းသမီးလေးအကြောင်း လူပြောများလာတယ် ပိုပြီး အံ့သြစရာ ကောင်းတာက မိုးမခဟာ မှုန့်သာနာမည်ကို မခံယူတော့ဘဲ မိုးမခ နာမည်နဲ့ ရဲရဲတင်းတင်း ဇာတ်ကခြင်းအတွက်ပါ။ ကျွန်တော်တို့ ချစ်ခြင်းတွေဟာ အနုပညာနဲ့အတူ ရှင်သန်ခဲ့တယ်။ လုပ်ဖော်ကိုင်ဖက် ချစ်သူရည်းစား တစ်သွေးတည်း တစ်သားတည်း ခိုင်မာတဲ့ခံယူချက် တွေနဲ့ သူနဲ့ကျွန်တော်ရဲ့ အနာဂတ်ခရီးလမ်းမှာ မုန်တိုင်းကြမ်းချင် သလောက်ကြမ်းပါစေ၊ အပျင်းပြေသဘောအတွက် ကျီစယ်တယ် လို့ ထင်ချင်စရာ ဒီလိုနဲ့ ဇာတ်ရာသီပြီးခါနီးမှာ မမရှိရာ မြို့ကိုရောက်ရင် ခမဆီ ဝင်လည်ခဲ့ကြပါတယ်။ မမက ဆေးရုံကို သွားစရာရှိလို့ ကျွန်တော်တို့ကို အိမ်အပ်ခဲ့ပါတယ်။ ရုပ်ရှင်ဇာတ်ဝင်ခန်းအရဆိုရင် ခန်းအိုးပြုတ်ကျသွားတဲ့အခန်းများဖြစ်မလား နှင်းဆီပန်းလေးပေါ် ဝဲ လိပ်ပြာလေးနားမလား နံရံပေါ်က အရိပ်နှစ်ခုပဲ ပူးကပ်ကြမလား။ ဒါပေမဲ့ ကျွန်တော်တို့သွေး သွေးအပူဓာတ်နဲ့ စီးမျော ရုန်းကြွနေပါ တယ်။ မိုးမခက အဲဒီအတွက် နောင်တရစရာ ငိုကြွေးရှိုက်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



မပြုခဲ့ဘူး။ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် မကြည့်ရဲတာ အမှန်ပါပဲ။

မမပြန်လာတော့ ကျွန်တော်တို့အမူအယာတွေကို အကဲခတ်မိပါတယ် မိုးမခနဲ့ ကျွန်တော်ပြန်ခါနီး မမက မိုးမခကို လှမ်းခေါ်ပါတယ်။ ကျွန်တော်လည်း ခြံရှေ့က ရပ်စောင့်နေခဲ့တာပေါ့။

ခုတ်ရုံကိုသွားရာလမ်းတစ်လျှောက် ကျွန်တော်မိုးမခကို လက်ထပ်ဖို့ပြောတော့ မိုးမခက ကျွန်တော့်ကိုမော့ကြည့်ပြီး ရဲရဲဝံ့ဝံ့ ပြုံးပါတယ်။ နင့်ကို ငါလက်ထပ်မှာပါတဲ့။ ဒါပေမဲ့ အခုတော့ ခဏလေး စောင့်ပါဦးတဲ့။ ကျွန်တော်က မိုးမခရဲ့ အသိုင်းအဝိုင်းအကြောင်းကို သိလို့ ပြောပြတော့ . . .

"ငါ့ရဲ့ အနုပညာအတွက် နင့်အတွက် တိုက်ပွဲတွေဝင်ရဦးမယ်တော့။ ငါတို့အနာဂတ်က အရှည်လျားဆုံးသွားနေတဲ့မြစ်ကို အပေါ်စီးက ငုံ့ကြည့်နေရသလိုပဲ ဒါပေမဲ့ အမှန်အမှားသာမြင်ရတဲ့ မြစ်ဖျားခံရာအစကို ငါရောက်အောင် သွားမယ်"

ချစ်သူရဲ့ ခွန်အားနဲ့ သတ္တိကို ကူးပြောင်းခံစားခွင့်ရတဲ့အခါ ဘယ်လို စားနဲ့ မိုးပါစေ ကျွန်တော်ကျေနပ်နိုင်ပါတယ်။

မိုးမခလက်ကို ဆုပ်ကိုင်လိုက်တော့ မော့ကြည့်တဲ့ သူမမျက်ဝန်းတွေရဲ့ အရောင်တောက်ပမှုဟာ ကြယ်ပွင့်လေးတွေအတိုင်းပဲ။

ကျွန်တော့်ရင်ခွင်မှာ သူခိုဝင်အိပ်စက်တဲ့အခါ ကျွန်တော်





ချော့သိပ်ခဲ့ရဖူးသည်။

သီချင်းဆိုချော့သိပ်မှ ကျေနပ်နိုင်မယ့် ကောင်မလေးအတွက် တေးလင်္ကာတွေ မကုန်ခန်းနိုင်ပါ။ သို့သော် သူမက ကိုရွှေရျော်ကျော်ရဲ့ လူရွှင်တော်သီချင်းလေးကိုသာ ဆိုညည်းခိုင်းတတ်ပါသည်။

လူရွှင်တော်သီချင်းရဲ့စာသားလေးကို သူမ သိပ်ကြိုက်သလို သံစဉ်နဲ့ဆိုဟန်ကိုလည်း သဘောကျပါသည်။ ဒီသီချင်းလေးကို နားထောင်တိုင်း ကျွန်တော့်ကို သူပိုပိုချစ်တတ်လာပါသတဲ့။

မိုးမခက ကြိုးစားပါတယ်။ ဆန်းသစ်တီထွင်မှုတွေရှိတယ်။ ခေတ်နဲ့ညီအောင် ရိုးရာဟန်လည်းမပျက်အောင် တီထွင်ဖန်တီးဘတ်တယ်။ အရှေ့တိုင်း အနောက်တိုင်း ဂရိရောမနဲ့အခြားယဉ်ကျေးမှုတွေရဲ့အကနဲ့ ရှေးဟောင်းအကတွေကို လက်လှမ်းမီသလောက်လေ့လာတယ်။

တစ်ချိန်မှာတော့ ကျွန်တော်တို့ အခွင့်အရေး ရလာပါတယ်။ အဲဒါက ကိုရွှေရဲ့ အဆက်အသွယ်နဲ့ ကျွန်တော် အငြိမ့်ခွေတစ်ခွေ ရိုက်ကူးထုတ်လွှင့်ဖို့ပါ။

အဲဒီအတွက် ကျွန်တော်တို့အားလုံးထဲမှာ အပျော်ဆုံးက မိုးမခပါ။ သူမရဲ့ဆရာမ ဒေါ်စန်းနုတို့ မအေးမြကြည်တို့နဲ့ တိုင်ပင်သူမတီထွင်ထားတဲ့ အကပညာကို ကျွန်တော် ကိုရွှေနဲ့ ညခင်းသစ်ခုတ်ဆရာတို့ရေးသားထားတဲ့ သီချင်းတွေနဲ့ ပေါင်းစပ်ဖို့ နေ့ရောအား



www.burmeseclassic.com

www.burmeseclassic.com



ညမအား ကြိုးစားအားထုတ်ကြတယ်။ ကိုရွှေအိမ်မှာ အငြိမ့်သီချင်းနဲ့ အကကို ကြိုတိုက်နေစဉ် ဟန်နီ ရောက်ချလာပါတယ်။ အဖိုးတန်ကားအဖြူရောင်လေးနဲ့ ကိုရွှေတို့အိမ်ရှေ့ကိုရပ်တော့ အားလုံး ခြံရှေ့ကို လှမ်းကြည့်ကြတယ်။ ကိုရွှေက ခြောက်လုံးပတ်ကို ကိုယ်တိုင် ဝင်တီးနေရာမှ ထကာ . . .

"အဲဒါ ရွှေသက်တန့်ဗီဒီယိုထုတ်လုပ်ရေးက ပရိုဂျူဆာလေ"

အသားဖြူဖြူ ဥပတိရုပ်ကောင်းကောင်းနဲ့ လူကြီးနဲ့အတူ မိန်းကလေးတစ်ယောက်ပါ ပါလာပါသည်။ အဲဒီကောင်မလေးကို ကျွန်တော်မြင်တော့ ...

"အလို ဟန်နီသာအေး"

ကျွန်တော့်ရဲ့ အံ့သြမှုစကားတစ်ခွန်းကြောင့် . . .

"မင်းနဲ့သိလို့လား တေဇ"

"သိတာပေါ့ ကိုရွှေရဲ့"

အိမ်ပေါ်ရောက်ရောက်ချင်းပဲ ဟိုကောင်တွေက . . .

"ဟဲ့ နင်က ဘယ်လိုကဘယ်လို ပါလာတာလဲ"

"အေးလေ"

ဟိုကောင်တွေရဲ့ အမေးစကားကြောင့် ဟန်နီက ရယ်ရယ်မောမောနဲ့

"ဒါ ငါ့အဖေလေ ဦးသာအေးပေါ့"





"သြော် ဒီလိုလား"

"ဩော် ဒီလိုပဲ"

ဟန်နီကလည်း ပွင့်ပွင့်လင်းလင်းပြန်နောက်ပါတယ်။ သူ့အဖေဆိုသူက ရယ်ရယ်မောမောနဲ့ . . .

"အခြေအနေဘယ်လိုလဲ ကိုနိုင်ပို"

"ထူးခြားရမှာပေါ့ ကိုကြီးသာရယ်"

ဦးသာအေးက ကျေနပ်တဲ့သဘောနဲ့ ပြုံးပြုံးရယ်ရယ်နဲ့ အားလုံးကို နှုတ်ဆက်သည်။

"နင်က ငါတို့မှန်းဘယ်လိုသိလဲ ဟန်နီ"

ဟန်နီက သူ့အဖေဘေးမှာထိုင်ရင်း . . .

"ဖေဖေ့ကို ငါပဲပြောလိုက်တာပေါ့ နင်တို့ လှုပ်ရှားနေတဲ့သတင်းက ငါ့အမြဲနားစွင့်ထားတာပဲ"

"နင် သူငယ်ချင်းကောင်း ပီသပါပေတယ်ကွယ်"

မိုးမြင့်က နန်းဆန်ဆန်စကားလုံး သုံးနှုန်းတော့ ဟန်နီက မိုးမြင့်ကို မျက်စောင်းထိုးသည်။ ကျွန်တော်က ဟန်နီနဲ့ သူ့အဖေကို မိုးမခနဲ့ မိတ်ဆက်ပေးပါသည်။

နောက်ပိုင်း အကတိုက်တော့ ဟန်နီနေ့တိုင်းရောက်လာပါတယ်။ သူမ လာတိုင်းလည်း စားစရာတစ်မျိုးမျိုးကို ချိုင့်ကြီးချိုင့်ငယ်နဲ့ သယ်လာပါတယ် မိုးမခနဲ့ ဟန်နီက တပူးပူးတွဲတွဲ ပိုဖြစ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မရင်းချာနဲ့မခြား ချစ်ခင်လာတယ်။

မိုးမခဝတ်မယ့် ရွှေချည်ထိုးဝတ်စုံဒီဇိုင်းကအစ နှစ်ယောက်သား တိုင်ပင်ကာ အပ်စရာရှိတာအပ် ငှားစရာရှိတာငှားနဲ့ သွားလိုက်လာလိုက်ပေါ့။

ညနေအပြန်ကျရင် ကျွန်တော်တို့လေးယောက်နဲ့ သူတို့နှစ်ယောက် ပေါင်းကာ တစ်ဆိုင်ဆိုင်ဝင်ထိုင် ဒါမှမဟုတ် ကန်ဘောင်ပေါ်သွား လမ်းလျှောက်ကာ နောက်ပြောင်ကျီစယ်ရယ်သံတွေက အမှတ်ရစရာပါ။

ဒီလိုနဲ့ ရိုက်ကူးရေးစတင်မယ့်နေ့ရက်ကို ရောက်လာပါတယ်။ ကြိုတင်ချိန်းဆိုထားတဲ့နေ့ မနက် ၆ နာရီထိုးလောက်မှာ ကျွန်တော်ချိန်းဆိုမထားတဲ့ ဧည့်သည်တစ်ယောက် ကျွန်တော့်အိမ်ကို ရောက်လာပါတယ်။

ပြောရရင် ဆွေမျိုးရင်းချာ ရန်သူကြီးတစ်ယောက်ပေါ့။ အဲဒီသူရဲ့နာမည်သည် ခေါ်ရတာကိုက ကိုးလို့ကန့်လန့် ဒေါ်ဂျက်စီကာတဲ့။ ဒေါ်က မြန်မာလိုခေါ်ရပြီး ဂျက်စီကာကို အနောက်တိုင်းလိုတွဲခေါ်ရတာ ဘယ်လိုမှ ဘဝင်မကျစရာ။

"သားရေ မင်းနဲ့တွေ့ချင်လို့တဲ့ ဧည့်သည်တစ်ယောက်ရောက်နေတယ်"

မေမေ့ခေါ်သံကြောင့် အိပ်မှုန်စုံမွှားနဲ့ ထလာခဲ့ရတယ်။





ရေချိုးခန်းဝင် မျက်နှာအမြန်သစ်ပြီး ထွက်လာတော့ အနောက်တိုင်းဆန်ဆန်နဲ့ လှပတဲ့ အန်တီကြီးတစ်ယောက်ကိုတွေ့ရသည်။ တစ်ယောက်နဲ့တစ်ယောက် မိတ်မဆက်ရပဲ တစ်ယောက်ကိုတစ်ယောက် အံ့ဩစရာကောင်းအောင် သိနေရသည်။

"ဩော်"

မိုးမခရဲ့ အမေဆိုတာ အန်တီကြီးရဲ့ မျက်နှာအစိတ်အပိုင်းတွေကို ကြည့်မိကတည်းက ကျွန်တော်သိခဲ့ပါသည်။

"တေဇဆိုတာ ထင်တယ်"

"ဟုတ်ကဲ့"

"ကိုယ်တို့ ဒီအနီးအနားဆိုင်ကို သွားရအောင်"

အမိန့်သံဆန်ဆန် တစ်ခွန်းကကျိတ်ပြီး နှာခေါင်းရှုံ့စရာပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ ချိတ်မှာချိတ်ထားတဲ့ အင်္ကျီတစ်ထည်ကို ကောက်စွပ် ကာ ထွက်လာခဲ့ပါသည်။ အိပ်ထောင်ကို လက်နဲ့စမ်းပြီး ကျွန်တော်တစ်ပါတည်း လိုက်လာခဲ့တယ်။ ဒေါ်ဂျက်စီကာက ကားရှေ့ခန်းမှာ ဝင်ထိုင်တော့ ကျွန်တော်ဇဝေဇဝါ ဖြစ်ရသေးတယ်။ အဲဒါကိုသိပုံရတဲ့ ဒေါ်ဂျက်စီကာက

"မင်း ရှေ့မှာပဲ ဝင်ထိုင်"

ကျွန်တော် ရှေ့ခန်းတံခါးဖွင့်ကာဝင်ထိုင်တော့ ဒေါ်ဂျက်စီကာက ကားကိုမောင်းထွက်လာခဲ့တယ်။ အနီးစပ်ဆုံးဆိုင်ဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ကိုလှဦးရဲ့ဆိုင်ပဲ ရှိပါတယ်။

ကျွန်တော်နဲ့ ဧည့်သည်တစ်ယောက်ပါလာတော့ ကိုလှဦးက ကောင်တာကနေ ...

"ဟာ စောလှချည့်လား တော့"

ကျွန်တော်လည်း လှမ်းရယ်ပြ ပြုံးပြပြီး စားပွဲတစ်လုံးမှာ နေရာ ယူလိုက်ပါတယ်။ တော်တော်စောသေးတာမို့ ဆိုင်ထဲ ကျွန်တော်တို့ နှစ်ယောက်ပဲ ရှိပါတယ်။

"အန်တီ ဘာစားမလဲ"

ကျွန်တော့်စကားကြောင့် ဒီကအစားအသောက်တွေပေါ် မနှင်း မြို့ဟန်ရှိပုံရတဲ့ မျက်နှာပေါ်က အစိတ်အပိုင်းတွေကို ကျွန်တော် မြင်လိုက်တယ်။ ဒါပေမဲ့ ...

"နက်စ်ကော်ဖီတစ်ခွက်ပဲ မှာပေး"

ကျွန်တော် ခေါင်းညိတ်ပြီး ကောင်တာက ကိုလှဦးကို . . .

"နက်စ်တစ်ခွက် လက်ဖက်ရည်ကျစိမ့် ထမင်းကြော် ကြက်ဥ ကြော်နဲ့ ပဲပြုတ်ဖြူးပေး အဲ . . လန်ဒန်တစ်ပွဲ"

ကိုလှဦးက ခေါင်းညိတ်ပါတယ်။

စကားစ မပြောဖြစ်သေး။ အစားအသောက်တွေကို စားပွဲပေါ် ကောင်လေးတစ်ယောက်လာချတော့ ကျွန်တော်က နက်စ်ကော်ဖီ ကို ဒေါ်ဂျက်စီကာရှေ့ ချပေးသည်။ ကျွန်တော်က လက်ဖက်ရည်





တစ်ခွက်ကို ရှေ့မှာချ လက်ဖဝါးပေါ် ထမင်းကြော်ပန်းကန်တင်ကာ ဗိုက်ဆာဆာနဲ့ စားပါတော့သည်။ ဗိုက်ဆာနေသည်မို့ ကျွန်တော် လည်း ခေါင်းမဖော်တမ်း စားပါတော့တယ်။ ဆာဆာနဲ့ စားလိုက်တာ ဘုရားစူး ဒေါ်ဂျက်စီကာကို မေ့နေခဲ့ပါတယ်။ နောက်ဆုံးတစ်လုတ် ကို ပွဲသိမ်းခါနီး ဇွန်းအဖမှာ ကျွန်တော်သတိရမိလိုက်တာကြောင့် စားဖြစ်ပဲ ကျွန်တော် ဒေါ်ဂျက်စီကာကို မျက်ဝန်းပင့်ကြည့်မိတယ်။

ဟာ ဘာပြောကောင်းမလဲ ကျွန်တော့်ကိုကြည့်နေတဲ့ ဒေါ်ဂျက်စီ ကာရဲ့ အကြည့်က အဓိပ္ပာယ်ပေါင်းမျိုးစုံနဲ့ပေါ့ လူမှုရေး နားမလည်တဲ့ ကောင်လို့ ပြောချင်နေတာလား။ ဓာတ်သမားမို့ ပရမ်းပတာဆန် တယ်လို့ ပြောချင်နေတာလား မသိ။ ကျွန်တော် အဲဒီတစ်လုတ်ကို စားဖြစ်တော့ဘဲ ပန်းကန်ထဲကို ဇွန်းအသာပြန်ချကာ စားပွဲပေါ် တင်လိုက်သည်။

"မင်း ဒီနေ့ဒီရက်ကစပြီး မိုးမခနဲ့ မပတ်သက်ပါနဲ့တော့"

ကျွန်တော်ကြိုတင်ခန့်မှန်းထားတဲ့ အသိုင်းအဝိုင်း ဒါပေမဲ့ ဖြစ် ချက်မရှိပဲ တိုက်ခိုက်ခံနေရတော့ အခုလို ကျွန်တော် ပြောမိပါတယ်။

"အန်တီ ဘာကိုပြောချင်တာလဲ ခင်ဗျာ"

ဒီစကားက ကျွန်တော်ရဲ့ပြောတဲ့စကားမဟုတ်ပါ။ ဒါမှမဟုတ် အရိုအသေ လွန်သွားလို့လားမသိ။ ပန်းဆီရောင် နှုတ်ခမ်းဟာ ခပ်တင်းတင်းစေ့သွားသလို ရွှေကိုင်းမျက်မှန်ဘောင် အရောင်အလက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖျော့ဖျော့ ရွေ့လျားသွားခဲ့ပါတယ်။ ပြီးတော့လည်း ဒေါ်ဂျက်စီကာရဲ့ နှုတ်က ဆဲရေးသံသဲ့သဲ့ ...။

"ရှစ်"

ဒီစကားတစ်ခွန်းဟာ တော်တော် တာသွားခဲ့ပါတယ်၊ ကျွန်တော် မသိမသာ ပြုံးမိတယ်ထင်တယ်။

"ရှစ်တွေ ကိုးတွေ ကျွန်တော်မသိချင်ဘူး ဒေါ်ဂျက်စီကာ ကျေးဇူးပြုပြီး ဒေါ်ဂျက်စီကာရဲ့ မြန်မာနာမည်တစ်ဆိတ်လောက်"

"တင်တင်ထား"

ကျွန်တော် ခေါင်းညိတ်လိုက်ပြီး . . .

"သိပ်မြန်မာဆန်တဲ့ နာမည်ပဲ ကျွန်တော်အဲဒီနာမည်နဲ့ပဲပြောတော့မယ် ဒေါ်တင်တင်ထား ကျွန်တော်ပြောမယ် နောက်ဆုတ်မယ် ရှေ့တိုးမယ်ဆိုတာက ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ပါ။ အခု ဒေါ်တင်တင်ထား ဖြစ်နေတာက ဘာကိုမကျေနပ်တာလဲ"

"မင်းနဲ့ ယူရီကို ကို သဘောမတူလို့"

"ယူရီကိုနဲ့ သဘောမတူလည်း ဘာအကြောင်းလဲ ကျွန်တော်ချစ်တာက မိုးမခပဲလေ"

ကျွန်တော့်စကားကြောင့် ဒေါ်တင်တင်ထား ခေါ် ဒေါ်ဂျက်စီကာ အောင့်သက်သက်ဟန်နှင့် . . .





"ယူရီကိုဆိုတာ မိုးမခပဲလေ"

"ဩော်"

ဩော် ဂလိုလားလို့ မပြောမိအောင်ပါပဲ။

"ကျွန်တော်နဲ့ သဘောမတူရအောင် ကျွန်တော်ကဘာ ချို့ယွင်းချက် ရှိနေလို့လည်း ဒေါ်တင်တင်ထား"

"သဘောမတူစရာအကြောင်းတွေကတော့ ပြောပြရရင် မင်းမှာ အများကြီးပဲဟေ့ အဓိကအကြောင်းကတော့ မင်း ဓာတ်သမားမို့လို့"

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မိလိုက်ပါတယ်။ အရေးကြုံတုန်း လက်ဖက်ရည်တစ်ခွက်ကို အမြန်သောက်ရပါသေးတယ်။

ပြဇာတ်ကတုန်းကဆို ဒီအခန်းမှာ ညခင်းသစ်က ပြဇာတ်မင်းသားရဲ့ ဒိုင်ယာလော့တွေကို ပရိသတ်သဘောကျမိမှာအမှန်ပင်။ ဒါပေမဲ့ ယောက္ခမ လောင်းလျာကြီးဆိုတော့ ...

"ဓာတ်သမားပြန်ရင် မှတ်သားစရာကျန်မယ်တဲ့ ဆိုရိုးစကားရှိပါတယ် ဒါပေမဲ့ ကျွန်တော်လူတစ်ဖက် သိပ်အထိနာအောင် ကျွန်တော်ပြောတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မပြောဘူး ဘာဖြစ်လို့လဲဆိုတော့ ဒေါ်တင်တင်ထားဟာ အဒေါ် ဖြစ်နေလို့နော်"

"အောင်မယ် ဖက်ခွက်စားက"

ဒေါ်သတကြီးနဲ့ တုံ့ပြန်ပြောဆိုလိုက်တော့ ကျွန်တော်သိပ်ဒို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားမိရင်း ရယ်လိုက်ပါသည်။ ရယ်နေတာကို မနည်းထိန်းရင်း ....

"အရီးလေး အရီးလေးပြောတာ သိပ်ကိုမှားနေပြီ"

ကျွန်တော့်အခေါ် အဝေါ်ကြောင့် ဒေါ်တင်တင်ထား မျက်နှာပြင် ရဲတွတ်သွားပြီး မခံချိမခံသာဖြစ်နေပါသည်။ ဘာမှလည်း ပြန်မပြောနိုင် ...။

"အခုခေတ် ဓာတ်သမားတွေ ဖက်ကိုခွက်လုပ်ပြီးမစား တော့ဘူး ပလပ်စတစ် (ကျွတ်ကျွတ်အိတ်) သုံးနေကြပြီဗျ ခေတ်နောက် မကျပါဘူး"

ဒေါ်တင်တင်ထားလို့ အခေါ်ခံရကတည်းက ထွက်သက်ဝင်သက်ကို မေ့နေသော ဒေါ်တင်တင်ထား၏ ဒေါသသည် ဖျောက်အိုးပေါ် မီးကျသလို ဆောင့်အောင့်ထွက်လာသည်။ ဒေါ်တင်တင်ထားသည် ကမ္ဘာမကြေ ဥဒါန်းမကြေတဲ့ စိမ်းကားတဲ့မျက်လုံးကြီးတွေနဲ့ ကျွန်တော်ကိုကြည့်ပြီး ဆိုင်ထဲက ထွက်သွားပါသည်။

ရန်ငြိုးမရှိပဲ စိန်ခေါ်သူက ဒေါသဖြစ်ခွင့်မရှိပါ။ စိန်ခေါ်ခြင်းခံရသူက ဒေါသဖြစ်ရမယ့်အစား အခုတော့ . . . အို အသင်လောကလောလောပြီး ကပါရစေလို့ပဲ ငြီးတွားချင်လိုက်တာ တေဇတို့များ ဘယ်လောက်ကံမကောင်းသလဲဆိုရင် ပိုက်ဆံရှင်းဖို့ အိတ်ထဲကအနှိုက်မှာ သီချင်းအတွက်ရေးထားတဲ့ ဂီတသင်္ကေတ (နုတ်စ်)ဖြစ်





နေလေ့၏။ သို့သော် မထင်မှတ်ပဲ ကံကောင်းခွင့်ရသည်က ဒေါသနဲ့လား တမင်ကြွားဝါခြင်းသက်သက်လားမသိပါ။ ဒေါ်တင်တင်ထားက နက်စ်ကော်ဖီတစ်ခွက် ငွေတစ်ထောင် ပေးသွားခဲ့ခြင်း ဖြစ်သည်။ ကော်ဖီပန်းကန်အောက်က ငွေတစ်ထောင်ကို ကျွန်တော်ဆွဲယူကာ အားလုံးစားထားသမျှကို ရှင်းလိုက်ပြီး လန်ဒန်တစ်လိပ်ခဲကာ ပိုတဲ့ပိုက်ဆံကို ရက်ရက်ရောရော ထည့်လိုက်ပါသည်။ ယောက္ခမကြီး ကျန်းမာပါစေ။

•❦•❦•



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆုတောင်းကို ပြောင်းပြန်လှန်ပစ်ချင်လောက်အောင် ဖြစ်မိတာက နေ့လယ် ဆယ့်နှစ်နာရီမှာ ဖြစ်ပါတယ်။

ကျွန်တော်ကဇာတ်ရုံထဲမှာ မိုးမခကို စိတ်ပျက်အားလျော့ခြင်းတွေနဲ့ စောင့်မျှော်နေချိန်ပေါ့။ ပြီးတော့ အနာဂတ်အတွက် စိုးရိမ်ပူပန်မှုတွေ ...။

"တောက်"

ငြိမ်သက်တိတ်ဆိတ်စွာထိုင်နေတဲ့ ကျွန်တော့်ဆီက ရုတ်တရက် အခုလိုတောက်ခေါက်သံကြောင့် ဟန်နီက ကျွန်တော်ရှိရာဆီ ထလာကာ ...

"နင် ဘာဖြစ်နေတာလဲ တော၊ မိုးမခ ဒီလိုနောက်ကျတတ်တဲ့ လူစားမျိုးမှ မဟုတ်တာ သူတစ်ခုခု"





ဟန်နီစကားမဆုံးခင် ကျွန်တော် ဟန်နီကို မော့ကြည့်ပြီး ...

"ငါ သူ့ကိုဒေါသဖြစ်နေတာမဟုတ်ဘူး ဟန်နီ"

"ဒါဆိုရင်"

ကျွန်တော် သက်ပြင်းချရုံပေါ့။ ဒီလိုနဲ့ပဲ မနက်ခင်းက အဖြစ်အပျက်တစ်ခုကို သူတို့အားလုံးသိအောင် ကျွန်တော် ပြောပြခဲ့မိပါသည်။ မိုးမခ နောက်ကျရခြင်းရဲ့ အဓိပ္ပာယ်ဟာ ဒေါ် ချက်စီကာရဲ့ နည်းစနစ်မှလွဲ၍ ဘယ်သူ့ပရောဂမှ မပါဝင်နိုင်တာ ကျွန်တော်သိတာပေါ့။

တစ်နေ့တာ ကုန်ကျစရိတ်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရန် ဟန်နီကပြောသကဲ့သို့ ကျွန်တော်တို့အားလုံးရဲ့စိတ်တွေ ပေါ့ပေါ့ပါးပါး ဖြစ်ရန် သူမအဖေဖြစ်သူ ဦးသာအေးကလည်း ရယ်စရာ မောစရာနဲ့ ကျွန်တော်တို့ကို နှစ်သိမ့်ခဲ့ပါတယ်။

လတ်လတ်ဆတ်ဆတ် ထိရှခဲ့တော့ ဒဏ်ရာဆိုတာ ပိုပြီး ကျင်နိုင်ပါတယ်။ ဒီထက်ပိုပြီး ဘယ်လိုဒဏ်ရာမျိုးတွေ ထပ်လာ သဲ ကျွန်တော် အဲဒီနေ့က ကြိုတင်ခန့်မှန်းတွေးကြည့်ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# လူရွှင်တော်

ပရိသတ် မျက်ဝန်းအစုံရဲ့
ပစ်မှတ်ဗဟိုမှာ ငါ
သဘောကျ ပျော်ရွှင်စရာနဲ့
ရယ်သံဆုလာဒ်တွေအတွက်
ငါ ပစ္စက္ခဒဏ်ရာကို မေ့တတ်လာတယ်။





ကျွန်တော်က ကိုရွှေရဲ့ စန္ဒယားကို တီးခတ်နေမိပါသည်။ အာရုံထဲမှာ ဝင်လာတဲ့ ကော့ဒ်တွေကိုသာ ခပ်ကြွမ်းကြွမ်း တီးခတ်နေမိသည်။

ကိုရွှေက ပတ္တလားခုံမှာဝင်ထိုင်ရင်း ကျွန်တော် တောင်စဉ်ရေရေ တီးခတ်နေပါသည်။

အဘသန်း ကိုရွှေဖခင် ဦးနိုင်ကျော်သန်း ကိုနန်းဝေနဲ့ ညခင်းသစ်ဂီတဆရာ အပါအဝင် ကျွန်တော်တို့အဖွဲ့နှင့်အတူ ဟန်နီကအကားဝိုင်းထဲမှာ နစ်မျောနေသည်။ အဘသန်းက ဦးဆောင်ဆွေးနွေးနေသူပေါ့။

"ဆရာဦးစိန်ဗေဒါရဲ့ နာမည်ရင်းက မောင်ကလေးတဲ့ သူ့ရဲ့ဆရာ ရင်းတွေကတော့ ဖခင်ရင်းဆရာဖေနဲ့ ဦးကျော်အေးတို့လည်းပါတာပေါ့။ ပြီးတော့ သူက အခြားသိကျွမ်းတတ်မြောက်တဲ့ ဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဆည်းပူးခဲ့တယ်လေ။ ဆရာစိန်ဗေဒါ ငယ်ရွယ်တဲ့အချိန်ကာလ မှာတောင် ၁၂ လုံးဒိုးကို ကြားရသူတိုင်း ဘဝင်စိမ့်အောင် တီးခတ်နိုင် ခဲ့တယ်...

ဆရာက မင်းသားကိုဖိုးကွန့် မင်းသမီးမထွေးလေးတို့အတ ရန်ကုန်မြို့ကို ရောက်လာပြီး တီးခတ်သင်ပေးခဲ့တယ်။ အဲဒီအချိန်မှာ မင်းသား မင်းသမီးက နာမည်ကြီး၊ ဆိုင်းဆရာစိန်ဗေဒါကလည်း ငယ်ရွယ်နုပျို တက်သစ်စကလေးပေါ့"

အဘသန်းက စကားကိုခဏရပ်ပြီး ရေနွေးကြမ်းငုံ့ကာ သောက်ရင်း ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပါတယ်။ စိတ် တေးသွားတွေနဲ့ မျောလွင့်နေတဲ့ ကျွန်တော့်ကို အဘက ပြုံးရင် ငေးကြည့်နေပါတယ်။

"ဆရာစိန်ဗေဒါရဲ့ လက်သံကို ပရိသတ်က နှစ်ခြိုက် သဘော ကျလာတယ်။ အဓိကကတော့ မင်းသား မင်းသမီး နှစ်ပါးသွာ မစမီမှာ ဆိုင်းဝိုင်းချည်းသက်သက် တီးပေးရတဲ့ ဗလာတီးပေးရ ပတ်မ တီးစဉ် သူ့ရဲ့ပညာအစွမ်းကို ထုတ်ဖော်ခွင့်ရခဲ့တာပေါ့"

အဘစကားခဏရပ်တော့ ကိုနန်းဝေက . . .

"အဘသန်း အဲဒီအချိန်မှာ ဆရာ စိန်ဗေဒါ နာမည်ရပြီလား"

အဘက ခေါင်းခါရင်း . . .

"ဘယ်ရဦးမလဲ မောင်နန်းဝေရယ် အဲဒီလို ဗလာတီး လုံးတီး





ရင်းနဲ့ ဆရာစိန်ဗေဒါခေါ်တဲ့ မောင်ကလေးက "ဗေဒါ ဗေဒါ နင့်ဘူးကို ဘယ်သူချဲ့တယ် ပြောဟဲ့ ဗေဒါ ဆိုတဲ့ သီချင်းတေးသွားကို ပီပြင် အောင် တီးပြနိုင်ခဲ့တယ်။ ဒီတေးသွားလက်သံကို နှစ်ခြိုက်သဘော ကျစွဲလမ်းတာကြောင့် ရန်ကုန်ပရိသတ်က ဗေဒါမောင်ကလေးလို့ သူ့ကိုချစ်စနိုးခေါ်ကြတယ်။ အဲဒီကစပြီး မောင်ကလေးနာမည် ပျောက်ပြီး ဗေဒါဆိုတဲ့ နာမည်တွင်လာတာပေါ့။ အဲဒီလိုနဲ့ မန္တလေးကို ပြန်ရောက်တော့ စိန်တစ်လုံးတိုးပြီး စိန်ဗေဒါ လို့ကျော်ကြားခဲ့တာပေါ့"

ကိုနန်းဝေက အဘသန်းစကားဆုံးတော့ ထပ်မေးပြန်သည်။

"ဆရာစိန်ဗေဒါတို့ရဲ့ခေတ်မှာ ဆရာညိုက ဘီလူးခေါင်းစွပ်ပြီး တီးတယ်လို့ ကျွန်တော် ကြားဖူးတယ် အဘ"

ကိုနန်းဝေရဲ့ အမေးစကားကြောင့် အဘသန်းက စကားကို ထပ်ဆက်ပါသည်။

"အဓိကကတော့ ဆိုင်းဝိုင်းတီး အမရပူရသား ပြည်မြို့ရောက် ဆရာဖေနဲ့ တစ်ခေတ်တည်းလို့ပဲ ကျော်ကြားခဲ့သူ စစ်ကိုင်းဆရာညို ပေါ့။ ဆရာလည်း ဗလာဆိုင်းတီးရာမှာ နာမည်ကျော်တာပေါ့။ ဒါပေ မဲ့ ပတ်ဝိုင်းထဲမှာ ဆရာညို ဆိုင်းတီးတဲ့အခါမှာ ရိုးရိုး သူများတီးသလို မတီးခဲ့ဘူး ဆရာညိုက ဘီလူးခေါင်းဆောင်းပြီး တီးတဲ့ မလေ့ရှိ တယ်။ လက်နှစ်ဖက်မှာလည်း ခေါင်းတောင်တွေကိုတပ်ပြီး တီး တော့ ကနေတဲ့ဟန်နဲ့ အရမ်းကိုကြည့်လို့ကောင်းတယ်လို့ အဘ



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးတယ်။ အဲ သူ့လိုပဲ ဆရာညိုသင်ဆိုတာ နောက်တစ်ယောက်ရှိသေးတယ်။ ဘိလပ်ပြန်ဆရာလို့ ထင်ရှားသူပေါ့။ ခေါင်းပေါ်က ခွက်ထဲကို ရေအပြည့်ဖြည့်ပြီး ရေစက်မကျအောင် တီးခတ်နိုင်ခဲ့တယ်လို့ ထင်ရှားခဲ့တယ်"

အဘသန်းတို့ စကားဝိုင်းက စကားသံတွေက ကျွန်တော်သည် မကြားတစ်ချက် ကြားတစ်ချက် ဟန်နီက စကားဝိုင်းမှထလာပြီး ကျွန်တော့်အနားမှာရပ်ကာ ...

"နင် ဘာမှ မစားရသေးဘူးဆို ငါအိမ်က နင့်အတွက် ထမင်းနဲ့ ဟင်း ချိုင့်နဲ့ထည့်လာတယ် စားမလား ငါပြင်ပေးမယ်လေ"

ကျွန်တော်က စန္ဒရားခလုတ်တွေကိုသာ ပရမ်းပတာ တီးခတ်နေမိပါသည်။

ကျွန်တော့်ဆီက တုံ့ပြန်သံမကြားရတော့ သူမ သက်ပြင်းချသည်။ နောက် ကျွန်တော်ရဲ့ တီးခတ်နေတဲ့ သံစဉ်ဟာ တေးသွားတစ်ပုဒ်ဆီ ကူးပြောင်းလာပါတယ်။ ကိုရွှေရော်ရော်ရေးတဲ့ လူရွှင်တော်တေးသွား ကျွန်တော်က တစ်ပိုဒ်တီးချလိုက် ကိုရွှေက ပတ္တလားနဲ့ လိုက်ဖြည့်တီးလိုက်နဲ့ မတိုင်ပင်ပဲ တီးမိနေကြတော့ အဘသန်းတို့ စကားဝိုင်းဟာ တိတ်ဆိတ်သွားပြီး ကျွန်တော်တို့တီးနေတဲ့ သံစဉ်ပေါ် အာရုံဝင်စားနေဟန်တူကြသည်။

နောက်ဆုံးတစ်ပိုဒ်တီးပြီးတော့ အဆုံးသတ်ကော့ဒ်ကို





လက်အစုံဖြင့် စန္ဒရားခလုတ်ပေါ် ခပ်ပြင်းပြင်းရိုက်ချလိုက်မိသည်။

"နင် သိပ်မစိုးရိမ်ပါနဲ့ဟယ် မိုးမခ ငါတို့ဆီ ရောက်အောင်လာမှာပါဟာ"

ဟန်နီ့စကားကြောင့် ကျွန်တော် သူမကိုမော့ကြည့်ရင်း . . .

"ကျေးဇူးတင်ပါတယ်ဟန်နီ၊ ဒါပေမဲ့ မလွယ်ဘူးဆိုတာ ငါသိတယ်"

"သိပ်လည်း စိတ်ဓာတ်မကျပါနဲ့ ကောင်လေးရယ် နှစ်ရက်သုံးရက် စောင့်ကြည့်ကြသေးတာပေါ့"

အဘသန်းက လှမ်းပြောတော့ ကျွန်တော်ခေါင်းညိတ်ပြမိသည်။

"မင်းတို့ကို ဒေါ်တင်တင်ထား သိသိကြီးနဲ့ ဘာဖြစ်လို့ တမင်လွှတ်ပေးထားရတာလဲ ငါသိချင်တာကွ"

"သူ့မှာ အကြံအစည်တစ်ခုခုရှိလို့နေမှာပေါ့ ကိုရွှေ"

"ဟာ ဒါတော့ မင်းပြောမှလား မင်းထွင့်ရာ အဲဒီအကြံအစည် ဘာအကြံအစည်လဲကိုပြောတာကွ"

"အဲဒါသိချင်ရင် လွယ်လွယ်လေးပါ"

မိုးမြင့်စကားကြောင့် ကိုရွှေက အားတက်သရောနဲ့ . . .

"ဘယ်လို လုပ်ရမှာလဲ ပြော"

"ဒေါ်တင်တင်ထားအိပ်နေတုန်း အိမ်ထဲခိုးဝင် ဒေါ်တင်တင်



www.burmeseclassic.com

www.burmeseclassic.com



ထား အိပ်ခန်းထဲကိုသွား"

ဒီကောင့်စကားကြောင့် အားလုံးမျက်လုံးပြူးသွားသလို ကိုရွှေကလည်း . . .

"ဟေ့ကောင်"

"အာ စကားဆုံးအောင်လည်း နားထောင်ပါဦးဗျ ဒေါ်တင်တင်ထား အိပ်နေတဲ့ မျက်နှာကိုကြည့်"

"ဒုက္ခပဲ"

"ပြီးရင် လက်ထဲ့ကချိန်သီးလေးနဲ့ သူ့မျက်နှာပေါ် တရမ်းရမ်းနဲ့ အိပ်မွေ့ချပြီးမေး အဒေါ်ကြီး ထ ထ"

"ခွေးကောင် အိပ်နေပါတယ်ဆိုမှ အိပ်မွေ့ချဦးမယ် မင်းနိုးမှ ဟိုက ထပြီး မင်းကိုဆော်ပလော်တီးလိုက်မှ အငြိမ့်စင်ပေါ် ခေါင်းပေါင်းအသစ်နဲ့ တက်နေရမယ်"

ကိုရွှေစကားကြောင့် စိတ်ညစ်နေရတဲ့အထဲ ရယ်ချင်မိသည်။ ဒါတောင် မိုးမြင့်က တရုတ်သိုင်းကားထဲကလေသံနဲ့ . . .

"ဒါမျိုး ဖြစ်တတ်သလား"

"နေစမ်းပါကွာ"

တမင်ရယ်သံ အပြောင်အပျက်တွေနဲ့ ကျွန်တော့်စိတ်ဖြေသာအောင် သူတို့ဖြေသိမ့်ပေးကြသည်။

အလွမ်းရဲ့တောင်ပံတွေနဲ့ လေလွင့်မျောဝဲနေတာတောင် အဆုံး





ဝါးဆုံး အငြိုးတွေက လေနီကြမ်းအဖြစ် ဖန်တီးပြင်ဆင်ပြီး ငါ့ကိုထိုးနှက်ဖို့ ရှေ့က စောင့်နေတယ် မိုးမခရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ဖုန်းထဲက ကြားလိုက်ရတဲ့ အသံနဲ့ အဓိပ္ပာယ်ကြောင့် ကျွန်တော် အံ့အားသင့်သွားခဲ့ရတယ်။ တစ်ဖက်က မိုးမခက ကျွန်တော့်အသံရဲ့ အံ့ဩမှုကြောင့် ရှိူးရှိူးလွင်လွင်ရယ်ပါတော့သည်။

"ဟုတ်တယ်လေ ငါမနက်ဖြန် ကိုးနာရီလာခဲ့မယ်။ ကဇာတ်ရုံကို လာခဲ့တော့ အခုချိန်လောက်ဆိုရင် ဟန်နီတောင် ဒီသတင်းကို ကိုရွှေတို့ အုပ်စုကို သွားပြောနေလောက်ပြီ မနက်ဖြန်ကျရင် ပြောစရာတွေ အများကြီးရှိတယ် တော့ နင်နဲ့ငါ အေးအေးဆေးဆေး နေချင်တွေ့ချင်သေးတယ်။ ပြီးတော့ နင့်ကို ငါအရမ်းလွမ်းနေတယ် ဘိုင့်ဘိုင်"

တရစပ်ပြောပြီး သူမ ဖုန်းကိုချသွားပါတယ်။ ကျွန်တော်က ကြောင်တောင်တောင်နဲ့ ဖုန်းကိုကိုင်ထားမိနေဆဲ မမက ကျွန်တော့်





အနားကို လျှောက်လာပြီး . . .

"ဘယ်သူ့ဆီက ဖုန်းလဲ သား"

မမနဲ့ ကျွန်တော်က အသက်ကွာသည်။ မမက ကျွန်တော့်ကို သားလို့ ခေါ်တတ်ပါသည်။

"မိုးမခဆီက မမ"

မမမျက်နှာ အံ့ဩဟန်မပြပါ။

"သူ ပြန်လာတော့မယ်ပေါ့"

"မမဘယ်လိုသိလဲ"

"သိတာပေါ့သားရဲ့ မိုးမခက လွယ်လွယ်နဲ့အလျှော့ပေးတတ်တဲ့ မိန်းကလေးမှ မဟုတ်တာ လူပုံက နွဲ့နွဲ့နှောင်းနှောင်းဆိုပေမယ့် ခေါင်းကျောက အတော်မာတဲ့ ကလေးမလေး"

မမနဲ့ ကျွန်တော် စကားပြောကောင်းနေတုန်း ဟိုကောင်တွေ အိမ်ပေါ်ကို အလုအယက်ပြေးတက်လာပါတယ်။

"ဟဲ့ ဖြည်းဖြည်းတက်စမ်းပါ နင်တို့ကို ကြည့်လိုက်ရင် ရှုပ်ယှက်ခတ်နေတာပဲ"

"မမကြီးတောင် ရောက်နေပါလား ဘာလဲ အလည်လား"

မင်းထွဋ်စကားကြောင့် မမက ခေါင်းခါပြီးရင်း . . .

"ဟင့်အင်း ရန်ကုန်ရုံးချုပ်ကို အလုပ်ကိစ္စနဲ့လာတာ မနက်ဖြန် ပြန်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေက ဆိုဖာရှေ့မှာ လှဲသူလှဲ ထိုင်သူထိုင်နဲ့ နေရာဝင်ယူရင်း . . .

"ဟေ့ကောင် သတင်းကောင်းပါတယ် မင်း ငါတို့ကို ပွဲတစ်ပွဲ စီစဉ်ပေးရင် ပြောပြမယ်"

မိုးမြင့်စကားကြောင့် မမနဲ့ ကျွန်တော် တစ်ယောက်ကို တစ်ယောက် ကြည့်မိသည်။ ကျွန်တော်က မရယ်မိအောင် ထိန်းရင်း ခပ်တည်တည်နဲ့ . . .

"နေပါစေကွာ ဒီအချိန်မှာ ဘာသတင်းမှမကြားချင်တော့ဘူး"

ကျွန်တော့်အပြောအဆိုကြောင့် ရဲသွေးကအလောတကြီး ...

"မဟုတ်ဘူးလေ မိုးမခအကြောင်း"

"ထားလိုက်ပါကွာ ရေစက်မှ မပါတာ ငါ့ထိုက်နဲ့ငါ့ကံ ပဲရှိပါစေတော့"

ဒီကောင်တွေ ကြောင်တောင်တောင်ဖြစ်နေတော့ မမက ဟန်မဆောင် နိုင်စွာ ရယ်ပါတော့သည်။ အဲဒီအခါမှ ဒီကောင်တွေ ရိပ်မိသွားပြီး . . .

"ခွေးကောင် မင်းသတင်းကြီးသိထားရဲ့သားနဲ့ ငါတို့ကို အရူးလုပ်တယ် သောက်ကျင့်မကောင်းတဲ့ကောင်"

ကျွန်တော်နဲ့မမက တဟားဟားအော်ရယ်ပါတော့သည်။

"အေးပါ ရယ်ထား ဟိုနေ့ကတော့ ယာဉ်ထိန်းရဲလှမ်းစစ်လို့





ဝိုးတုပ် ပေးလိုက်ရတဲ့ ဒရိုင်ဘာရုပ်နဲ့"

မင်းထွဋ်ဥပမာကြောင့် . . .

"တော်တော် ပေါက်တတ်ကရပြောတတ်တဲ့ကောင်တွေဟယ် ခဏနေကြဦး မင်းတို့အတွက် စားစရာတစ်ခုခု ပြင်ဆင်ပေးမယ်"

မမက နောက်ဖေးဖက်ကိုဝင်သွားတော့ ရဲသွေးက . . .

"မင်း ဖားသားကြီး မားသားကြီးမမြင်ပါလား"

"ဖေဖေက ဆိုင်ကိုသွားတယ်၊ မေမေက ရုံးပိတ်ရက်မို့လို့တဲ့ ဆရာတော်ကြီးဆီ မမနယ်ကပါလာတဲ့ ပစ္စည်းလေးတွေ သွားကပ်တယ်"

စိတ်ချမ်းသာစရာသတင်းကြားလိုက်လို့ထင်သည် ကျွန်တော်ဒို့နေ့ စိတ်လွတ်လပ်ပျော်ရွှင်စရာများဖြင့် ရယ်စရာတွေပဲ ပြောဖြစ်ကြသည်။

မနက်စာ ဒီကောင်တွေနဲ့အတူစားပြီး ဟန်နီဆီ ဖုန်းဆက်ကာ ကိုရွှေတို့ အိမ်ကို ချီတက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် သိပ်ပင်ပန်းနေပြီလား မိုးမခ"

"ဟင့်အင်း"

ကျွန်တော်ကမ်းပေးတဲ့ အချိုရည်ဗူးကို သူမက လှမ်းယူသည်။ ချွေးစို့ စို့ထွက်နေတဲ့ လည်ပင်းအစပ်ကို ကျွန်တော်ပေးတဲ့ ရေခဲစိမ်တာဝါနဲ့ အသာလှမ်းတို့ ချွေးသုတ်ပါတယ်။ ဟန်နီက မိုးမခကို လက်ယပ်လှမ်းခေါ်ပါသည်။ မိုးမခက ဟန်နီဆီလျှောက်သွားပြီး နှစ်ယောက်သား တိုးတိုးစကားဆိုကြ ရယ်ကြပါသည်။ မိုးမခက ရှက်ကိုးရှက်ကန်းဖြင့် ဟန်နီ့လက်မောင်းကို လှမ်းရိုက်သည်။

တစ်နေ့တာ ရိုက်ကွင်းပြီးသွားလို့ စက်အဖွဲ့က ပစ္စည်းပစ္စယတွေကို သိမ်းဆည်းနေကြပါပြီ။ ကိုရွှေတို့က အသံသက်သက်သွင်းပြီးပြီမို့ အရေးမကြီးတော့။





"ဟော့ကောင် မင်းပြီးရင် ငါတို့နဲ့ လိုက်ခဲ့မှာလား"

ကျွန်တော်က အသာပြုံးရင်း ခေါင်းခါရမ်းပြတော့ ဒီကောင်တွေက မျက်စောင်းထိုးတဲ့သူကထိုးနဲ့ပေါ့။ မင်းသမီးအဝတ်အစားလဲပြီးတော့ မိုးမခ ထွက်လာပါတယ်။ သူ့ဆီလျှောက်လာရင်း ရှက်အမ်းအမ်းမျက်နှာထားနဲ့

"လာ တေဇ ငါတို့ဒီက အမြန်ဆုံးခွာမှဖြစ်မယ်"

သူမလက်ထဲက ကားသော့ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်အလွယ်တကူ သဘောပေါက်ခဲ့ပါတယ်။ သူမရဲ့ အနက်ရောင်ကားကြီးဆီ ကျွန်တော်တို့သွားကြပြီး တံခါးဖွင့်ကာ ကားပေါ်တက်လိုက်ကြပါတယ်။ သူမက ကျင်လည်စွာ ကားကိုမောင်းထွက်လာခဲ့ပေမယ့် ဘယ်နေရာ ဘယ်ဆီကို ဦးတည်နေမှန်း ကျွန်တော်မသိခဲ့။ ကျွန်တော်က ကားမောင်းနေသူ သူမကို ငေးကြည့်နေ၏။ သူမက သိနေသည့်အလား . . .

"နင် ငါ့ကို အဲသလိုမကြည့်နဲ့ ငါကားမောင်းလို့မရဘူး"

"ဟ နင်ဘာသာနင်မောင်းတာပဲ ငါလည်း ငါ့ဘာသာကြည့်တာပဲ"

"တေဇနော်"

သူမ အခုလိုပြောတော့ ကျွန်တော်တဟားဟား အော်ရယ်လိုက်ပါသည်။ ပြန်ဆုံကြတော့လည်း အလွမ်းတွေက အလွယ်တကူ



www.burmeseclassic.com

www.burmeseclassic.com



ကြေပျက်နိုင်သွားပါပဲ။

ချစ်သူကို ရင်ခွင်မှာထားပြီး ဆက်တိုက်ရမယ့် တိုက်ပွဲတွေက ဘယ်လောက်တောင် ရှေ့မှာ ကြိုတင်စောင့်ဆိုင်းနေသလဲ တွေးကြည့်ချင်ပါသည်။

ဒါပေမဲ့ ကိုယ့်ရဲ့အဖော်ဟာ ကိုယ့်လိုပဲ စိတ်သဘောထား တစ်ထပ်တည်းနဲ့ အောင်နိုင်ရေးလက်နက်ဖြစ်တဲ့ ခိုင်မာတဲ့ချစ်ခြင်းဆန္ဒသာရှိနေဖို့ လိုအပ်တာတော့ သေချာသည်။

ကားရပ်တော့ သူမက ဦးဆောင်ပြီး တိုက်ခန်းလှေကားကျဉ်းကျဉ်းပေါ် ဦးဆောင်ရှိတက်ခဲ့သည်။ ငါးထပ်မြောက် တိုက်ခန်းတစ်ခုကို ရောက်တော့ တံခါးကို သူမမှာ အသင့်ပါလာတဲ့ သော့နဲ့ဖွင့်ကာ အထဲကို ဝင်သွားခဲ့သည်။

အထဲရောက်တော့ လင်းလင်းချင်းချင်း ဖြစ်စေရန် တံခါးတွေ လိုက်ကာတွေ ဖွင့်လိုက်သည်။ အလင်းရောင်တွေ ဝင်လာတော့မှ ဒီတိုက်ခန်းလေးဟာ နေချင်စဖွယ်ကောင်းအောင် ခင်းကျင်းထားတဲ့ တိုက်ခန်းလေးမှန်း ကျွန်တော်တွေ့ခဲ့ရပါတယ်။

ကျွန်တော် ဆက်ကီတစ်ခုံမှာ ဝင်ထိုင်ပြီး သူမလက်ကိုဆွဲကာ ရင်ခွင်ထဲထည့်လိုက်တော့ သူမကလည်း အလိုက်သင့် . . .

"ဒါ မိုးမခတို့ပိုင်တဲ့ အခန်းလား"

"ဟင့်အင်း"





"ဒါဆို ဒါ ဘယ်သူ့အခန်းလဲ"

"ဟန်နီ့အပိုင်လေ"

"ဘယ်လို"

မိုးမခက ကျွန်တော့်ပါးသိုင်းမေးရိုး မွေးညှင်းစိမ်းစိမ်းကို လက်ဖဝါးနဲ့ အသာပွတ်သပ်ရင်း ကျွန်တော်နှာခေါင်းကို ခပ်ဖွဖွ လိမ်ဆွဲသည်။

"သိပ်အသည်းယားအောင် မလုပ်နဲ့နော် ဟော့ကောင်မလေး"

သူမက ကျွန်တော့်ကို တမင်တကာ ကြောက်လန့်ပုံ ပုခုံးတွန့်ကာပြသည်။ ပြီးတော့ . . .

"ဟန်နီက ပြောတယ် ဒီအငြိမ့်ခွေ မပြီးမချင်း အပြင်မှာ ချိန်းမတွေ့နဲ့ တဲ့ ဒီမှာပဲ အေးအေးဆေးဆေးတွေ့ကြတဲ့"

"ကောင်းပါတယ် ဒီကောင်မလေး မဆိုးဘူး"

"ဘာကောင်းတာလဲ"

"အား . . ."

ကျွန်တော့်ဗိုက်ခေါက်ကို ဆွဲလိမ်တော့ ကျွန်တော် အားခနဲအော်မိသည်။ ဒီလောက်အလိမ်အဆွဲကောင်းတဲ့ ကောင်မလေးကို ကျွန်တော်ဒီအချိန်မှာ ဘာလုပ်သင့်သလဲ။ ကျွန်တော် သူမကို နမ်းလိုက်ချိန်မှာ ကျွန်တော့်ဗိုက်ခေါက်ကို လိမ်ဆွဲနေသော ကောင်မလေးရဲ့ လက်သည် တဖြည်းဖြည်း အားပျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းတွေ တဖြည်းဖြည်းမှေးမှိတ်သွားခဲ့တယ်။

ရင်ခုန်သံ တိုက်ရိုက်လွှင့်ထုတ်ပွဲကို စတင်ခဲ့ပါသည်။





ဒီတိုက်ခန်းလေးထဲမှာ အတူတူဆုံတွေ့ခဲ့ရတဲ့ ကာလတွေကို ကျွန်တော်ရော မိုးမခပါ ဘယ်လိုမှ မေ့နိုင်ခဲ့မှာမဟုတ်ပါဘူး။

ပြီးတော့ ဇာတ်ရုံခန်းမကြီးထဲမှာ ငြင်းကြခုန်ကြ အခါခါ ပြန်ရိုက်ခဲ့ရတဲ့ အငြိမ့်ရိုက်ကွင်းကိုလည်း ကျွန်တော်ဘယ်လိုမှ မမေ့နိုင်ခဲ့ပါ။ ကျွန်တော်ရဲ့ အချစ်အကြောင်းကို အစုမှ စသိခဲ့ရတဲ့ ဒါရိုက်တာ ကိုစိုးဝဏ္ဏ၊ နောက် ကင်မရာမင်း ကိုစိုးထွေး အစရှိသည့်တို့သည် ရင်မောစရာကောင်းတဲ့ စကားလုံးတွေ နဲ့ အားပေးခဲ့ပါတယ်။ နောက်ဆုံး ရိုက်ကွင်းသိမ်းတဲ့နေ့က ကျွန်တော်နဲ့ မိုးမခ တိုက်ခန်းလေးထဲ ရောက်ခဲ့ကြပါတယ်။ အချိန်နာရီ တရွေ့ရွေ့ကုန်ဆုံးသည်အထိ သူမရဲ့ သက်ပြင်းချသံအခါခါကို ကြားရပြီးတဲ့နောက် ဒီနေ့အတွက် ထူးခြားလှတဲ့သူမမျက်နှာအမူအရာကြောင့် ကျွန်တော် သံသယဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မိခဲ့ပါတယ်။

"နင် နေမကောင်းဘူးလား မိုးမခ"

သူမက ကျွန်တော်စကားကြောင့် ကျွန်တော့်ရင်ခွင်ထ
မျက်နှာကို အပ်ကာ ညင်သာစွာ တိုးဝင်ပြီး မပွင့်တပွင့် ပြောဆိုပါ
တယ်။

"နေကောင်းပါတယ်"

ဒီအချိန်မှာပဲ သူမလက်က နာရီနဲ့ အချက်ပေးသံကြောင့် သူမ
ဆတ်ခနဲ ဖြစ်ကာ ရင်ခွင်ထဲမှ ရုန်းထသည်။ သူမအဝတ်အစားလဲကာ
မှတ်တင်ခုံရှေ့ မှာထိုင်ပြီး မျက်နှာကို ပြင်ဆင်နေသည်။ ကျွန်တော်
အိပ်ယာထက်မှ သူမကို ငေးကြည့်နေမိသည်။

မျက်နှာကို လတ်လတ်ဆတ်ဆတ် မိတ်ကပ်ဖို့ လိမ်းခြယ်
နေပေမယ့် ချက်ခြင်းစိမ့်တက်ကျလာတဲ့ မျက်ရည်နှစ်စက်က
အထင်အရှား ကျွန်တော် တစ်ခုခုထူးခြားနေပြီဆိုတာ အလိုလိုခံစား
နားလည်မိခဲ့သည်။

"မိုးမခ"

ကျွန်တော်သူမ နောက်ကျောမှနေ၍ မှန်ထဲကိုလှမ်း ကြည့်
သည်။ သူမနဲ့ ကျွန်တော်မှန်ထဲမှာ အကြာကြီး နင့်နင့်သီးသီး ငေးကြ
နေမိသည်။ သူမက နှုတ်ခမ်းကိုကိုက်ကာ ရှိုက်ငိုခြင်းကို တားဆီးနေ
ပေမယ့် ပါးပြင်ပေါ်မှာ မျက်ရည်စက်တွေ တွာသွင်သွင်စီးဆင်





နေရပါတယ်။

ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရတယ်။ အလွမ်းရဲ့
ဘူးစက်ပုံက မိုင်းရပ်စ်ပိုးထက် ကြောက်ဖို့ကောင်းတာ ကျွန်တော်
နားလည်ခဲ့တယ်။

မကြာမီ တရစပ်တိုးနှက်လာတော့မယ့် ကြောက်စရာကောင်းတဲ့
ခံစားချက်တွေအတွက် ကျွန်တော် စိတ်က အလိုလိုသိနေခဲ့ပါတယ်။

"နင် မကြာခင် ငါ့ကိုခွဲသွားတော့မယ်ဆိုတာ ငါသိနေခဲ့တယ်
မိုးမခ တာကြောင့်လဲလို့တော့ ငါမသိဘူးဟာ"

"တောဇ"

ကျွန်တော် သူမနောက်နားမှာ ရပ်လိုက်တော့ သူမက ရုတ်
တရက်ထပြီး ကျွန်တော့်ကိုဖက်တွယ်ကာ ငိုပါတော့သည်။ သူမ
အားရအောင်ငိုပြီးတော့မှ သူမ တအင့်အင့် ရှိုက်ငိုနေတဲ့ကြားက
မိတ်ကပ်ဖို့သည်။ မှုန်နေအောင် လှတဲ့ မိန်းကလေးတစ်ယောက်ရဲ့
မျက်ဝန်းတွေဟာ အငိုရိပ်ကြောင့် ထူးဆန်းလွန်းစွာ လှပနေခဲ့ဘယ်။
အားလုံးပြင်ဆင်ပြီးတော့ ကျွန်တော့်ဘက်လှည့်သည်။

"ငါ ဒီကအပြန် လေယာဉ်ကွင်းကို သွားရတော့မယ် တောဇ"

"ဟင်"

ခန့်မှန်းထားတာထက် ပိုစောစွာ သိနေရတော့ ကျွန်တော်
တုန်လှုပ်မိပါသည်။ ရင်ထဲမှာ ဖော်ပြရခက်တဲ့ ခံစားချက်တွေ ငိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ကျွန်တော့်ကို သူမက ငေးကြည့်နေပါတယ်။

"လာ ဝရံတာဘက် ထွက်ရအောင်"

ကျွန်တော့်လက်ကိုဆွဲပြီး သူမက ဝရံတာရှိရာကို ဦးဆော

ခေါ်သွားသည်။ ဝရံတာလက်ရမ်းကိုကိုင်ကာ နှစ်ယောက်သာ

အပြင်ရှုခင်းကို ငေးကြည့်မိပါသည်။

"ငါ မာမီနဲ့ အပေးအယူလုပ်ခဲ့တာကြာပြီ နင်မှတ်မိလာ

သန့်လျှင်ပွဲကို ညခင်းသစ် ဝင်ရမယ်ဆိုတော့ ငါ့ကိုခေါ်တယ်လေ

နင်က မေးသေးတယ်။ မှုံနဲ့ သာနဲ့ကမှာလားတဲ့ ငါက ဟင့်အင်း

ငြင်းပြီး ငါ့နာမည်ရင်း မိုးမခနဲ့ပဲ ကမယ်ပြောတော့ နင် အံ့သြသွာ

တာလေ"

"အဲဒီထဲက ငါ သိနေပါတယ်"

သူမ မျက်လုံးဝိုင်းစက်သွားပါသည်။

"အဲဒီလောက်ကောင်းတဲ့ အခြေအနေဟာ သာမန် မဟုတ်ဘူ

ဆိုတာ ငါသိနေတယ် မိုးမခ နင့်အိမ်ကို ငါ့ကိုတစ်ခေါက်မှ မခေါ်ဖူ

ပုံထောက်တော့ နင့်အိမ်က ငါနဲ့သဘောမတူနိုင်ဘူးဆိုတာ ငါရိပ်မိ

တယ်။ နောက်ထပ် ပိုသေချာသွားတာက ငါတို့အပြီးခွဲမရိုက်ခင် နင့်ဆ

ငါ့ဆီလာသွားတာပဲပေါ့"

သူမက ကျွန်တော့်ပုခုံးပေါ် ခေါင်းလေးမှီနွဲ့ပါသည်။

"နင့်ဆီ ငါမရောက်ရောက်အောင် ပြန်လာခဲ့မှာပါ၊ နင် ဆ





ဆက်စောင့်နေနော် တေဇ"

အခက်အခဲကြားက အားတက်သတိရစရာ စကားတစ်ခွန်း။

"ငါ နင့်ကိုရော နင့်အနုပညာအတွက်ပါ ဆက်ဆက် စောင့်နေ

ပါ့မယ်"

မျက်ရည်စိုစွတ်ခြင်း အထိအတွေ့ကို သတိထားမိသည်။

"ကတိတစ်ခုအတွက် ငါဟိုကိုရောက်နေပေမယ့် နင့်နဲ့ အနု

ပညာအတွက် ငါ ဆက်ပြီးတိုက်ပွဲဝင်ရဦးမယ်။ အဲဒီ တိုက်ပွဲမှာ

ငါအနိုင်ရမှာပါ"

ကျွန်တော်တို့ စကားမဆိုကြပဲ အချိန်ကြာကြာ အခုအနေ

အထားအတိုင်း နေမိကြသည်။ နောက်တော့ သူမက နာရီကို ငုံ့ကြည့်

ကာ သက်ပြင်းချရင်း . . .

"ငါ သွားတော့မယ် တေဇ ပြန်လာမယ်ဆိုတာ ယုံကြည်နေသူ

အတွက် နင့်ကို ငါနှုတ်မဆက်တော့ဘူး။ ဒါပေမဲ့ ငါ့ကို ကတိတစ်ခု

တော့ပေးပါ"

သူမက ကျွန်တော့်ကို သူမဘက်ဆွဲလှည့်သည်။ ထွက်သက်ရဲ့

အငွေ့ကို နီးကပ်စွာ ခံစားသိရှိနေရသည်။ နီလဲ့လဲ့မျက်ဝန်းအစုံမှာ

အလွမ်းတွေ ဆေးခြယ်ထားပါတယ်။

"ငါ့အတွက်နဲ့ နင် အရက်မသောက်ရပါဘူးဆိုတဲ့ ကတိ၊ ပြီး

တော့ ဒီထက်အောင်မြင်တဲ့ လူရွှင်တော်တစ်ယောက်အဖြစ် မိအောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်အောင် ကြိုးစားပါ့မယ်လို့ ငါ့ကိုကတိပေး"

ကျွန်တော် မိုးမခရဲ့ နဖူးပြင်ကို ခပ်ဖွဖွ နမ်းရှိုက်လိုက်သည်။

"စိတ်ချပါ နင့်ကိုငါ မျှော်နေရင်း နင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ် မိုးမခ"

သူမက ကျွန်တော့်ကို တစ်ချက်နမ်းပြီး ပြေးထွက်သွားပါသည်။ အဲဒီနေ့က ကျွန်တော်သည် ဒီဝရံတာလေးမှာ တစ်ယောက်တည်း အချိန်အတော်ကြာ ရပ်နေမိခဲ့ပါတယ်။





"နင့်ကို ငါ စိတ်ချမယ် ဟာန်နီ"

မိုးမခက ဟာန်နီ့လက်ကိုဆုပ်ကိုင်ကာ ငိုသံကို ထိန်းချုပ်ရင်း ပြောသည် ဟာန်နီက မျက်ရည်မကျအောင် ခေါင်းမော့ရင်း ရယ်လိုက်ကာ . . .

"ငါ သူ့ကို ဂရုစိုက်ပါ့မယ် နင်ထက်မပိုရင်တောင် နင့်ထက်မလျော့စေရပါဘူး မိုးမခ"

မိုးမခက ဟာန်နီ့စကားကြောင့် ကြည်ကြည်လင်လင် ပြုံးလိုက်ကာ . . .

"ဟာန်နီ နင် တေဇကို ချစ်နေတယ် မဟုတ်လား"

ဒီစကားကြောင့် ဟာန်နီမျက်နှာပျက်မသွားပါ။

"ဟုတ်တယ် ငါ တေဇကို သိပ်ချစ်တယ်။ ငါချစ်တာကတစ်မျိုး မိုးမခ သူ စိတ်လက်ချမ်းသာရှိနေရင် ငါအလိုလိုကြည်နူးရတယ်"

"အခုလို ပွင့်ပွင့်လင်းလင်းပြောပေးတဲ့အတွက် နင့်ကိုငါ



www.burmeseclassic.com

www.burmeseclassic.com



ပိုလေးစားသလို နင့်ကိုငါ ညီမရင်းတစ်ယောက်လို ပိုချစ်မိတယ် ဟန်နီ ငါတို့”

စကားကိုဆက်မယ်လုပ်ပြီးမှ မိုးမခက စကားစ ထပ်ဆက်တော့ . .

“နင် သေချာပါတယ်နော်”

ဘာကို ဆိုလိုမှန်း မိုးမခသိသည်။

“နင်ဟာ သိပ်ကိုရဲရင့်တဲ့ အမျိုးသမီးလေးပဲ မိုးမခ”

မိုးမခက ဟက်ပက်ပက်ပက်ရယ်သည်။

“ရူးသွပ်နေတဲ့ မိန်းမတစ်ယောက်လို့ နင်မတွေးဘူးလား ဟန်နီ”

နှစ်ဦးသား ဒီစကားအပေါ် သဘောကျကာ ရင်ချင်းအပ်ဖက်ထားမိခဲ့သည်။ ဒါပေမဲ့ နှစ်ဦးလုံး ငိုမိခဲ့ကြတယ်။ တစ်ယောက်တစ်ယောက် ပြန်ခွာတော့ မိုးမခက ဟန်နီ့ပါးပြင်ကိုနမ်းပြီး . . .

“ငါ ရောက်အောင် ပြန်လာခဲ့မယ် ဟန်နီ”

ဟန်နီကလည်း မိုးမခပါးပြင်ကို ပြန်နမ်းရှိုက်ကာ. . .

“နင် အကောင်းဆုံး ကံတရားကို ရပါစေလို့ ငါအမြဲဆုတောင်းနေပါတယ်”

“ကျေးဇူး ... သွားပြီ ဘိုင့်ဘိုင်”

သူမက အိတ်ကိုကောက်ကိုင်ကာ လက်ပြနှုတ်ဆက်ကာ





အထဲကို ဝင်သွားပါတယ်။ သူမ မိခင်က အပေါက်ဝမှာ ရပ်စောင့်နေပါတယ်။ မိုးမခတို့ ပျောက်ကွယ်သွားပြီဆိုမှ ဟန်နီက အပေါ်ထပ်သို့ တက်လာခဲ့ပါတယ်။ နောက် လူအုပ်ကြားမှာ တိုးဝှေ့ရင်း မိုးမခတို့ ဘားရှိရာ အလာကို စောင့်ပါသည်။

မိုးမခက လေသာဆောင်က နှုတ်ဆက်သူများထဲမှာ သူမကို မှန်းဆပြီး လက်ဝှေ့ရမ်းပြနှုတ်ဆက်သည်။ ဟန်နီကလည်း မိုးမခမြင်မှန်းသိပေမယ့် လက်ပြနှုတ်ဆက်မိသည်။

“နင်ကတော့ ငါ့ထက်ပိုကံကောင်းပါသေးတယ် မိုးမခရယ်”

ရင်ထဲမှာ ပြောတဲ့စကားဟာ ခံစားချက်ကွယ်ဝှက် ထားမှုအောက်မှာ ရုန်းထွက်ခဲ့ပါတယ်။

ဟုတ်ပါတယ်။ သူမရဲ့ အချစ်က တစေမသိအောင် ရင်ဘတ်အောက်က အံဝှက်ထဲမှာ အချိန်အကြာကြီး မြှုပ်နှံထားလိုက်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကြီးက ခေါင်းငုံ့ဝင်လိုက်
ခေါင်းမော့ကာ ထွက်သွားလိုက်
ဆယ့်ငါးရက်ကြာ သန်းခေါင်ယံ အပျိုမက
ဆံပင်တွေနဲ့ သူ့မျက်နှာကို ကွယ်ချလိုက်
ခိုးဝှက်ကြည့်လိုက်
ပြုံးပြုံးလေးနေပြလိုက်
ဘယ်လောက် ရိုင်းလိုက်မလဲ။
ပြက္ခဒိန်နေ့ရက်တွေ ကျောကော့ကာခုန်ချလိုက်
တန်းစီကာ စောင့်စားလိုက်
အထပ်လိုက်စီထားတဲ့ အလွမ်းတွေကပြိုကျ
မှတ်တမ်းကို ခပ်ဟဟခိုးကြည့်ရအောင်။





လက်ချိုးရေတွက် ခဏခဏ ခံစားရတဲ့ နေ့ရက်တွေက ငါ့ကို မျက်စောင်းထိုးကုန်ပြီ မိုးမခ ဒိုင်ယာရီစာအုပ်ဟောင်းထဲက အပြာရောင်မှင်နဲ့ ရေးထားတဲ့ အက္ခရာတွေ ဖွင့်ကြည့်ပါများလို့ သတိရခြင်း အထပ်ထပ်ရေးထားတဲ့ စကားလုံးတွေ ငါ့ကို ကျိန်စာဆိုနေလောက်ပါပြီ။

စာလည်းမလာ ဖုန်းလည်းမဆက် နှစ်တွေအထပ်ထပ် တိုးခဲ့ပေမယ့် ဆက်ဆက်စောင့်နေနော် ဆိုတဲ့ စကားလေးတစ်ခွန်းအတွက် နင်နဲ့ငါ ပျော်ရွှင်ဖူးခဲ့တဲ့ တိုက်ခန်းလေးမှာ လက်ရှိအောင်မြင်နေတဲ့ လူရွှင်တော်တစ်ယောက် ရဲ့ လုပ်အားခနဲ့ ဟန်နီတို့ဆီက ပြန်ငှားပြီး ငါနေ့တိုင်းစောင့်နေခဲ့ပါတယ်။ နင်မှာတဲ့အတိုင်း အရက်ဆိုတာကို ရှောင်ကြဉ်ခဲ့ပေမယ့် နင့်ကိုလွမ်းတိုင်း စီးကရက်တွေ ဖိသောက်ခဲ့ဒိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့အခန်းမှာလည်း စီးကရက်ဘူးတွေ တောင်ပုံရာပုံ ဖြစ်နေခဲ့ပြီဆိုတာ နင်သိများသိရင် စိတ်ဆိုးနေမလား ....။

မိုးရာသီ တစ်ခုလုံးမှာ ငါ့ဘဝကိုအပ် ငါလွမ်းခဲ့ပါတယ်။

နွေရာသီ တံလျှပ်ကြားက အလွမ်းတွေကလည်း ပိုပြီး ပူလောင် ပြစရာမရှိတော့ပါဘူး။

ဆောင်းရာသီ အဖြူရောင်နှင်းမှုန်ကြားမှာ ငါနှလုံးသားထဲက အလွမ်း တွေက အေးခဲမသွားခဲ့ဖူးဘူး။

နင် ပြန်လာပါ မိုးမခ။





"ကားရိုက်တွေကလည်းစိတ် ဒီကောင်ကလည်း တေပေတော့ ဖြစ်ပြီပေါ့။ ငါ့မှာ ကြားကြားချင်း စိတ်ပူပြီး ထလိုက်လာရတာ ဒီရောက် တော့ တေဇအမေ အန်တီစိုးနဲ့အပြိုင် သရဏဂုံတင် . . ."

ဟန်နီရဲ့ စကားကြောင့် ခုတင်ပေါ်မှာ ပက်လက်ကလေးဖြစ် နေတဲ့ တေဇက မျက်နှာရှုံ့မဲ့သည်။ သူမစကားအမှားကို သူမ ပြန်သိတာကြောင့် . . .

"အဲ .. သံဗုဒ္ဓေ ရွတ်ရတာပေါ့ဟယ်"

ဒီကောင်မလေးက ကျွန်တော့်အပေါ် သံယောဇဉ်တော်တော် ကြီးတာ ကျွန်တော်သိပါတယ်။ တစ်ခါတလေ ဖုံးဖိထားတဲ့ကြားက လွတ်ထွက်လာတဲ့ သံယောဇဉ်တွေက ကျွန်တော်မြင်ရတော့ ကျွန်တော် အံ့သြခြင်းမဖြစ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင် မိုးမခကို ကတိပေးထားလို့ ဒီကောင့်ကို စောင့်ရှောက် တာလား"

မိုးမြင့်က အပြောင်အပျက် နောက်လိုက်ပေမယ့် ဒီစကား တစ်ခွန်းရဲ့ အဓိပ္ပာယ်ဟာ နှစ်ယောက်လုံးအတွက် ငေးငိုင်တွေေ စေရသည်။

"မိုးမခ ထွက်သွားတာ နှစ်နှစ်ကျော်လို့ သုံးနှစ်ထဲတောင် ရောက်တော့မယ်နော်"

မင်းထွဋ်က တွေးတွေဆဆပြောသည်။

"ပြန်လာမယ်ဆိုတာရော သေချာလို့လား ငါ့သံသယဖြစ်ချင် တော့"

ကျွန်တော်က ဘာမှဝင်မပြောပေမယ့် ဟန်နီကယုံကြည်ချက် ခိုင်မာတဲ့ မျက်ဝန်းနဲ့ . . .

"သိပ်သေချာပါတယ် မိုးမခ ပြန်လာကို ပြန်လာမှာပါ"

"အေးလေ မေးသာမေးရတာ မလာလည်း ဘာအရေးလဲ"

"ဘာကိုလဲ မင်းထွဋ်"

မင်းထွဋ်ရဲ့အမေးကို အလိုက်ကန်းဆိုးမသိတဲ့ ဟန်နီဆိုတဲ့ ကောင်မလေးက မေးနေသေးတယ်။

"ဩော် မိုးမခပြန်မလာရင်တော့ တေဇကို ပြောရမယ်လေ ဟန်နီ့ကို မင်း တော်ကောက်တော်မူရမယ်လို့"





အားလုံးက တဟားဟားရယ်တော့ ဟန်နီက ခွေးကောင်လို့ ဆဲကာ မျက်နှာနီနီနဲ့ ရှက်ရမ်းရမ်းကာ လိုက်ထုပါတော့သည်။ တံခါးဖွင့်သံကြား၍ ဆရာဝန်ကြီး ဝင်လာတော့ မျက်နှာပိုးသတ်ကာ ငြိမ်ငြိမ်နေရပါသည်။

"မောင်တေဇ ခင်ဗျား နေကောင်းလာပြီလား"

"ကိစ္စမရှိပါဘူး အန်ကယ် တစ်ခုခုဖြစ်သွားလည်း ကျွန်တော်က ယမမင်းဆီသွားပြီး ပြက်လုံးထုတ်ရယ်စရာပြောဦးမှာ"

"ခင်ဗျားကတော့လေ"

ခဏနေတော့ သူ့ရဲ့ အနုပညာ အပေါင်းအသင်းရောင်းရင်းတွေ ရောက်လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗွမ်းတွေ ကော်တွေ အပ်နဲ့အပ်ချည်တွေ ရောင်စုံနီပြာပိတ်စ ကြေးနန်းကြိုးတို့ ကျွန်တော့်ဘေးမှာ ရှုပ်ထွေးနေပါတယ်။ ဒီတိုက်ခန်းမှာ ကျွန်တော် နေတာ မေမေတို့က ဘဝင်မကျ။ ဒါပေမဲ့ ပြောမရလို့သာ လွှတ်ထားခြင်းဖြစ်သည်။ ဒါပေမဲ့ ကျွန်တော့်ဆီသို့ ဟိုကောင်တွေအုပ်စုက တစ်ယောက်မဟုတ် တစ်ယောက်တော့ လာလာအိပ်တတ်သည်။

တစ်စတစ်စ ပီပြင်လာတော့ မြန်မာပြည်ဖြစ် (ဟမ်းမိတ်) အရုပ်လေးက ချစ်စရာကောင်းလှပါသည်။ ကော်ကပ်လိုက် ကတ်ကြေးနဲ့ကိုက်လိုက်နဲ့ အလုပ်ရှုပ်နေချိန်မှာ တံခါးခေါက်သံကို ကျွန်တော်ကြားလိုက်တာကြောင့် . . .

"တွန်းဖွင့်ဝင်ခဲ့ အထဲက မခတ်ထားဘူး"





တံခါးဖွင့်သံနှင့်အတူ တပြုံကြီး တစ်အုပ်ကြီး အထဲကို ဝင်လာပါတယ်။ ရှေ့ဆုံးက ကိုရွှေက အရင်ဆုံး ကျွန်တော့်ဘေးမှာ ဝင်ထိုင်ပြီး . . .

"ဟ တော်တော်အလုပ်ရှုပ်နေပါလား အရုပ်တွေကလည်း များလှချည်လား"

ဂျိုကာရုပ်တစ်ရုပ်ကို ကောက်ယူကာ လှည့်ပတ် ကြည့်ရင်း ပြောပါတယ်။ အရုပ်က လေးလက်မခန့်သာရှိပါသည်။ ဂျိုကာရုပ်တွေလည်းပါတယ်။ ဦးရွှေရိုးရုပ်ပုံစံ မြန်မာလူရွှင်တော်ရုပ်တွေလည်း ပါပါသေးတယ်။ ဒါပေမဲ့ ဝတ်စုံတွေက တစ်ခုနဲ့တစ်ခု မတူညီကြချေ။ အင်္ဂလိပ်ဒီဇိုင်းမျိုးစုံနဲ့ အရုပ်လေးတွေရဲ့ တူညီချက်ဟာ မျက်နှာပေါ်မှာ ရယ်မောပျော်ရွှင်နေဟန် ပုံရိပ်တွေသာ ဖြစ်ပါတယ်။ မင်းထွဋ်၊ ဟန်နီတို့ကတော့ အရုပ်လေးတွေအပေါ် စိတ်ဝင်စားစွာ ကိုင်တွယ်ကြည့်ရှုနေပါတယ်။

"ဆိုပါဦး မင်းခေါ်တဲ့ ကိစ္စက"

ကျွန်တော် ကတ်ကြေးကိုအသာချလိုက်ရင်း . . .

"ရှေ့လ ကျွန်တော့်မွေးနေ့ရှိတယ် အစ်ကို"

"အေးလေ အဲဒါထူးဆန်းလား ဘာလဲ မွေးနေ့ပွဲလုပ်မလို့လား"

ကိုရွှေရဲ့ စကားကြောင့် ကျွန်တော်ပြုံးမိပါတယ်။

"မဟုတ်ပါဘူး အစ်ကိုရာ ဒါပေမဲ့ ကျွန်တော်ဒီမွေးနေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှိနေရင် . . .”

ကျွန်တော့်စကားကြောင့် မျက်နှာပျက်သူကပျက် ပါးစပ်အဟောင်းသားဖြစ်သူက ဖြစ်နဲ့ပေါ့။

“မင်း . . .မင်း ဘာတွေပြောနေတာလဲ”

ကိုရွှေက ထစ်ထစ်ငေါ့ငေါ့နဲ့ပြောတော့ . . .

“ကျွန်တော်တို့ကလူလေ ဖျားမယ် နာမယ် သေမယ်ဆိုတာလွန်ဆန် လို့မရဘူးအစ်ကို၊ ကျွန်တော်အသက်ရှင် ရှိနေချိန်မှာ ကျွန်တော်အမှတ်တရတစ်ခုခု လုပ်သွားခဲ့ချင်တယ်။ အဲဒီအတွက် ကျွန်တော် ပြင်ဆင်ထားတာတွေကို အစ်ကိုတို့ကို တိုင်ပင်ချင်လို့”

ဟန်နီက မျက်ရည်စက်ကို ကျွန်တော်မမြင်အောင် အသာတို့သည်။ မင်းထွဋ်က ကျွန်တော့်ကိုမကြည့်ဘဲ မျက်နှာလွှဲကာ အဝေးကိုငေးနေပါသည်။

“ကျွန်တော်သိစက တော်တော်တုန်လှုပ်ခဲ့တာ ဝန်ခံပါတယ်။ ကျွန်တော် မိုးမခကို သတိရစိတ်နဲ့ ဒီတိုက်ခန်းမှာ ပြောင်းနေတော့ ကျွန်တော့်အဖေနဲ့ အမေက ခါးခါးသီးသီး ငြင်းတယ်။ သူတို့စိတ်မချဘူးတဲ့။ ဒါပေမဲ့ မမရဲ့ သူစိတ်ချမ်းသာ သလိုနေပါစေဆိုတဲ့ စကားတစ်ခွန်းနဲ့ ကျွန်တော်နေခွင့်ရခဲ့တယ်။ နေ့စဉ်နေ့တိုင်း ဟန်နီလာတယ်။ ဒါမှမဟုတ် ကိုရွှေဖြစ်ဖြစ် ကျန်တဲ့ သူငယ်ချင်းတွေဖြစ်ဖြစ်တစ်ယောက်ယောက် ရှိနေတတ်တယ်။ ကျွန်တော့်ကို မျက်ခြေမပြတ်ကြည့်နေ ဂရုစိုက်နေပုံက ကျွန်တော့်အတွက် မေးခွန်းတွေ ဖြစ်နေပြီး နောက်ထပ်ဆိုးတာက ဘာမှန်းမသိဘဲ အလူးကုန်ပြနေရတဲ့ကိစ္စ နောက်တစ်ခုက ဓာတ်မှန်ရိုက်ခဲ့တာကို အမှုအယာမပီပြင်ပဲ ကွေ့ဝိုက်ပြောဆိုနေတဲ့ သူတို့အားလုံးရဲ့စကားတွေကြောင့်လည်း ပါတာပေါ့”





ဟန်နီ့ထံမှ ငိုရှိုက်သံသဲ့သဲ့ကို ကြားရသည်။ မိုးမြင့်က ဝရံတာဘက် ထွက်သွားသည်။

“ကျွန်တော် အိမ်ကိုတစ်ခေါက်ရောက်သွားတော့ ဘယ်သူမှရှိမနေကြပါဘူး။ သော့ပိုရှိတဲ့ ကျွန်တော်က တံခါးဖွင့်ဝင်ပြီး ကျွန်တော့်ရဲ့ဓာတ်မှန် ကို လိုက်ရှာပါတော့တယ်။ ကျွန်တော့်အိမ်မှာ အရေးကြီးတဲ့ကိစ္စတွေ ဘယ်နေရာမှာ ထားတတ်သလဲ ကျွန်တော်သိတာပေါ့။ ကျွန်တော်ရှာဖွေလို့ ရခဲ့ပါတယ်”

“တော”

မျက်ရည်တွေ တလိမ့်လိမ့်စီးဆင်းနေတဲ့ ဟန်နီ၊ သူမရဲ့ ဆို့ဆို့နင့်နင့် ခေါ်သံ . . .

“နင် ငါ့ကို နှစ်သိမ့်မနေပါနဲ့တော့ ဟန်နီ နင်တို့ ပင်ပန်းပါတယ်။ ကြိတ်ပြီးခံစားခဲ့ရတဲ့ အတိုင်းအတာကာလလည်း ငါကျော်ဖြတ်ပြီးပါပြီ ငါသွားရမယ့်ခရီးလမ်းကို ငါသိတယ်၊ အခုအချိန်မှာ ငါ့အတော်အသင့်တော့ တည်တည်ငြိမ်ငြိမ်ရှိနေပါပြီဟာ”



www.burmeseclassic.com

www.burmeseclassic.com



"တေရော . . ."

မင်းထွဋ်က မချိတင်ကဲ ဖြစ်နေပုံရသည်။ မျက်လုံးတွေကလည်း ကြေကွဲမှုအစွန်းအထင်းအတွက် နီရဲနေပါတယ်။ ကျွန်တော်ဒီကောင့်ပုခုံးကို လက်နဲ့ပုတ်ရင်း အပြုံးနဲ့ပြန်လည်နှစ်သိမ့်ပေးခဲ့တယ်။ ရဲသွေးက ဒူးနှစ်ဖက်ကြားမှာ ဦးခေါင်းကိုစိုက်လို့ . . .

ကိုရွှေတစ်ယောက်သာ တည်တည်ငြိမ်ငြိမ်နဲ့ ကျွန်တော့်ကို စကားပြောဆိုနိုင်ခဲ့ပါတယ်။

"ငါတို့မင်းအတွက် ဘာလုပ်ပေးရမလဲ"

ကျွန်တော်ခေါင်းညိတ်လိုက်ပါတယ်။

"ကျွန်တော့်အတွက် အမြဲတမ်းအသင့်ရှိပေးတဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မွေးနေ့မှာ ကျွန်တော်အစီအစဉ်တစ်ခုလုပ်ထားတာရှိတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်အငြိမ့်ပွဲတစ်ပွဲ လုပ်ချင်တယ်။ အဲဒီအငြိမ့်ကို အခွေထုတ်ဖြစ်မှာမို့ တစ်ခါတည်း တန်းရိုက်ချင်တယ်။ ကျွန်တော်ရေးထားတဲ့ သီချင်းတွေ အများကြီးရှိပါတယ်။ စဉ်းစားထားတဲ့ ပြက်လုံးတွေလည်း ရှိတယ်။ ကျွန်တော်ရှိခဲ့ရင်တော့ ကျွန်တော်လည်း ဝင်ပါမယ် မရှိခဲ့ရင်တော့ ဟိုကောင်သုံးယောက်ပဲ ဦးဆောင်ပေါ့"

"မင်းရှိဦးမှာပါ မင်းအချိန်တွေ အများကြီးရှိပါသေးတယ်"





ကိုရွှေက မျက်နှာအပျက်ပျက်နဲ့ပြောတော့ . . .

"ရှိနေပါစေလို့ ကျွန်တော်လည်း ဆုတောင်းနေတယ် အစ်ကို"

"တေဇ"

ဟန်နီက ကျွန်တော်ရှိရာသို့ ရွှေ့လာရင်း ကျွန်တော့်ကို ဖက်ကာ ငိုသည်။

"တိတ်ပါ ဟန်နီရယ် ဒါလူတိုင်းသွားရမယ့် ခရီးလမ်းပဲ စောတာနဲ့ နောက်ကျတာနဲ့ပဲကွာတာ"

"မဟုတ်ဘူး နင့်ကိုရွေးခေါ်တဲ့ ကံကြမ္မာကို ငါအပြစ်တင်ချင်တယ် တေဇ"

"ကျွန်တော်သီချင်းတစ်ပုဒ်ရေးထားတယ် အစ်ကို"

"သီချင်းနာမည်က"

ကိုရွှေ့အမေးကြောင့် ကျွန်တော်က မျက်နှာကြက်ကို မော့ကြည့်မိသည်။ မျက်နှာကြက်က အဖြူရောင် သန့်ရှင်းခြင်း အဓိပ္ပာယ်။ ဒါပေမဲ့ ကျွန်တော်အမြင်ထဲမှာတော့ အခုချိန်မှာ အလွမ်းနဲ့ ရောစပ်နေတဲ့ အရောင်လို့ ထင်နေမိပါတယ်။

"သနပ်ခါးရနံ့လို့ ရိုးရိုးလေးအမည်ပေးထားခဲ့တယ်အစ်ကို။ ဒီသီချင်းဟာ မွှန်နံ့သာ သနပ်ခါးအလွမ်းနဲ့ ဆက်စပ်နေတဲ့ သီချင်းတစ်ပုဒ်ပါ။ ထူးခြားတာက ပထမသီချင်းမှာ မိုးမခဆိုပြီး ဒုတိယသီချင်းမှာ ကျွန်တော် ဆိုမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေက လေးလေးနက်နက် ခေါင်းညိတ်ပြပါသည်။

"မင်း ဖြစ်စေချင်တာထက် အကောင်းဆုံးဖြစ်အောင် ငါတို့ပို ကြိုးစားပေးပါ့မယ် မင်းသမီးကရော"

ဒီအမေးက လူကိုယိုင်လဲပြိုစေနိုင်ပါတယ်။ ရင်ခုန်သံတွေပိုပြီး ပြင်းထန်စေနိုင်တဲ့ သတိတရ မှတ်တမ်းစကားပါ။

"ဆောရီး"

"ရပါတယ် အစ်ကို မင်းသမီးကိုတော့ အစ်မ အေးမြကြည်ကိုပဲ အကူအညီတောင်းရမှာ ဇာတ်ဆရာရဲ့သီချင်းတွေ ကိုရွှေသီချင်းတွေ ကျွန်တော် သုံးမယ်။ ပြက်လုံးကိုတော့ ကျွန်တော်ဟိုကောင်တွေနဲ့ ပေါင်းပြီးစီစဉ်မယ်လေ"

စကားဆုံးတော့ အခန်းထဲမှာ လူတွေရှိနေသည်မထင်ရအောင် တိတ်ဆိတ်သွားကြပါတယ်။ သူတို့မပြန်ခင် ကျွန်တော် တိုးတိုးလေး ပြောမိပါသည်။ တိုးတိုးလေးပါ သူတို့သေချာကြားကြပါတယ်။

"ကျွန်တော် မှီနိုင်လောက်ပါတယ်"

ဒီစကားကို မိုးမခကြားပါစေ...။





အဘိဓမ္မာတရားတွေ ခဏမေ့ထားပြီး
ဖြစ်စေချင်တဲ့စိတ်နဲ့ သေခြင်းတရားကို အံတုခဲ့၊
ကြယ်တွေဟာ သေအံ့ဆဲဆဲအလင်းတွေနဲ့
မပီပြင် အပြုံးကို ပြုံးပြနိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ်တုန်းက ပျော်ရွှင်မှုမျိုးခပ်လွယ်လွယ်မရခဲ့ပါ။ အကတွေ သီချင်းတွေ ပြက်လုံးတွေတိုက်ပေမယ့် ကျွန်တော့်ကို စိုးရိမ်တကြီးနဲ့ ကြည့်ရှုဖေးမနေကြတော့ ကျွန်တော်စိတ်ပျက်ရပါသည်။ ကျွန်တော့်အနီးနားမှာရှိနေတဲ့ မမကိုလည်း လိုအပ်တာထက် ပိုဂရုမစိုက်ရန် ကျန်တဲ့လူတွေကိုလည်း အခုလို ဂရုမစိုက်စေရန် အခုလို အငြိမ့်သီချင်းတွေ ပြက်လုံးတွေ တိုက်နေချိန်မှာ ကျွန်တော့်ရောဂါကို မေ့မေ့လျော့လျော့ရှိမှ ပျော်ပျော်ရွှင်ရွှင်နဲ့ ရှာနဝင်စားလို့ကောင်းမည်ဟု ပြောမိပါသည်။

"ကျွန်တော် စာအုပ်တစ်အုပ်ဖတ်ဖူးတယ် ကိုရွှေ၊ ဆရာမြတ်ငြိမ်းရဲ့ ဘာသာပြန်စာအုပ်တစ်အုပ်ပေါ့။ မူရင်းဝတ္ထုရေးသူက **(BARRA GRANT)** တဲ့ ဆရာမြတ်ငြိမ်းခေါင်းစဉ်ပေးထားတာက လေဆန်တိုးပြီး မိုးပျံမှာပဲတဲ့။ ကရေသည်မလေးကို





ရောဂါကနှိပ်စက်တယ်။ ဆေးပညာရဲ့ သဘောအရ အဲဒီကရေသည်မလေးက ဘယ်လိုမှကလို့ မဖြစ်နိုင်ဖူးလို့ သတ်မှတ်ထားတယ်။ အဲဒီမှာ ကရေသည်မလေးက ဆေးပညာရဲ့ အတား အဆီးကန့်ကွက်ချက်ကို စိန်ခေါ်ရင်ဆိုင်ရင်း အကသမိုင်းစာအုပ်ထဲမှာ သူ့နာမည်ကဗ္ဗည်းတွင်နိုင်အောင် လမ်းဖောက်ခဲ့တယ်။ နာကျင်မှုကို အရှုံးမပေးရပဲ အောင်မြင်စွာ ကပြနိုင်ခဲ့တာပေါ့"

"ငါ အဲဒီစာအုပ်ကို ဖတ်ဖူးတယ်"

ဖာတ်ဆရာက ကျွန်တော့်စကားကို ထောက်ခံဟန် ပြောပါသည်။ ပြီးတော့ ထပ်ပြောပါသေးတယ်။

'အဲဒီစာအုပ်ထဲက စကားတစ်ခွန်းကို ငါသိပ်သဘောကျတာ (ခင်ဗျား ကြယ်တာရာတွေပေါ် လမ်းလျှောက်မလား ငွေလမင်းကြီးကိုပဲ နမ်းမလား။ အမှိုက်ပုံးထဲက အမှိုက်တွေကို နှင်းဆီပွင့်ဖြစ်အောင် အသွင်ပြောင်းပစ်မလား။ အကုန်လုပ်လို့ ရပါတယ်တဲ့)"

"ဟုတ်တယ်နော် ဒါ လူရဲ့စွမ်းအားနဲ့ အရှုံးမပေးတဲ့ စိတ်ဓာတ်ကို ဖော်ညွှန်းတာပဲ"

ကိုရွှေက လေးလေးနက်နက်ပြောလာပါတယ်။ ကျွန်တော်က မဆုံးသေးတဲ့ ဇာတ်လမ်းရဲ့ စကားကို ထပ်ပြောပြတယ်။

"အဲဒီစာအုပ်ထဲမှာ အခုလို ပြောထားပါသေးတယ် ပိုးဖလံရဲ့ သက်တမ်းဟာ ၂၄ နာရီပဲရှိတယ်။ နေ့လည်လောက်ကျတော့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ တောင်ပံတွေဖြန့်ပြီး သူတို့မှာရှိသမျှ အကုန်ပုံအော အစွမ်းကုန် ပျံသန်းကြတော့တာပဲ သူတို့က သူများရဲ့ တစ်သက်တာကာလ တစ်ခုကို နာရီပိုင်းလောက်လေးလိုပဲ ခံယူထားကြတာ ဒီတော့ သူတို့ဘဝဆုံး ကြုံရတဲ့အခါမှာလဲ သူတို့ဟာ နောင်တရတာတို့ ကြေကွဲရတာတို့ မရှိကြဘူးလေ။ ဆိုလိုရင်းက ရင်သပ်ရှုမော အံ့ဩ စရာအဖြစ် လူတွေ သွားသွားကြည့်နေကြတဲ့ ရပ်ရှိမ်းတောင်တို့ နိုင်ယာဂရာရေတံခွန်တို့ထက် ထူးခြားစိတ်ဝင်စားစရာ ကောင်းတယ်တဲ့"

အားလုံး စိတ်ဝင်စားစွာ ကျွန်တော့်ကို ငေးကြည့်နေကြသည်။

"ကျွန်တော်ပြောချင်တာက ကျွန်တော်လည်း ကချေသည် မလေးလို မစွမ်းဆောင်နိုင်ပေမယ့် ပိုးဖလံလို ကိုယ့်လက်ကျန် သက်တမ်းမှာ အစွမ်းကုန် ပျံဝံ့ဖို့ ကူညီပါလို့ ကျွန်တော် တောင်းပန်တာပါ"

ခဏတာတိတ်ဆိတ်သွားသည်လို့ ကျွန်တော်ထင်သည်။ ပထမ ဦးဆုံး စတင်လှုပ်ရှားအသက်ဝင်သူက ကိုရွှေ . . .

"မင်း ဖြစ်စေချင်တဲ့အတိုင်း အိုကွာ ဘယ်လိုပြောရမလဲ . . . အနုပညာ ဒီစကားပဲ သုံးရမှာပဲ အဲဒီပေါ်မှာပဲ ငါတို့စိတ်ခံစားမယ် ဟုတ်လား"

"ကျွန်တော်ပြောချင်တာ အဲဒါပဲ ကျွန်တော့်ကိစ္စကို မေ့ပစ်ပေးပါ"

ကျွန်တော်ဆိုလိုသည့်သဘောကိုအစုမှ အားလုံးသဘော ပေါက် နားလည်ကြပါတယ်။





"ဈေးဝယ်လာတဲ့ ကာစတမ်မာကို ဘယ်လိုရောင်းမလဲ"

"ဘယ်လို ပြောမလဲ"

ရဲသွေးရဲ့ အမှားတစ်ခုကို ကျန်တဲ့သုံးယောက်က ဝိုင်းအော် ပြောကြပြီး တဟားဟား အော်ရယ်ပါတော့သည်။

မင်းထွဋ်က အရယ်အတောမသတ်နိုင်တာမို့ စင်ထိပ်မှာ ခြေ တွဲလွဲ ထိုင်ပြီး ပက်လက်လှန်ရယ်မောပါတော့သည်။

"ရော့ ဒီဆေးလေးတော့ နင်သောက်လိုက်ဦး"

ကျွန်တော်က စင်ထောင့်မှ ငေးကြည့်နေရာမှ ဟန်နီရဲ့ အသံကြောင့် ငဲ့ကြည့်မိသည်။ ဟန်နီက သူမ လက်ဖဝါးထဲက ဆေးပြားအချို့ကို ကျွန်တော့်ထံထိုးပေးပြီး ရေအပြည့်ဖြည့်ထားတဲ့ ဖန်ခွက်ကို ကျွန်တော့်ထံ ဖြူးစစနဲ့ လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ငါ မသောက်ချင်ဘူးဟာ"

သူမက နှုတ်ခမ်းပါးကို ကိုက်ကာ မျက်စောင်းထိုးရင်း . . .

"နင် သောက်မှာလား မသောက်ဘူးလား တော့ ငါစိတ်ဆိုးလာပြီနော် နင့်မျက်နှာကြီးကို လက်သီးအနာခံပြီး ငါထိုးရမှာလား"

ဒီကောင်မလေး ပြောစကားက ရယ်ချင်စရာ မျက်စောင်းလှဲ့လှဲ့အပြုံးထက်ထက်နဲ့ အင်း မိုးမခရေ ငါ့ကိုကယ်ပါဦး။

"ဟိုမှာတွေ့လား နင့်အစ်မ ဒီဆေးကို နင့်ကို မတိုက်မချင်း ငါ့ကိုကြည့်နေမှာ"

အဲဒီစကားကြောင့် ကျွန်တော်ဒီကောင်မလေးကို စချင်မိသည်။

"ဘာလဲ နင်က ငါ့ကို စေတနာနဲ့တိုက်တာမဟုတ်ဘူးပေါ့။ တာဝန်အရ သဘောလား ဟန်နီ"

သူမ မျက်နှာညှိုးနွမ်းသွားပြီး ကျွန်တော့်ကိုရီဝေစွာ ငေးကြည့်ကာ ...

"နင်ပြောရက်တယ် တော့ရယ်။ ငါ့ဘဝမှာ အဖေပြီးရင် တစ်မိမ်းယောကျ်ားတစ်ယောက်အပေါ် တော်ပြီဟာ"

တိုးတိတ်ပျော့ခွေသွားတဲ့ သူမစကားကြောင့် ကျွန်တော် ပြာပြာသလဲနဲ့ . .

"ဆောရီးဟာ ငါနင့်ကို ပျော်လို့စမိတာပါ"





"နင် ပျော်တယ်ဆိုရင်ပဲ ကျေနပ်ပါပြီ"

ကျွန်တော်သူမပေးတဲ့ဆေးကိုယူကာ ပါးစပ်ထဲ ပစ်ထည့်ရင်း ရေခွက်ကို ယူကာ မော့သောက်ချမိပါသည်။

အံ့ဖွယ်ထားတဲ့ သံယောဇဉ်တွေနဲ့ နင်ဟာ ငါ မနက်ခင်းတစ်ခုမှာ အမြဲတမ်းအသင့်ရှိနေတာ ကျေးဇူးပါဟန်နီ။

ဆူးစူးခံပြီး နင်းဖြတ်ရဲတဲ့ နင့်ခြေလှမ်းကို ငါသိတယ်။ လက်ပြောင်းလွဲယူပေးတဲ့ ပစ္စည်းတစ်ခုရဲ့ ခဏတာ ထိတွေ့မှုကို ကျေနပ်ပြီး အဲဒီပစ္စည်းရဲ့ တန်ဖိုးကို နင် အလေးထားပေးတာ ဘယ်သူကျေနပ်ရဲလဲ။

ဘဝဆိုတာ ဒီလိုအနေအထားမကျတဲ့ အရာတွေနဲ့ ဖွဲ့စည်းထားသတဲ့လား . . .၊ ခက်ပြီဟန်နီရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



"သား နေကောင်းရဲ့လား"

မေမေက ကျွန်တော့်နဖူးကိုစမ်းရင်း အခုလိုမေးတော့ ရယ်လည်း ရယ်ချင် စိတ်လည်းရှုပ်ထွေးသွားပါတယ်။

"အမြဲတမ်း နေမကောင်းနေရပါဖူးလို့ မေမေထင်နေလို့လား"

ကျွန်တော့်စကားဟာ ဘာရယ်မဟုတ် အပြောင်အပျက် သဘော ပြောမိပေမယ့် မေမေ မျက်ရည်ဝဲသွားတော့ ကျွန်တော်မနေတတ်၊ ကိုယ့်စကား မှားသွားပြီဆိုတာ သိလိုက်တာကြောင့် မေမေ့ပါးပြင်ကို အသာလိမ်ဆွဲမိရင်း . . .

"အလကားစတာပါမေမေ မေမေ့သားက ခေါင်ခေါင်မြည်ပါပဲ"

မေမေက ပြုံးလိုက်ပေမယ့် အဲဒီအပြုံးဟာ မလတ်ဆတ် ဘူးဆိုတာ ကျွန်တော်သိနေခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်မသိသလို





နခဲ့ပါတယ်။

"မမ ဘယ်သွားလဲ မေမေ"

"မင်း မမ သူ့အခန်းထဲမှာ ရှိတယ်လေ"

ကျွန်တော် မေမေ့ပါးကို တစ်ချက်နမ်းရှိုက်လိုက်ပြီ . . .

"ကျွန်တော် မမဆီသွားလိုက်ဦးမယ် မေမေ"

ကျွန်တော် မမရဲ့ အခန်းတံခါးကိုခေါက်တော့ . . .

"ဘယ်သူလဲ မေမေလား"

"ကျွန်တော်ပါ မမ"

"သြော် မောင်လေးလား ဝင်ခဲ့လေ"

ကျွန်တော် အခန်းတံခါးကိုဖွင့်ပြီး အထဲဝင်လိုက်ပါတယ်။ မကေ စားပွဲပေါ်က စာအုပ်တွေနဲ့ အလုပ်ရှုပ်နေပါတယ်။ ကျွန်တော် ဲ့ မမခုတင်မှာ ပစ်လှဲတော့ . . .

"ဟဲ့ ငါ့အိပ်ယာတွေ တွန့်ကုန်မှာပေါ့"

ကျွန်တော်က အဲဒီလိုပါပဲ မမအခန်းထဲရောက်ရင် တမင်ဟိုဖွ ွှ လုပ်တတ်သည်။ ဒါကို မမက မကြိုက်၊ မမက ရှင်းရှင်းသန့်သန့် ကြိုက်သည့် အမျိုးအစား ကျွန်တော်က မျက်နှာကြက်ကို ငေးကြည့် ာ . . .

"ကျွန်တော် ဘယ်လောက်အထိ နေရနိုင်မလဲ မမ"

မမအသံတိတ်သွားသည်။ အတန်ကြာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး အချိန်တွေအများကြီးလိုပါသေးတယ်"

ဒါဟာ နှစ်သိမ့်စကားတစ်ခုဖြစ်မှာ ကျွန်တော်သိပါတယ်။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ ပုံပန်းသဏ္ဌာန်ကြောင့်လည်း မမထင်မှာပါ။

နာကျင်ခြင်းကို မျိုသိပ်ထားတတ်တာ မမမှ ဘယ်သိမလဲ ထိုးအောင့်နာကျင်လာတဲ့ ဝေဒနာကို ကျွန်တော့်မျက်နှာပြင်မှာ ဘယ်သူမှမမြင်ရပါ။ လေးတွဲလာတဲ့ ခြေလှမ်းတွေကို ဘယ်သူမှ သတိမထားမိပါ။ အားအင် ကုန်ခန်းမှုကို ဘယ်သူမှ မလေ့လာခဲ့။ ကျွန်တော် ၂၄ နာရီသက်တမ်းရှိတဲ့ ပိုးဖလံတစ်ကောင်ထက် မခြားဘူးဆိုတာ ကိုယ်ကိုယ်တိုင်သိနေခဲ့ပါသည်။





"နင် ကျန်းမာတာလဲ မဟုတ်ဘဲနဲ့ တော်ရယ်"

"ဒါဆို နင်ငါနဲ့ ကြက်ဖပြိုင်ခွပ်မလား"

ရယ်စရာပြောပေမယ့် သူမကမရယ်ပါ။ ကျွန်တော့်ရဲ့ အတတ်ပညာတွေ ညံ့ဖျင်းလို့ပဲလား ဒါမှမဟုတ် သူမရင်ထဲက ကျွန်တော့်အတွက် ထားရှိခဲ့တဲ့ စိုးရိမ်ကြောင့်ကြမှုကြောင့်လား မသိခဲ့ပါ။

ဒီနေ့ သူမ ကျွန်တော့်အခန်းကိုလာတော့ ကျွန်တော့် အိပ်ယာထဲက မထနိုင်ခဲ့ပါ။ ဒါပေမဲ့ သူမကို ကျွန်တော်ပျော်ရွှင်စေချင်ခဲ့သည်။ ကျွန်တော့်ကြောင့် လေးလံနေတဲ့ သူမရဲ့စိတ်ကို ကြည်လင်အေးချမ်းစေချင်သည်။ ဒါကြောင့်လည်း ရွှေတိဂုံဘုရားသွားချင်တယ်လို့ပြောတော့ သူမက ကျွန်တော် ပင်ပန်းမှာစိုး၍ မသွားစေချင်ခဲ့ပါ။ ဒါပေမဲ့ ကျွန်တော်ဂျီကျပါများတော့ သူမလိုက်ပို့ပေးပါတယ်။ တစ်ပတ်လောက်ပတ်ပြီးတော့ ကျွန်တော်တို့ စောင်းတန်းတစ်ခုရဲ့

www.burmeseclassic.com



လှေကားထစ်မှာ ခဏထိုင်တော့ . . .

"ဟယ် နင့်ခြေဖမိုးတွေ ယောင်ကိုင်းနေပါလား တော"

ကျွန်တော့်ခြေဖမိုးဟာ လမ်းနည်းနည်းလျှောက်မိတာနဲ့ အနည်း ယောင်ကိုင်းလာပါသည်။

"ပြန်မယ်တော မဖြစ်ဘူး"

မျက်နှာအပျက်ပျက်နဲ့ သူမကပြောလာတော့ ကျွန်တော်က ချက်ချင်းပင် . . .

"ဟာ ငါဘာမှ မဖြစ်ပါဘူး ဟန်နီရယ် နင်ကတမောင့်ပဲ လမ်း နည်းနည်းလျှောက်မိလို့ ဖြစ်တာပါဟာ။ ပြီးတော့ ငါဘာမှမဖြစ် ပါဘူး"

သူမကမယုံသင်္ကာဟန် ကျွန်တော့်ကို လှမ်းကဲ့ခတ်ပါတယ်။

"ညကျ မိုးမြင့်လာအိပ်မယ်ဆို"

"အင်း ဒီကောင် မင်းထွန်းပါ ခေါ်လာမယ်လို့ပြောတယ်ဟာ၊ ရဲဘွေးက တော့ ပဲခူးသွားတယ်လို့ ကြားတာပဲ လာဟာ ပြည်သူ့ဥယျာဉ် ဝင်ရအောင်"

ကျွန်တော် သူမလက်ကိုအတင်းဆွဲခေါ်တော့ သူမ မငြင်းသာ ပါ။ နေရတဲ့ အချိန်လေးမှာ ကျွန်တော့်အတွက်ချည်းပဲ မကြည့်သင့် တော့။ ဒီကောင်မလေး စိတ်ချမ်းသာမှုတစ်ခုကို ကျွန်တော်ပြန်ငဲ့ ကြည့်ရတော့မယ်လေ။





ပြည်သူ့ဥယျာဉ်ထဲရောက်တော့ ကျွန်တော်ဟန်နီနဲ့အတူ တလေးကစားကွင်းတွေမှာ လျှောက်ကစားပါတယ်။ သူမကို အသာထားပြီး လူသူရှင်းတဲ့ ခုံတန်းလျားတွေကအတွဲတွေကို သွားချောင်းတော့ သူမက သဘောကျစွာ တခစ်ခစ်ရယ်ပြီး ကျွန်တော့်ကို အတင်းဆွဲခေါ်ပါတယ်။

သူမ ပျော်ရွှင်နေတာကြည့်ပြီး ကျွန်တော်ကျေနပ်ပါတယ်။ ကျွန်တော်တို့ ညနေလေးနာရီလောက်ကျတော့ ကျွန်တော်နေတဲ့ တိုက်ခန်းကို သူမ ပြန်လိုက်ပို့ပေးတယ်။ အခန်းရောက်တော့ ကြိုရောက်နေတဲ့ မိုးမြင့်က သူမကို . . .

" နင်လာတာနဲ့အတော်ပဲ ဒီမှာ ခဏနေဦး အိမ်ခဏ ပြန်လိုက်ဦးမယ် ခဏပဲ"

"အေးသွားလေ"

သူမက ကျွန်တော့် ညနေစာအတွက် ပြင်ဆင်ပေးသည်။ ပြင်ဆင်ပေးပြီး အိမ်ရှေ့ထွက်လာတော့ ကျွန်တော်နဲ့ မျက်နှာချင်း ဆိုင် ဆိုဖာမှာ ဝင်ထိုင်ကာ ကျွန်တော့်ကိုစိုက်ကြည့်ရင်း . . .

"နင့်ကို ငါမနေ့ကတည်းက ပြောမလို့ ဒါပေမဲ့ မပြောဖြစ်ခဲ့ဘူး"

"ဘာလဲ"

ကျွန်တော် ဂျာနယ်တစ်စောင်ဖတ်နေရာမှ သူမကိုပြန် မကြည့်ပဲ ဖြေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“မိုးမခ ဝါတို့အငြိမ့်ကမယ့်နေ့မှာ မြန်မာပြည်ကို ပြန်ရောက်လာမယ် တဲ့”

“ဘယ်လို”

အံ့အားသင့်သွားလို့ ကြက်သေသေသွားမိတာလား၊ ဝမ်းသာပျော်ရွှင်ခြင်းစကားကို ရုတ်တရက် ကြုံလိုက်ရတော့ ကျွန်တော် နှုတ်ထွက်စကားတွေ ဆွံ့အသွားခဲ့ရပါတယ်။

“ဟုတ်တယ် တေဇ နင့်မွေးနေ့မှာ သူပြန်လာမှာ နင်ဝမ်းမသာဘူးလား နောက်ပြီး”

“နောက်ပြီး ဘာဖြစ်လဲ ဟန်နီ နင်..နင်ပြောတာတွေဟာ တကယ်လား”

ကျွန်တော် သူမဘေးမှာ အလောတကြီး ဝင်ထိုင်ရင်း သူမပခုံးကို လှုပ်ကိုင်ကာ အငမ်းမရ မေးမိပါသည်။ သူမက ကျွန်တော့်ကို ပြုံးပြရင်း ...

“သူမှာ နင်နဲ့ရတဲ့ သားလေးတစ်ယောက်ပါ ပါလာမယ်တဲ့”

“ဟာ”

ကျွန်တော် နှလုံးခုန်သံတွေ ရပ်သွားမိတယ်ထင်ရာ ကျွန်တော့်ရဲ့ သားလေး အဲဒီလိုတွေးမိစဉ်မှာပဲ ကျွန်တော့်ရဲ့ ဝမ်းသာပျော်ရွှင်မှုဟာ ချက်ချင်းပျောက်ဆုံးသွားခဲ့ပြန်တယ်။ ခေါင်းကိုငုံ့ကာ ဆံပင်တွေထဲ လက်ချောင်းတွေကိုထည့်ရင်း ကျွန်တော်အားအင်





ကုန်ခမ်းသွားသလို ရင်ထဲမှာ ဆို့နင့်တင်းကြပ်သွားပါတယ်။

“ဒါ ဒါပေမဲ့ ငါက ငါမှားသွားပြီလား ဟန်နီ ငါ့ရဲ့သွေးသားက သူ့သိတတ်လာတဲ့အချိန်မှာ သူ့အဖေ ဘယ်သူလဲလို့ မေးရင်”

“တေဇရယ်”

ကျွန်တော့်ဆံပင်တွေကို ပွတ်သပ်ရင်း ဟန်နီက ကျွန်တော့်ကို နှစ်သိမ့်ပါသည်။

“နင်ခံယူထားတဲ့ ခံယူချက်ကတစ်မျိုး မိုးမခကတော့ အဲဒီလို မဟုတ်ဘူး သူ့အမေက သူ့ကိုနိုင်ငံခြားကိုသွားဖို့ ကတိတောင်းတယ်။ ရှင်းရှင်းပြောရရင် မိုးမခကို ဟိုကိုရောက်သွားရင် ဒီအငြိမ့်ကတဲ့ ဝါသနာရော နင့်ကိုပါ ကြာလာရင် မေ့သွားနိုင်မယ်လို့ ထင်တယ်။ ပြီးရင် ဟိုမှာရှိတဲ့ မြန်မာစီးပွားရေးသမားတစ်ယောက်နဲ့ ပေးစားမယ့် အကြံအစည်ပေါ့။ ဒီကိစ္စ အားလုံးကို မိုးမခက သိနေတယ်။ ဒီထက်ရှင်းအောင်ပြောရရင် နင့်မမက နင်နဲ့မိုးမခရဲ့ သံယောဇဉ်ကို သိနေတော့ မိုးမခကို နောက်ဆုတ်လို့ရအောင် နင့်ရောဂါအခြေအနေကို ပြောပြခဲ့တယ်။ နင့်ရောဂါအခြေအနေကို သိရင် မိုးမခ နောက်ဆုတ်သွားမယ်လို့လည်း မမက ထင်နေခဲ့တယ်။ ဒါပေမဲ့ မိုးမခက နင့်ကို အရမ်းချစ်တာ မမသိလိုက်ရတယ်။ မမနဲ့ မိုးမခစကား ပြောဖြစ်ကြတော့ မိုးမခက မမကို ဘယ်လိုပြောသလဲဆိုရင် ကျွန်မရူးနေတယ်လို့ မမထင်ချင်ထင်နေမှာပါတဲ့ ကျွန်မ တေဇကိုချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တေဇကို ချစ်သလို တေဇရဲ့ အနုပညာကိုလည်း ကျွန်မတန်ဖိုးထားတယ်။ တေဇရဲ့ ဆိုးမွေကောင်းမွေမှန်သမျှ ကျွန်မအပေါ် သက်ရောက်လာမယ်ဆိုရင်တောင် အဲဒီကျလာတဲ့ တုံ့ပြန်မှုရဲ့ ခံစားချက်ကို ဆုတံဆိပ်တစ်ခုလို အမှတ်တရ သိမ်းထားချင်နေတာပါ။ သူမရှိတော့ ပေမယ့် သူ့ရဲ့ကိုယ်ပွားမျိုးဆက်ကို သူ့လိုဖြစ်လာအောင်လို့ ကျွန်မပျိုးထောင်မယ်”

“ဒါဆို”

ဟာန်နီက သက်ပြင်းချရင်း . . .

“မိန်းကလေးတစ်ယောက်အနေနဲ့ သူ့ဒီလို လုပ်ပုံတွေဟာ ရိုင်းချင်လည်းရိုင်းမယ်။ သေချာတာတစ်ခုကတော့ ဒါဟာသွေးသားဆန္ဒသက်သက်မဟုတ်ဘူးဆိုတာ နင် နားလည်ပေးပါ”

ကျွန်တော့်ရင်ထဲမှာ ဆို့နင့်နာကျင်နေရပါတယ်။ ကျွန်တော် အခြေအနေကို သိနေရက်နဲ့ ဟန်ဆောင်မြိုသိပ်ထားနိုင်တဲ့ ကျွန်တော့်ရဲ့ ချစ်သူ။

မီးဆိုတာ ပူလောင် လောင်ကျွမ်းမြိုက်တတ်မှန်းသိရက်နဲ့ နူးညံ့တယ် လို့ နင်ထင်နေတာလား မိုးမခ . . .

“ငါ ရှင်းရှင်းဝန်ခံရရင် နင့်ကိုငါ တိတ်တိတ်လေး ချစ်ခဲ့မိတယ်တော”

ရဲရင့်ပွင့်လင်းတဲ့ ကျွန်တော့်ရှေ့က မိန်းကလေးကို ကျွန်တော်





ကြည့်နေမိသည်။

“ငါ ချစ်နေမှန်းကိုလည်း မိုးမခသိတယ်။ ငါတို့နှစ်ယောက်ရဲ့ အမြန်ဆုံး ခင်မင်ရင်းနှီးခဲ့ရတာလည်း ဒီအကျိုးသက်ရောက်မှု အနည်းနဲ့အများဆိုသလို ပါတာပေါ့လေ။ သူ ငါ့ကိုမှာခဲ့တယ်။ နင့်ကို သေသေချာချာ ဂရုစိုက်ဖို့ သူတိုက်ပွဲဝင်ရဦးမယ်တဲ့ သူ့အမေကို ပေးထားတဲ့ကတိအတိုင်း သူဟိုကို လိုက်သွားမယ်တဲ့။ ဒါပေမဲ့ သူ တိုက်ပွဲပြီးဆုံးရင် ပြန်လာမှာပါတဲ့။ နင် အခြေအနေတစ်ခုခု ထူးခြားရင် သူချက်ချင်းပြန်လာမယ်တဲ့လေ ငါ မနေ့က သူနဲ့ဖုန်းဆက်စကားပြောဖြစ်တယ်”

ကျွန်တော့်အခြေအနေမကောင်းဘူးလို့ ဟာန်နီပြောမှာ သေချာလောက်ပါတယ်။

“နင့်ကို ငါကျေးဇူးအရမ်းတင်သလို နင့်အချစ်ကိုလည်း ငါလေးစား ဦးညွှတ်တယ် ဟာန်နီ”

ဟာန်နီက မျက်ရည်စတွေနဲ့ ပြုံးရယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးရဲ့အောက်မှာ မျက်ရည်တွေရှိပါတယ်
ရယ်မောလျှောင်ပြောင်ပုံ မိတ်ကပ်တွေရဲ့ အောက်မှာ
ခံစားချက်တွေရှိပါတယ်။
လွှမ်းနေရင်းနဲ့လည်း ရယ်မောအောင်လုပ်ပြဖို့
ဇာတ်ခုံပေါ်ကို ပြုတ်ကျလာတဲ့
ဇာတ်ထိုးမိုးမျှော် လူရွှင်တော်။





"ဒီအတိုင်းဆို သူမနက်ဖြန်ပွဲကို သူဝင်နွှဲနိုင်တော့မှာ မဟုတ်တော့ဘူး"

ဆေးအရှိန်နဲ့ မှိန်းနေရပေမယ့် ကျွန်တော်ကြားနေရပါတယ်။ ရင်ထဲမှာ မောဟိုက်မှုက အဆမတန် ခုနပြောလိုက်တာ ဘယ်သူလဲ မမလား မနက်ဖြန် အဲဒီတစ်ရက်အတွက် ကျွန်တော်ကြိုးစားခဲ့သမျှတွေဟာ သဲထဲရေ သွန်သလို ဖြစ်စေခဲ့ပြီလား။

"တောက် ဘာလို့အချိန်စောခဲ့ရတာလဲ"

ကံကြမ္မာကို ဒေါသတကြီး အပြစ်တင်ချင်တာ မင်းထွဋ်ဖြစ်မည်ထင်သည်။ ဟော ရှိုက်သံသဲ့သဲ့ကြားရပြန်ပြီ။ ဟန်နီ နင်မငိုပါနဲ့ဟာ ငါ အံတုရင်ဆိုင်ရဦးမှာဟာ ငါဆက်လက်ပျံသန်းဖို့ အားကုန်ထုတ်ပါရစေဦးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး တိုးတိုး သူ့ကိုအနှောက်အယှက်မဖြစ်စေနဲ့"

သူနာပြုဆရာမလေးရဲ့ စကားထင်မည်။ နောက်တော့ အသံတွေ တိတ်ဆိတ်သွားပါသည်။ ပြီးတော့ ကျွန်တော်အိပ်ပျော်သွားခဲ့တယ်။ အိပ်မက်ထဲမှာ ကျွန်တော့်ဆီပျံဝဲလာတဲ့ ပိုးဖလံတွေကိုတွေ့သည်။ ကျွန်တော်ကိုယ်တိုင်လည်း မီးတောက်မီးလျှံ ဖြစ်နေခဲ့ပါသည်။ နောက်ပြီးတော့ မိုးမခကိုတွေ့သည်။ အငြိမ့်မင်းသမီး အဝတ်အစားနဲ့ မိုးမခက ကျွန်တော့်ကိုတစ်ချက်စိုက်ကြည့်ကာ အမှောင်ထုထဲ တိုးဝင်သွားသည်။ ငါ့အနာဂတ်တွေ ပြန်ပေးပါလို့ ကျွန်တော်သွေးရူးသွေးတန်း အော်ပြောနေခဲ့တယ်။





ဝေဒနာက နိုးလို့ ကျွန်တော်နိုးလာခဲ့ပါတယ်။ ကျွန်တော် နိုးနိုးချင်း မျက်လုံးဖွင့်မကြည့်သေး။ နာကျင်တဲ့ ဒဏ်ရာရဲ့ ပြင်းရှမှုက ဆိုးဝါးလာမှန်း ကျွန်တော်သိခဲ့တယ် ဒီနေ့ . . .

မျက်လုံးကို အသာအယာဖွင့်ကြည့်တော့ မေမေက မျက်ဝန်းမှိတ်ပြီး ပုတီးစိပ်နေတာ တွေ့ရသည်။ ကျွန်တော် အသာအောင့်အည်းနေလိုက်ရပါတယ်။

ခဏကြာတော့ မေမေတံခါးဖွင့်ကာ အပြင်သို့ထွက်သွားသည်။ ကျွန်တော် ကမန်းကတမ်းထတော့ ဆေးအရှိန်ကြောင့် ဝေဒနာတို့ကြောင့် ကုတင်အောက်သို့ ယိုင်လဲပြိုကျသွားသည်။

"ကျွတ် . . ကျွတ် . . ကျွတ်"

ဝေဒနာကို အကင်းမေ့ထားကာ ကုန်းရုန်းထ၍တံခါးဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။ ဆေးရုံလူသွားလမ်း စင်္ကြန်ရောက်တော့ ဆရာဝန်တွေ သတိမထားမိစေရန် သတိထားရသေးသည်။ အပြင်ရောက်တော့ ဖိနပ်မပါ။ တွန့်ကြေနေတဲ့ အင်္ကျီ လူပုံနွမ်းနွမ်းတို့ကြောင့် ဘယ်ကားမှမရပ်ပေးခဲ့။ အိပ်ကပ်ထဲမှာလည်း ပိုက်ဆံကမရှိ ကျွန်တော့်အတွက် အချိန်ကာလဆိုတာ ဘယ်လောက်တန်ဖိုးကြီးသလဲဆိုတာ ကျွန်တော်ပဲ သိနေခဲ့ပါတယ်။

ကျွန်တော်မထူးဇာတ်ခင်းရပြီမို့ ဆုံးဖြတ်ချက်ချကာ ကားလမ်းမပေါ် ဆင်းကာ တိုင်စီတစ်စီးရှေ့က ပိတ်ရပ်လိုက်သည်။

"ကျွီ"

"ဟာ မအေပေး သေချင်လို့လား"

ဒရိုင်ဘာက တော်တော်ဒေါသဖြစ်သွားပုံရပါတယ်။ ဆဲသံဆိုသံ ကားဘရိတ်အုပ်သံတို့ကို ကျွန်တော်ဂရုမပြုအား တိုင်စီရှေ့ခန်းတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်သည်။ ကျွန်တော့်ရဲ့ ပုံစံနဲ့ အလောတကြီးနိုင်မှုကြောင့် ဒရိုင်ဘာက လန့်ဖျပ်သွားသည်။

"ဘာ..ဘာလုပ်တာလဲ၊ ဟာ . .လူရှင်တော် ကိုတေဇ"

ကျွန်တော့်နာမည်ကို ခေါ်သံကြောင့် ကျွန်တော်ဒရိုင်ဘာကို ကြည့်တော့ ဒရိုင်ဘာကိုကျွန်တော်မသိ။ ကျွန်တော့်ရဲ့ ဇဝေဇဝါ မျက်ဝန်းတွေကြောင့်ထင်တယ်။

"ကျွန်တော်ခင်ဗျားရဲ့ ပရိသတ်တစ်ဦးပါ ခင်ဗျားတို့ ဒီနေ့အငြိမ့်ပွဲ ရှိတယ်ဆို"





"ဟုတ်တယ် ကျွန်တော်အဲဒီသွားမှာ တော်တော် နောက်ကျနေပြီဗျ"

"စိတ်ချ အမြန်ဆုံးရောက်စေရမယ် ကဲ ဖေ့သားကြီးရေ"

အရှိန်နဲ့ ဆောင့်ထွက်လိုက်တော့ ဗိုက်ကိုလက်နဲ့ဖိထားရသည်။ ကျွှင်ကို ခပ်လျော့လျော့မှီရင်း အသက်ကို ခက်ခက်ရှူရသည်။

"ခင်ဗျား နေမကောင်းဘူးနဲ့ တူတယ်"

ဒရိုင်ဘာက လှမ်းကဲခတ်ကာ မေးတော့

"ဟုတ်တယ် ကျွန်တော်သိပ်နေမကောင်းချင်ဘူး"

"အေးပေါ့ဗျာ ပွဲကစီစဉ်ပြီးပြီဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ"

ဒရိုင်ဘာက ကျွန်တော်အရေးကြီးနေမှန်း သိတာကြောင့် မြန်မြန် မောင်းပေးခဲ့ပါတယ်။ ကဇာတ်ရုံရှေ့တံခါးကိုရောက်တော့ လူတောင် သိပ်မတွေ့ရတော့ ကျွန်တော်ကားတံခါးဖွင့်ဆင်းကာ ...

"ပိုက်ဆံ နောက်မှယူဗျာ"

"ဟာ ကျွန်တော် ခင်ဗျားအခက်အခဲကို ကူညီတာ သက်သက်ပါ"

ကျွန်တော် ဂိတ်တံခါးက လုံခြုံရေးမှူးဆီသွားမယ်အလုပ် ဝန်းအတွင်းက လုံခြုံရေးဂိတ် ဝန်ထမ်းတွေက . . .

"ကိုတေဇ လာ ကျွန်တော်တို့ တံခါးဖွင့်ပေးမယ်"

ကျွန်တော်လည်း ဂိတ်တံခါးဆီ ချိနဲ့ချိနဲ့နဲ့ ပြေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသင့်ဖွင့်ထားတဲ့ ဂိတ်တံခါးကနေ စတီတ်စင်နောက်ဘက် ဝင်ပေါက်ရှိရာကို ကျွန်တော်သွားသည်။ တံခါးက အတွင်းကနေ ပိတ်ထားတာကြောင့် တဒုန်းဒုန်းထု၍ . . .

"ဒုန်း...ဒုန်း...ဒုန်း"

"အထဲမှာ ဘယ်သူရှိလဲ တံခါးဖွင့်ပါ"

အငြိမ့်ပွဲက စနေပါပြီ။ သီချင်းသံတွေကို ကြားနေရသည်။ တော်တော် နဲ့ တံခါးလာမဖွင့် နောက်မှ တံခါးဂျက်ကျသံနှင့်အတူ ...

"ဟာ ကိုတေဇ"

မီးအဖွဲ့က ကိုဇေယျာက ကျွန်တော့်ကို တအံ့တသြနဲ့ ကြည့်သည်။ ကိုဇေယျာကို တွန်းဖယ်အထဲဝင်လာပြီး လှေကားအတိုင်း တက်လာခဲ့ပါတယ်။ အပေါ်ရောက်တော့ ကျွန်တော့်ကိုဘယ်သူမှ သတိမထားမိ သူတို့ဟာနဲ့သူတို့ အလုပ်ရှုပ်နေပါတယ်။ ရှေ့က လာနေသူအမျိုးသမီးက ကျွန်တော့်ကိုမမြင် လက်ထဲက စာရွက်တွေကို ငုံ့ဖတ်ကာ လျှောက်လာရင်း ကျွန်တော့်ကိုဝင်တိုက်သည်။

"ဆောရီး"

သူမက မော့မကြည့်ပဲ ပြောပေမယ့် ပိတ်ရပ်ထားတဲ့ ကျွန်တော့်ကြောင့် မော့ကြည့်သည်။

"ဟင် တေဇ"

လက်ဖဝါးနဲ့ ပါးစပ်ကိုကာကာ အံ့သြသင့်နေပုံရသည်။





"ငါ ဝင်တော့မယ် ဟန်နီ"

"တေဇ"

စိုးရိမ်မှုနဲ့ တားဆီးလိုက်သည့် သူမရဲ့အသံ။ ကျွန်တော့်ခြေလှမ်းတွေ တုံ့ခနဲ . . .

"သမီး"

ကျွန်တော်နဲ့ဟန်နီ အသံထွက်ပေါ်လာရာဆီ လှည့်ကြည့်တော့ ခပ်လှမ်းလှမ်းမှာ အဘသန်း . . .

"သူ့ လုပ်ချင်လုပ်ခွင့်ပေးလိုက်ပါကွယ် သွား မောင်တေဇ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါတယ်။

"တေဇ ဟိုမှာကြည့်စမ်း"

ဟန်နီ ညွှန်ပြရာကြည့်လိုက်တော့ ဇာတ်စင်အစပ်မှာ မာလာခိုင် ပြီးတော့ ရီရီစိုး။ ရီရီစိုးရဲ့ လက်ထဲမှာ ပွေ့ချီထားတာ ကလေးတစ်ယောက် . . .

"အဲဒီကလေးက နင့်ရဲ့သားလေ"

"ဟင် ဒါဆို မိုးမခ"

ဟန်နီက မျက်ရည်စက်လက်နဲ့ လှလှပပပြုံးလိုက်ပါသည်။

"နင် ဖြစ်စေချင်တဲ့ ဒီပွဲရဲ့မင်းသမီးဟာ မိုးမခကလွဲလို့ ဘယ်သူဖြစ်ဦးမှာလဲ"

ကျွန်တော် စင်မြင့်ထက်ကို လှည့်ထွက်မိစဉ် စုန်းခနဲ ပြုံးလဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"တေဇ"

ကျွန်တော့်ကို ဟန်နီက ပွေ့ယူသည် ဟန်နီအကူအညီနဲ့ တွဲလျှောက်သည်။ မာလာနဲ့ ရီရီစိုးက မငိုမိရန် ထိန်းသိမ်းထားရဟန်တူသည်။ သားလေးက ကျွန်တော့်ကို မျက်လုံးဝိုင်းလေးနဲ့ မော့ကြည့်ပါတယ်။

"သား"

ကျွန်တော်ရီရီစိုးလက်ထဲက သားလေးကို အဆက်မပြတ်နမ်းရှုံ့လိုက်ပါတယ်။ သားလေးက တွန့်ဆုတ်ဆုတ် . . .

"ကဲ ငါသွားမယ်"

မိုးမခရဲ့ အကနဲ့သီချင်းအပြီး ကျွန်တော်က အရှိန်နဲ့ ထွက်လာတဲ့ ဟန်နှင့် ပြက်လုံးထုတ်ဖို့ ကြိုတင်ပြင်ဆင်နေတဲ့ ဒီကောင်တွေကို ဝင်တိုက်တော့ ပရိသတ်က သဘောတွေကျကြသည်။

"တေဇ . . ဟေး.."

"တေဇ"

ပရိသတ်က ကျွန်တော့်ကိုမြင်တော့ ကျွန်တော့်ကို ဝမ်းသာအားရ အော်ဟစ်ကြသည်။ မိုးမြင့်က ကျွန်တော့်ကို ပြေးဖက်သည်။ တစ်ယောက်စီ ကျွန်တော် ဖက်တွယ်ကာ အားပေးသည်။ ဒီကောင်တွေရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ တွေ့နေရပေမယ့်





ပျော်ရွှင်ဝမ်းသာသွားမှန်း ကျွန်တော်သိသည်။

"တောင်ရှည်လဲဝတ်မလား"

"ဟင့်အင်း ရတယ်"

မင်းထွဋ်က ခေါင်းပေါင်းစကို လာပေါင်းပေးတော့ ပရိသတ်က ရယ်ပါ တော့တယ်။ ဟုတ်လည်း ဟုတ်ပါတယ် ဆေးရုံဝတ်စုံနဲ့ သူ့ပုံစံက ရယ်စရာ ဆေးရုံမှာဝတ်ရတဲ့ အဖြူရောင်အင်္ကျီ အဖြူရောင်ဘောင်းဘီနဲ့ ခေါင်းပေါင်းစ နီနီ . . .

"တေဇ"

ကျွန်တော့်နောက်ကို လှည့်ကြည့်တော့ မိုးမခ၊ မိုးမခနဲ့ ကျွန်တော် တစ်ယောက်ကို တစ်ယောက်ငေးကြည့်နေမိခဲ့တယ်။ နောက်မှ . . .

"တေဇ"

ရွှေမင်းသမီးဟာ ကလေးတစ်ယောက်လို ဟန်မဆောင်နိုင်စွာ ကျွန် တော့်ရင်ခွင်ထဲ ပြေးဝင်ခိုလှုံပါတယ်။ ပရိသတ်တွေက မတ်တပ်ရပ်ကာ လက်ခုပ်တီးပါတယ်။

"ရှုံးပေမယ့် ငါတို့နိုင်ပါတယ်"

ကျွန်တော့်စကားသံသံကို သူမကြားပါတယ်။ မပီမပြင်အပြုံးနဲ့ အသာခေါင်းညိတ်ပြတယ်။

"ကိုယ်တို့ပွဲကို အကောင်းဆုံး တင်ဆက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မိုးမခ နဖူးပြင်ကို အသာနမ်းပြီး ဟိုကောင်တွေ အလယ်ကို ဝင်လိုက်ပါတယ်။

"ကဲ မိတ်ဆက်နေလည်း သိပြီးသားပဲ"

"မလိုပါဘူးကွာ မင်းမျက်နှာခွေးချီသွားတာတောင် တေဇမှန်း သိနေတာပဲ"

"ဒီလိုပေါ့ကွာ ပညာရှိလာရင် ဒီလိုချီးမွမ်းခန်းဖွင့်မှာပဲ"

"ဟာ ဒီကောင် ကိုယ့်ကိုအမြင်ကပ်လို့ စောင်းပြောမှန်းမသိနဲ့"

ရဲသွေးက ပြောပြောဆိုဆိုနဲ့ ကျွန်တော့်ခေါင်းကို စက္ကူလိပ်နဲ့ လှမ်း ရိုက်ပါတယ်။ အခံရခက်အောင် နာကျင်သွားသော်လည်း ကျွန်တော်အပြုံးမပျက်ရှာ မိုးမြင့်က ကျွန်တော့်ကို စိုးရိမ်စိတ်နဲ့ လှမ်းကြည့်နေပါတယ်။

"ပွဲက မစရသေးဘူး မင်းသမီးက ခိုင်း၊ ဇာတ်ဆရာက ခိုင်းနဲ့ လူကို ဖတ်ဖတ်ကိုမောသွားတာပဲ"

"ဖတ်ဖတ်မောသွားတယ်ဆိုတော့ ဖတ်ဖတ်ကမင်းသမီးလား"

"မဟုတ်ဘူး နင့်ကြီးတော်ကြီး"

"ငါ့ ကြီးတော်ကြီးထဲမှာ ဖက်ဖက်မရှိဘူး အင်း ဂျောက်ဂျက် ဒေါ်ကြီး ဖြစ်လိမ့်မယ်"

ကျွန်တော်ဦးဆောင်ရာနောက်သို့ ဒီကောင်တွေက အလိုက် သင့်ပါလာခဲ့တယ်။





"မင်းက ခိုင်းတယ်ဆိုလို့ ငါတစ်ခုသတိရမိတယ် ရွှင်ပြုံး"

"လုပ်စမ်းပါဦး"

"ငါတို့ ပညာသင်လူရွှင်တော်ဘဝနဲ့ ကိုရွှေတို့ဆိုင်းနဲ့ လိုက်တုန်း ကလေကွာ"

"ပဲခူးနားကရွာကို ပြောတာလား"

"အေးလေ"

"ငါတို့ ဟိုကိုရောက်ရောက်ချင်း မင်းတို့အားလုံး ရွာသူကြီး အိမ်မှာ အနားယူနေတဲ့အချိန် ငါက ဘုန်းကြီးကျောင်းမှာ ရွာအခြေ အနေကို လေ့လာချင်တာနဲ့ ကပ္ပိယကြီးနဲ့အတူ စကားပြောဖြစ် တယ်။ ကပ္ပိယကြီးနဲ့ ခင်မင်လာတော့ နောက်တစ်နေ့ ဦးဇင်းကြီး ဆွမ်းခံထွက်တော့ ကျောင်းသားအဖြစ် ကပ္ပိယကြီးနဲ့အတူ လိုက် သွားတာပေါ့ ဆွမ်းခံထွက်လာရင်း တရွာလုံး ဘယ်သူမှမရှောင် ခိုင်းတတ်တဲ့ ဒေါ်ထွေးရီအိမ်ရှေ့လည်း ရောက်ရော ဆွမ်းတော်ဖို့ လို့ ကျယ်ကျယ် အော်လိုက်မိတယ်။ ငါလည်း ဒေါ်ထွေးရီဆိုတာကို မြင်ဖူးချင်တာနဲ့ ကြည့်နေတာပေါ့"

ခန္ဓာကိုယ်ထဲက နာကျင်မှုက ဘယ်လိုပဲ ဖုံးဖိထားပေမယ့် ချွေးသီးချွေးပေါက်တွေက မင်းထွန်းတို့ မြင်သာအောင် ထင်ဟပ် ပသနေပါသည်။ ရဲသွေးက ကျွန်တော့်ခါးကို ဖက်ကာထိန်းပေးသည်။ မိုးမြင့်က စကားဝင်ထောက်ပေးပေမယ့် ဒီကောင့်လေသံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ခြင်းတွေ ဝမ်းနည်းမှုတွေ အထင်အရှား။

"ဒေါ်ထွေးရီဆိုတာ ထွက်လာပါလေရောကွာ၊ ပုခုံးပေါ် ယောက်ခ်ီ တဘက်လေးတင် ဆွမ်းထမင်းနဲ့ ဆွမ်းဟင်းကို လက်နှစ်ဖက်နဲ့ ကိုင်လာတယ်။ ငါတို့က လမ်းမပေါ်မှာ ဦးဇင်းကြီးကလည်း လေးစား ကြည်ညိုစရာ ကောင်းတယ် သိက္ခာလည်းပြည့်ဝတယ်။ မျက်လွှာ ကိုချပြီး ဣန္ဒြေအပြည့်နဲ့ ရပ်နေတာပေါ့။ ဒေါ်ထွေးရီက ဆင်းလာပါ လေရော၊ ကြခက်ခြံစည်းပေါက်လည်း ရောက်ရော ဖြူန်းခနဲရပ်လိုက် ပြီး ဦးဇင်းကြီးရှေ့က မြေပြင်ကို ကြည့်ပြီး လှမ်းပြောလိုက်တယ်"

"ဘယ်လိုပြောလိုက်လဲ"

ချောင်းက တဟွတ်ဟွတ်ဆိုးရင်း အသက်ကို မနည်းရှူ လိုက်ရပါသည်။ နှုတ်ခမ်းကို ကျွန်တော်တစ်ချက် ကိုက်လိုက်ပါ သည်။ ရဲသွေးက ကျွန်တော့်နားကို ကပ်ကာ . .

"မင်း အနားယူသင့်ပြီ တေဇ"

ကျွန်တော် ခေါင်းခါပြလိုက်ပါတယ်။ ပြီးတော့ . . .

"အရှင်ဘုရား အရှင်ဘုရားတဲ့ မရှိမသေ အရှင်ဘုရားရှေ့က ခြင်းလုံးလေးကို တစ်ချက်လောက်ကန်ပြီး ခြံထဲသွင်းပေးစမ်းပါတဲ့"

ရယ်သံတွေကြားရပါသည်။ မင်းထွင့်က ခေါင်းပေါင်းစနဲ့ ကျွန်တော့်နဖူးက ချွေးတွေကို တို့ပေးသည်။ မိုးမခက စိုးရိမ်စိတ်နဲ့ ကျွန်တော်တို့ အလယ်ကိုဝင်လာပါတယ်။ သူမက ကျွန်တော့်ရဲ့





အခြေအနေကို ကောင်းကောင်းကြီး သိနေခဲ့ပါသည်။ စိမ့်ခနဲကျလာ တဲ့ မျက်ရည်တစ်စက်ကို သူမ ဖုံးကွယ်မထား ကျွန်တော်က သူမထံ ခေါင်းငုံ့ကာ ခပ်တိုးတိုး ပြောလိုက်တယ်။

"ငါဟာ ဒီနေ့အတွက်တော့ ပိုးဖလံတစ်ကောင်ပါ မိုးမခ ငါ့အစွမ်းကုန် ပျံပါရစေဦး"

မိုးမခက တစ်ချက်ငိုရှိုက်လိုက်ရင်း ခေါင်းညိတ်သည်။

"နင့်မျက်ရည်စက်တွေ ပရိသတ်မမြင်စေနဲ့"

"စိတ်ချပါ တေဇ"

သူမက ခေါင်းငုံ့ကာ ပုဝါစဖြင့် မသိမသာ မျက်ရည်ကိုတို့သည်။

"ကိုရွှေသွေး"

"နားဆင်နေပါတယ် မိုးမခ"

"ကိုရှင်ဖြိုး"

"ရှိပါ့ မိန်းကလေးရေ"

"ကိုဂျောက်ဂျက်"

"အဆင်သင့်ပါ မိန်းကလေးရေ"

"ကိုတေဇ"

"အနားမှာ အသင့်ရှိနေပါတယ်"

မိုးမခက မိုက်ခရိုဖုန်းနား မျက်နှာကိုရွှေ့ရင်း ဟန်ပါပါအသံနဲ့...

"လောကမှာ လူရှင်တော်နဲ့ ရွှေမင်းသမီးတို့ရဲ့ ဓာတ်လမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေ အများကြီးရှိခဲ့ပါတယ်”

“မှန်တာပေါ့ဗျာ”

“ကျွန်မဒီနေ့ ဒီစင်မြင့်ပေါ်မှာ သီချင်းတစ်ပုဒ်နဲ့ အကောင်းဆုံးဖြစ်အောင် ကပြမယ်။ ဒီသီချင်းဟာ ကျွန်မရဲ့ချစ်သူ လူရွှင်တော်လေးအတွက် ကျွန်မ ကပြမှာပါ”

ကျွန်တော် ဘယ်လိုမှ မဆိုနိုင်တော့တဲ့ သီချင်း . . .။

“ဒါပေမဲ့ ထူးခြားတာက ဒီသီချင်းကို ကျွန်မတို့ရဲ့ ဆိုင်းဆရာဆရာ ကိုရွှေနိုင်ပိုက သီဆိုပေးမှာပါ သီချင်းနာမည်လေးက သနပ်ခါးရနံ့တဲ့”

ပရိသတ်တွေ လက်ခုပ်တီးပေးခဲ့ပါတယ်။

ကျွန်တော် ကိုရွှေနိုင်ပိုကိုကြည့်တော့ ကိုရွှေက ကျွန်တော့်ကို အခက်ခဲဆုံး အပြုံးများနှင့် စင်အောက်က မော့ကြည့်သည်။ ပြီးတော့ ကျွန်တော် သူ့ကို ပေးထားတဲ့ ဂျိုကာရုပ်လေးနဲ့ မြန်မာလူရွှင်တော်ရုပ်လေးတွေရဲ့ လက်ကိုင်ကြိုးတွေကို ပူးချည်ပြီး ဆိုင်းဝိုင်းထိပ်မှာ ချိတ်သည်။ ပြီးတော့ ဂျိုကာ ခေါင်းပေါင်းကိုဆောင်းသည်။ ပါးစပ်နဲ့တည့်စေရန် မိုက်စရိုဖုန်းကို ချိန်သည်။

သီချင်းရဲ့ အဖွင့်တေးသွားက မြိုင်ဆိုင်မြည်ဟီးသလို ရင်လှိုက်ဖိုစရာလည်းကောင်းသည် ကိုရွှေက သီချင်းကို ရှာန်ဝင်ပြီးဆိုသည်။ ကျွန်တော့် ရဲ့ ရွှေမင်းသမီးလေးက မျက်ရည်စက်တွေ အပြုံးလက်





လက်တွေ ကကြိုးသွယ်သွယ်တွေ တပိုင်တနိုင် ဖြည်ချဖြန့်ပြသည်။

ဒီပွဲဟာ အငြိမ့်ကပွဲ ဖျော်ဖြေမှုလို့ သတ်မှတ်လို့ဖြစ်မလား။ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေပါတယ်။ အနုပညာကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်တွေပါတယ်။ ရင်ခုန်သံတွေ ပါခဲ့တယ်။

ရင်ထဲမှာ ဝေဒနာကို ကျော်နိုင်ခဲ့တာ အနုပညာတစ်ခုတည်းကြောင့်လား။ မျက်ရည်စက်တွေရဲ့ အသက်စွမ်းအင်နဲ့ ဒီပွဲက ဖြစ်ပေါ်လာတာလား။ ကျွန်တော် ကျေနပ်ပါတယ် ဒီပွဲရဲ့ ဝိညာဉ်နဲ့အတူ ပူးတွဲသတိ ရနေမှာပါ။

“ကောင်းလိုက်တဲ့ သီချင်းနဲ့ အကပဲဗျာ”

ဟိုကောင်တွေက စကားကောင်းနေစဉ်မှာ ကျွန်တော်အသာလစ် ထွက်လာခဲ့တယ်။ မိုးမခက သားကိုပွေ့ချီလာပြီး ကျွန်တော်တို့ဆီ စိုးရိမ်တကြီးနဲ့ ရောက်လာမါတယ်။

အပူသောကနဲ့ လှပနေတဲ့ ရွှေမင်းသမီး။ ဒီယနေ့ရဲ့ မျက်ရည်သီချင်းတွေ သူ့ဝိညာဉ်ကို ပူးကပ်ငြိတွယ်နေပါသည်။

မာလာနဲ့ ရီရီစိုးက စိုးရိမ်ပူပန်ဟန်အပြည့် မမသည် ဆရာဝန်တစ်ယောက်ဖြစ်နေပေမယ့် ပုဂ္ဂလိက ခံစားချက်တွေကို မျက်နှာပေါ်မှာ ထင်ဟပ်ပြသထားသည်။

“မိုးမခ”

သားကို နမ်းရှိုက်ရင်း ခေါ်မိတော့ သားက ကျွန်တော့်ကို ရှိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးရှန်းတမ်း စိုက်ကြည့်နေပါသည်။

"ငါ နောက်ဆုံးအချိန်ကို . . ."

"တေဇ"

"နင်"

အားလုံးရဲ့ တားမြစ်သံကို ကျွန်တော်က မောပန်း နေတဲ့ကြားက လက်ကာထားပြရင်း . . .

"ငါ နောက်ဆုံးအချိန်မှာ နင်တို့ရဲ့ မျက်ရည်တွေနဲ့ ခရီးမဆက်ချင်ဘူး ရင်ထဲက ပူဆွေးမှုတွေကို မေ့ပေးပါ။ ပရိသတ်တွေရဲ့ ရယ်သံနဲ့ ငါခရီးဆုံးအထိ သွားပါရစေ"

သွားကိုစေ့ပြီး မောပန်းမှုကို မသိအောင်ထိန်းပေမယ့် ထွက်သက်ဝင်သက်ကို အားလုံးက ကြားနေသည်။

"သူရဲကောင်းဟာ တိုက်ပွဲအလယ်မှာ ကျရှုံးခဲ့ရင် ဒါဂုဏ်ယူစရာပဲ"

ကျွန်တော် ခေတ္တနားသည်။ မျက်ဝန်းတစ်ချက်အမှိတ်မှာ မီးတောက်တွေနဲ့ နီးကပ်လာတဲ့ ပျံသန်းမှုလို့ ကျွန်တော် ယုံကြည်နေခဲ့တယ်။

"လူရွှင်တော်တစ်ယောက်ရဲ့ နောက်ဆုံးထွက်သက်ကို ပြက်လုံးထုတ်နေရင်း လှလှပပ အဆုံးသတ်ချင်တယ်။ မျက်ရည်တွေကိုသုတ်ပြီး ငါ့ကို ကူညီကြပါ"





နှုတ်ခမ်းကိုက် မျက်နှာလွှဲသူ ခေါင်းငုံ့ငိုရှိုက်သူ ကျွန်တော့်သားရဲ့ နဖူးကို အရင်နမ်းတယ်။ နောက် မိုးမခ. . .

"အခုအချိန်ကစပြီး ဇာတ်စင်ပေါ်ရောက်ရင် ကိုယ့်ကို ခေတ္တမေ့ထားပေးပါ"

ကျွန်တော် ဝတ်စုံအနက်ကြီးကို ကောက်စွပ်လိုက်သည်။ မျက်နှာပေါ်ကို ပေါင်ဒါအဖွေးသား ရိုက်လိုက်သည်။ ပြီးတော့ လက်တန်းပါ ကုလားထိုင်ကို ဒရွတ်တိုက်ဆွဲယူလာခဲ့တယ်။

ပရိသတ်က ကျွန်တော့်မျက်နှာမြင်တော့ တဟားဟား ရယ်ကြပါတယ်။ မိုးမြင့်က ကျွန်တော့်မျက်နှာကိုမြင်တော့ . . .

"မင်းကဘာလဲ"

ကျွန်တော်ကလည်း ခါးကိုင်းရင်း . . .

"ငါက သရဲ..သရဲတောင် ရိုးရိုးသရဲမဟုတ်ဘူး ဟိုးရှေးခေတ်ကတည်းက သရဲ"

"ဘယ်တိုင်းပြည်လဲ"

"ဘီယာနှစ်ဖာတိုင်းပြည်"

ကျွန်တော့်စကားကြောင့် မင်းထွဋ်က သူ့ပေါင်ကိုလက်ဝါးနဲ့ရိုက်ကျွန်တော့်ကို ဟန်လုပ်ရိုက်ဟန်ပြပြီး . . .

"မင်းကြီးတော် ဗာရာဏသီတိုင်းပြည်"

ကျွန်တော်အနီးမှာရှိနေတဲ့ မင်းထွဋ်ကို ဖက်တွယ် လိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သရဲ ခင်ဗျားက ဘယ်လိုကနေ ဘယ်လို ဇာတ်စင်ပေါ် ရောက်လာရတာလဲ"

"ဟ ငါ့က ဗာရာဏသီပြည်မှာ တစ်ခါခြောက်ပြီးကတည်းက သရက်ပင်အောက်မှာ အိပ်လိုက်တာ အဲ..အဲဒီတုန်းက ငါ့ခေါင်းပေါ် တည့်တည့်မှာ သရက်သီးနှစ်လုံးက ပြူးနေတာပဲ"

မိုးမြင့်မျက်နှာ တွန့်သွားပါသည်။

"အခုမှလာတာ ဝါး အိပ်ရေးတောင် မဝချင်သေးဘူး"

"အခု ခင်ဗျားက ဘာလာလုပ်တာလဲ"

ကျွန်တော်က တံတွေးကို ကြိတ်၍မျိုရပါသည်။

"ပထမ ကျွန်တော် ရေးခဲတာက နည်းစနစ်နဲ့ပဲ သရဲခြောက်ဖို့ ဒါပေမဲ့ အဲဝင်မှာမဟုတ်ဘူးဆိုတာနဲ့ နီးရာအိမ်တစ်အိမ်မှာ နည်းနည်း လေ့လာလိုက်တယ်"

"လေ့လာလိုက်တော့ လေးထောင့်မှန်ပုံးထဲမှာ ကျွန်တော် တို့အရွယ်လူတွေ လှုပ်ရှားနေတာ တွေ့တယ်။ အဲဒါဘာလဲ စကားတွေ လည်း ပြောတယ်"

"အဲဒါ တီဗွီလို့ခေါ်တယ်ဗျာ သရဲရဲ့"

ကျွန်တော်က မျက်နှာကို ကောင်းကင်ပေါ် ကြည့်ပြီး . . .

"ဩော် သိပါဘူး ဒါပေမဲ့ အဲဒီကောင်တွေက ကျွန်တော်တို့လို သရဲတွေပဲလား"





"ဘာဖြစ်လို့လဲ"

"ဆံပင်တွေက နီရဲနေတာဗျာ"

ကျွန်တော်က အူလည်လည်မေးတော့ . . .

"ဟာဗျာ သရဲကလဲ အဲဒါ ကိုရီးယားမင်းသားတွေ"

"ကို့ရီကားရား မင်းသား"

"ကိုရီးယားမင်းသား"

ကျွန်တော်က တိုးတိုးဆိုရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အဲဒီကားထဲမှာ နောက်ဆုံးဇာတ်သိမ်းရောက်ရင် ကင်ဆာ ရောဂါနဲ့ သေသေသွားကြတယ်။ ကင်ဆာဆိုတာ ကိုရီးယားရဲ့ ခေတ်ပေါ်ရောဂါလား"

"ဟာ သရဲကလည်းဗျာ လုပ်..လုပ် အခု ခင်ဗျားဖြစ်ချင်တာပြော"

မိုးမြင့်က စိတ်မရှည်ဟန်ပြောသည်။

"ကျွန်တော် ပြန်အိပ်ချင်တယ်"

"အိပ်ပေါ့"

"အိပ်ဖို့အတွက် သီချင်းဆိုပြီး ကပြမှဖြစ်မှာ"

"ဟာဗျာ ခင်ဗျား ဘယ်လိုသရဲလဲ"

"ဟာ အနုပညာသရဲဗျ ခင်ဗျားက ဘာမှတ်လို့လဲ"

မိုးမြင့်က စိတ်မချမ်းသာဟန် . . .

"ထားဗျာ ကျွန်တော် မင်းသမီးကို ခေါ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဟော့ နေဦး"

မိုးမြင့်က လှည့်ထွက်မည်လုပ်ပြီးမှ . . .

"ဘာလဲဗျာ"

ကျွန်တော်က လက်ညှိုးလေးတစ်ထောင်ထောင်နဲ့ . . .

"မှုန့်သာ သနပ်ခါးအလွမ်းဆိုခိုင်းနော်"

"စိတ်ချပါဗျာ"

"ဒါဆို ငါထိုင်ပြီးကြည့်မယ်။ ပြီးရင် ပြန်အိပ်မယ် ဂွတ်ဘိုင်"

ကျွန်တော် ခုနကျွန်တော်သယ်လာတဲ့ ခုံမှာပြန်ဝင်ထိုင်ပါသည်။ မိုးမခက စင်မြင့်အလယ်ကို လျှောက်လာရင်း ကျွန်တော့်ကို လှမ်းကြည့်ပါတယ်။ မျက်ရည်တွေမတွေ့ရတော့ ကျွန်တော်သူမကို ကြည့်ခဲ့တဲ့ အကြည့်ထဲမှာ နှုတ်ဆက်ခြင်းတွေပါလိမ့်မယ်။ သူမက လက်ခံ နားလည်ပုံရတယ်။

(ငါ တိုက်ပွဲအလယ်မှာ ကျရှုံးဖို့ အဆင်သင့်ပါ မိုးမခ) တိုးတိတ်တိတ် စကားသံကို မိုးမခကြားနေပါစေ။

ကျွန်တော့်ရှေ့မှာ ပရိသတ်ရှေ့မှာ သူမ ကပြခဲ့ပါသည်။ ကျွန်တော် မျက်လုံးတွေကို ပိတ်ဖို့မကြိုးစားချင်ပေမယ့် . . .

(ဝိညာဉ်တွေ အဖြစ်ရပ်တည်နေခွင့်ရမယ်ဆိုရင်တောင် ငါ မင်းတို့ ရယ်မောဖို့ ကြိုးစားပါဦးမယ်)

ဒိနိုင်းခ



BURMESE CLASSIC .com
www.burmeseclassic.com